
သိန်းဖေမြင့်
သပိတ်မှောက် ကျောင်းသား

# ၁၉၃၆ ခု သပိတ်မှော်ကြီးအကြောင်းစဉ်

## (၁)

လွန်လေပြီးသော အချိန်သည် ဖြစ်ပြီးသော အကြောင်းများ ကို မှတ်ယူ၍ ယခုအချိန်သည် စာမျက်နှာသစ်တွင် ဖြစ်ဆဲသော အကြောင်းကို မှန်မှန် ရေး ယူလျက်ရှိသည်။ သို့ အချိန်က မှတ်သား ထားသော အကြောင်းစဉ် (History) တွင် ဖြစ်ဖူး၊ ပျက်ဖူး၊ ကြုံလေ့ တွေ့လေ့များ ကို ညှိနှိုင်း၍ ပညာရှာဖွေရခြင်းသည် များ စွာ အကျိုး ဖြစ်ထွန်းနိုင်ပေ၏ ။ စင်စစ်ကား လူတို့၏ လုပ်မှု ကိုင်မှု ဆယ်ပုံပုံ ကိုးပုံကို သိရှာမှီးအပ်သော ပညာသည်ပင် လမ်းပြလျက်ရှိပေသည်။

၁၉၃၆ ခု နှစ် ဦးက မှော်ကြီးလိုက်သော ကျောင်းသားများ ၏ သပိတ်သည် အကြောင်းစဉ် (History) တွင် းသို့ ချင်းနင်းဝင်ဆိုက် သွားခဲ့ပြီ ဖြစ်ရကား၊ အကြောင်းစဉ်စာအုပ်ကြီး၏ စာမျက်နှာ များ ကို ပြန်လှန်ကာ ပညာရှာဖွေကြရလျှင် ဇော်အကျိုး းများ လေမည် ။ ကျွန်ုပ်တို့၏ ရှေ့တက်လမ်း တွင် လမ်းပြများ တွေ့နိုင်လိမ့်မည် ။ တို့ဗမာတို့၏ ရှေ့လုပ်ငန်းများ ကို ဤအသိပညာသည် ရှေ့ဆောင်နိုင်ပေမည် ။

ထိုမျှော်လင့်ချက်ကြောင့် ဤသပိတ်မှော်ကြီးအကြောင်းစဉ်နှင့် သပိတ်မှော် ကြီးကျောင်းသား ဝတ္ထုကို ရေး သားလိုက်ပေရာ။ အမှန်ကို ဘွင်းဘွင်းကြီး ရေး သဖြင့် တစ်စုံ တစ်ယောက် ကို ထိခိုက် သွားလျှင် သွားပါစေ။ ကျွန်ုပ်အား အပြစ်လွှတ်ပါဟု ကျွန်ကား မတောင်းပန်။

## (၂)

တောင်းပန်နေလျှင် အမှန်သည် အချိန်ပေါ့သွားချေမည် ။

" . . . ၁၉၃၀-၃၁ ခုနှစ် ၊ နောက်တစ်ကြိမ် ၁၉၃၄-၃၅ ခုတွင် ယူနီဘာစီတီ၌ တော် တော် ပင် လှုပ်လှုပ်ရှားရှား ဖြစ်လိုက်လေသည်။ သို့ သော် သပိတ်မှော်ကြီးရန်ကား

လေးလေးစားစား တစ်ခါမျှမစီမံဖူးပေ" (ဘုရင်ခံခန့်သော စုံစမ်းရေး ကော်မတီသို့ ဘွို င်ကောက်တားကောင်စီမှ သွင်းလိုက် သော ရှင်းတမ်းမှယူသည်။)

"သမဂ္ဂအသင်းတိုက်ရှေ့၌ ဘတ်စ်ကားများ ထားရှိခြင်းကြောင့် အချို့ က မသင်္ကာရှိကြ သည်။ သူတို့ သင်္ကာကင်းအောင် ရှင်းဦးမည် ။ ဤဘတ်စ်ကား ၂၀ မှာ အချို ့သော ကျောင်းသားတို့ သဘောအတိုင်း ကျောင်းသားများ မြို့ လှည့်၍ သူတို့ ကန့်ကွက်ပုံပြရန် ခေါ်ထားခြင်းသာ ဖြစ်သည်" စသည်ဖြင့် သပိတ်မှော က်ရန် မကြံရွယ်ခဲ့ကြောင်းများ ကို ရှင်းလင်းပြကြလေသည်။

ဘွိုင်ကောက်တားကောင်စီကို ကြီးစိုးသူတို့ အယူအဆမှ ဘယ်လိုဘယ်ပုံကြောင့် ဤသို့ မမှန်သော ဆင်ခြေများ ကို ပေးနေသည်ဟု မသိရသော် လည်း အမှန်ကို ဖော်ပြလိုက်က ကျောင်းသားများ ၏ နစ်နာချက် တောင်းဆိုချက်များ သည် ပိုမိုလေးနည်းမည် ထင်ရှားမည် ဟု ကျွန်ုပ် သဘောပေါက်လျက်ရှိသည်။

၁၉၃၀-၃၁ လောက်က ဆူဆူပူပူ ဖြစ်ဖူးရာ ကျွန်ုပ်တို့ ကောလိပ်သို့ မရောက်သေးသော် လည်း ထိုစဉ်က ခေါင်းဆောင်တစ်ဦး ဖြစ်သူ သခင်ဘစိန်ထံမှ သိရသလောက်မှာ သပိတ်မှော က်ရန် လုံးပန်းမှု ထိုစဉ်က ရှိခဲ့သည်။ အကြံအထမမြောက်ခဲ့ပေ။ မစ္စတာရာရှစ်ကို လိုက်ရန် ခေါ်၍ မရဟု သိရသည်။

၁၉၃၄-၃၅ ခုနှစ် မှာ ကား ကျွန်ုပ်သည် ယူနီဘာစီတီကောလိပ်တွင် ဘီ-အေ အထက်တန်း၌ သင်လျက်ရှိရာ၊ ကိုယ်ထိလက်ရောက် ပါဝင်သဖြင့် တတ်အပ်သိသည်။ ၁၉၃၄ ခု ဒီဇင်ဘာလတွင် စဆူကြသည်။ သမဂ္ဂအသင်းတိုက်ပေါ်၌ လည်းကောင်း၊ ဘုရားကုန်းတော် ပေါ်၌ လည်းကောင်း ကျွန်ုပ်တို့လူတစ်စုသည် သပိတ်မှော က်ဖို့ ဆုံးဖြတ်ကြသည်။ ကိုနု၊ ကိုအောင်ဆန်း၊ ကိုထွန်းအုံ၊ ကိုလှဖေ၊ ကိုသီဟန် စသော ကျောင်းသားများ နှင့် အချို့ ယခုထက်တိုင် ယူနီဘာစီတီနှင့် ဆက်စပ် လျက်ရှိသေးသော ကျောင်းသားများ ပါရှိသည်။ ထိုစဉ်က သပိတ်မှော က်ရန် ဆုံးဖြတ်သည်။ သပိတ်မှော က်လျှင် သုမေဓာထုံးမျိုး အားလျားမှော က်၍ တောင်းပန်နည်းမျိုးလုပ်ဖို့ တိုင်ပင်ကြသည်။ ကိုနုကို ကျွန်ုပ်က ဘီအေဘွဲ့ ပြန်အပ်ဖို့ တောင်းပန်ရာ တိုင်းပြည်အတွက် စွန့်ရာတွင် နောက်ဆံမတင်းသော ကိုနုက

ပြန်အပ်ဖို့ ကတိထားသည်။ ကိုအုန်း (ယခုအခါ ဘီလပ်၌ ပညာ တော် သင်နေသူ) အား ကျွန်ုပ် သွားခေါ်ရာ မလိုက်ဘဲနေလေသည်။ နယ်မှာ ဆူရန် ကျွန်ုပ်အား အညာသို့ လွှတ်၍ ဆန်ခဲ့ရသည်။ သို့ သော် ထိုစဉ်အခါက သမဂ္ဂဥက္ကဋ္ဌ ဦးဘိုးအေး၏ စီမံဆောင်ရွက် ပုံမကောင်းသဖြင့် သပိတ်မှော က်ဖို့ အစီအမံ ပျက်ခဲ့ရလေသည်။

၁၉၃၆ ခုတွင် ကား ကျွန်ုပ် ကျောင်းထွက်လျက်နေလေပြီ။ သို့ သော် ကျောင်းသားရဲဘော် များ နှင့် ကား အဆက်မပြတ်။ သို့ ကြောင့် ရဲဘော်ကိုထွန်းအုံးနှင့် ကိုလှဖေတို့သည် တစ်နေ့ နေ့လယ်တွင် အမောတကြီးရောက်လာ၍ သပိတ်မှော က်မည် အကြောင်း တိုင်ပင်ကြသည်။ ပြင်ဘက်သို့ ရောက်က နေဖို့ ထိုင်ဖို့ ဆွေးနွေးကြသည်။ ကျွန်ုပ်ကား "လူ တစ်ရာ့ငါးဆယ်ပါလာရင် မှော က်သာမှော က်ခဲ့ကြဗျို့ ၊ ပြင်ဘက်ကြ တုံးတိုက်တိုက် တိုင်တိုက်တိုက်၊ စားဖို့သောက်ဖို့ မပူနဲ့" ဟု အားပေးကာ သူတို့ ခိုင်းသမျှကို လုပ်သည်။ ၁၉၃၄-ခုနှစ် က ကျွန်ုပ်ရေး ၍ ပုံနှိပ်ထားသော "နတ်အိုးကွဲ" ဆိုသော စာတမ်းကို ထိုနှစ် က သပိတ်မမှော က် ဖြစ်သော ကြောင့် ၊ လိုသုံးလိုမယ် ရအောင် သိမ်းထားရာ ဝေဖို့ စိုင်းပြင်းကြသည်။ သပိတ်မှော က်ရာတွင် အဆင်သင့်ဆွဲရန် ကြွေးကြော်သံ (Slogan) ပိုစတာများ ဖြစ်ကြသည်။ ဘတ်စ်ကားများ ကို သပိတ်မှော က် ကျောင်းသားများ ယူဆောင်ရန် ငှားသည်။ သမဂ္ဂအသင်းတိုက်ရှေ့သို့ ယူဆောင်လာသူမှာ ကျွန်ုပ်ပင် ဖြစ်၍ သပိတ်မှော က်ကျောင်းသားများ ကို ယူဆောင်ဖို့ ချွဲရှိသည်။ (ထိုစဉ်က ဘွိုင်ကောက် တားကောင်စီ ကြီးစိုးသူများ မသိသော် လည်း စီအိုင်ဒီများ က စောင့်နေကြသဖြင့် သိကြသည်။) သို့ လျှင် ဖူလုံနိုင်သမျှဖူလုံအောင် ကြံစည်ခြင်းရှိကြလေသည်။

ကျောင်းသားအများ သည်လည်း သပိတ်မှော က်လိမ့်မည် ဟု သိကြသည်။ အမှတ်ရသေးသည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ညတွင် ကျွန်ုပ်၏ သူငယ်ချင်းနှစ် ယောက် သမဂ္ဂအသင်းတိုက် တွင် ငိုကြသည်။ သူတို့ကား နှစ် ယောက် လုံး လူတော် ချည်း ဖြစ်ကြ၏ ။ အလုပ်လုပ်လျှင် ရာထူးကြီး ရမည် ဖြစ်၏ ။ ( တစ်ယောက် ကား အိုင်-စီ-အက် ရသွားပြီ။) မိဘများ မှာ လည်း ဆင်းရဲသဖြင့် သူတို့ လုပ်ကျွေးရမည် ဖြစ်၏ ။ သို့ သော် သူတို့ကား စင်ကြယ်သော စိတ်ဖြင့် အမျိုးကို ချစ်၏ ။ နောက်နေ့ သပိတ်မှော က်တော့မည် ဖြစ်ရာ

မလိုက်ဘဲနေရမည် ကိုလည်း သူတို့ မခံနိုင်။ စွန့်ရမည် ကလည်း အခက်။ အသို့ လုပ်ရမည် နည်းဟု အကြံယူကြ၏ ။ ကြံရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလေသည်။ နောက် "မှော က်မယ်" ဟု ဆုံးဖြတ်၍ ၊ မှော က်ရုံမျှမက မားမားမတ်မတ် ရှေ့ဆောင်ကြသည်။

များ စွာ သော ကျောင်းသားများ မှာ လည်း သပိတ်မှော က်ခြင်းကို အလိုရှိကြ၏ ။ အမှန်မှာ ကျောင်းသားအများ က ကိုနု ကျောင်းထုတ်လျှင် ဆူပူဖို့ အစည်းအဝေးခေါ်ရန် တိုက်တွန်းခြင်း၊ သပိတ်မှော က်ရန် အကြံပေးကြခြင်းကို အထပ်ထပ်လုပ်နေသဖြင့် ကိုနုတို့ စဆူပူခြင်း ဖြစ်လေ သည်။

ကျောင်းသူများ သပိတ်မှော က် လိုက်လာခြင်းမှာ သာလွန်အံ့ဩဖွယ်ရာ ဖြစ်သည်။ သူတို့ သည် အစည်းအဝေးသို့ မလာနိုင်။ အစည်းအဝေးက သပိတ်မှော က်ဖို့ ဆုံးဖြတ်ပြီးဆဲ ကျောင်းသူ ရှစ်ယောက် လမ်းလျှောက်လာကြသည်။ ကျွန်ုပ်အား သွားခေါ်ဖို့ ပြောသော ကြောင့် သူတို့ထံ ပြေးသွားလေရာ "ကိုသိန်းဖေ ဘာတွေ ဆုံးဖြတ်ပြီးပြီလဲ" ဟု မေးခွန်းနှင့် နှုတ်ဆက်ကြလေသည်။ "ကဲ သပိတ်မှော က်ပြီးပြီ၊ လိုက်ခဲ့ကြပေတော့" ဟု ကျွန်ုပ်က ခေါ်၏ ။ "ဟာ မမသန်းကို လမ်းလျှောက်လို့ပြောပြီး ထွက်လာတာ (ရဲဒီ) အသင့်လဲ မ ဖြစ်သေးဘူး" ဟု အချို့က ဖြေကြ သည်။ ထိုတွင် မိတ်ဆွေ တစ်ယောက် ကို "ကဲ . . . ကောလိုက်မလား" ဟု မေးရာ "လိုက်မယ်လေ အခုလိုက်တာပေါ့" ဟု ထိုယုဝတီ မိတ်ဆွေက ဖြေလေသည်။ (ရဲဒီ) မှ မ ဖြစ်သေးဘဲ နေပါဦးကွယ်" ဟု အများ က ဝိုင်းပြောရာ "ကိုသိန်းဖေ ဒါဖြင့် မနက်ဖြန်ခါလာခေါ်လှဲ့" ဟု သူဆိုပြန်သည်။ "ဟာ အခုပဲ လိုက်ကြပါ" ဟု ပြောပြီး ဇွတ် ဘတ်စ်ကားတစ်စီးကို ခေါ်လိုက်၍ အခြားသူများ လည်း လိုက်လာ၍ "လိုက်ကြပါ၊ လိုက်ကြပါ" ဟု အော်လေသည်။ သူတို့အားလုံး ဘတ်စ်ကားပေါ် ရောက်ကြသည်။

အခြားဘတ်စ်ကားတစ်စီးနှင့် အင်းယားဆောင်တွင် းဝင်၍ "သပိတ်မှော က်ပြီဟေ့၊ လာကြ ဟေ့" စသည်ဖြင့် ညိုမြ-သရဲ စသော ရဲဘော်များ အော်ကြရာ မိန်းကလေးနှစ် ဆယ်ကျော် လိုက်ပါ လာကြပြန်လေသည်။ သို့ လွယ်လင့်တကူ စိတ်ပါလက်ပါ လိုက်သည်ကို အချို့က ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေများ ခေါ်၍ လိုက်သည်ဟု ဆိုကြ၏ ။ ဤကား နားလုံးဝမလည်၍ ဆိုချက် ပင်။ ဥပမာ ခေါင်းဆောင်မမကြီးက ကိုနုထံ

အစည်းအဝေးအကြောင်းနှင့် စာရေး လိုက်ရာ "သူ့ဆီ တော့ သိန်းနေနွယ် (ကျွန်ုပ်ကို) ကို လွှတ်ပါ။ သိန်းနေနွယ် (ဩဇာ) ရှိတယ်" ဟု ပြောသဖြင့် ကျွန်ုပ်သွားရာ ထိုကျောင်းသူကား အတွေ့ပင်မခံချေ။ သူနှင့် ကျွန်ုပ်ကား မောင်နှင့် နှမအရင်းကဲ့သို့ ခင်မင်ဆက်ဆံလာခဲ့ကြသော လည်း ဤသပိတ်မှော က်မှု ၌ မလိုက်ခြင်းကိုထောက်သဖြင့် ပုဂ္ဂိုလ်စွဲ မဟုတ်ကြောင်း ထင်ရှားသည်။ အချို့ကား သမီးရည်းစားဘဝ၌ ပင် သပိတ်ကိုစွ သဘောကွဲလွဲမှု ကြောင့် ကွဲလွဲကြသည်ဟု ကြားရသည်။

သို့ ကလို အများ ခေါ်အားဖြင့် အယူသည်းသူ၊ ကျွန်ုပ်အခေါ်အားဖြင့် ရှေ့ရေး ကိုတွေ းပြီး သိတတ်သူ၊ လူနည်းစုတစ်စုသည် အကြိမ်ကြိမ် သပိတ်မှော က်ရန် လှုံ့ဆော်ကြံစည်ကြသည်မှာ အဘယ့်ကြောင့် နည်း။ မအော်ရ မနေနိုင်သည့် ပုစဉ်းရင်ကွဲလို ဆူချင်ပူချင်သည့် ဝသီကြောင့် ဆူပူ လှုံ့ဆော်သလော။ ဘာကြောင့် ကျောင်းသားအများ သည် သပိတ်မှော က်ဖို့ တိုက်တွန်းသလဲ။ ဘာကြောင့် တစ်ရာတွင် ကျောင်းသား ခုနစ် ဆယ်လောက် သပိတ်မှော က်ရာသို့ စိတ်ရောမာန်ပါ လိုက်လာသလဲ။ ဘာကြောင့် မိန်းကလေးများ သည် အစည်းအဝေး၌ သပိတ်မှော က်ရန် တိုက်တွန်း သော အဆိုရှင်များ ၏ စကား မကြားရဘဲလျက် လွယ်လင့်တကူ သပိတ်မှော က်ရာ လိုက်ကြသလဲ။ ဘာကြောင့် သပိတ်စိတ်သည် ညီညီညာညာ ပြင်းထန်ရသလဲ။

အကြောင်းကား ရှိရမည် ။ နက်နဲသော အကြောင်း၊ ယုတ္တိယုတ္တာရှိသော အကြောင်း၊ ရဲရဲဝံ့ဝံ့ စွန့်စားစေသော အကြောင်း၊ မွန်မြတ်သည့်အကြောင်း။

(၃)

ကျောင်းသားများ သပိတ်မှော က်ရခြင်း၏ အကြောင်းရင်းမှာ စင်စစ်ကား တစ်ခုသာလျှင်ရှိသည်။ တစ်ခုတည်းသော အကြောင်းသည်သာ အသွင်အမျိုးမျိုး ဆောင်လျက် ဖြစ်ပေါ်လာခဲ့လေသည်

ထိုတစ်ခုတည်းသော အကြောင်းမှာ ကျွန်ုပ်တို့အား တိုင်းရေး ပြည်ရေး ဖြင့် ချု ပ်ချယ်လျက် ကျွန်ုပ်တို့ စီးပွားရေး ကြီးပွားရေး တွင် အညွှန့်ခူးနေသော ဗြိတိသျှ

အင်ပီရီရယ်လစ်တို့သည် ကျွန်ုပ် တို့အား ကျွန်အ ဖြစ်ဖြင့် ရှည်ကြာစွာ ထားလို၏ ။ ကျွန်ုပ်တို့ ကျောင်းသားတစ်စုသည် အတန်ငယ် နိုးကြားလာသည်နှင့် တစ်ပြိုင်နက် ကိုယ့်စီးပွားရေး ကြီးပွားရေး ကို ကိုယ်ကြိုက်သလို ဒြယ်လှယ်စီမံ နိုင်ရန် တိုင်းရေး ပြည်ရေး တွင် လွတ်လပ်ခွင့် လိုကြသည်။ ကျွန်အ ဖြစ်မှ လွတ်မြောက်၍ သခင် ဖြစ်ချင်ကြသည်။ ထိုသို့ ကန့်လန့်တကျင် ဆန့်ကျင်လျက်ရသော လိုလားချက်နှစ် ခု ထိမှု ခိုက်မှု ရန် ဖြစ်မှု မှ သပိတ်မှောက်ခြင်း ဖြစ်ပေါ်လာခဲ့လေသည်။

ကောင်းသော ပညာကို ရက်ရောစွာ ပေးသည်နှင့် တစ်ပြိုင်နက် တိုင်းပြည်နိုးကြား ကြီးပွား မည် ။ ကြီးပွား နိုးကြားသည်နှင့် တစ်ပြိုင်နက် အင်ပီရီရယ်လစ်တို့ကို တော် လှန်ပုန်ကန်မည် ဟု ကောင်းစွာ တွက်မိပြီး ဖြစ်သော ဗြိတိသျှ အင်ပီရီရယ်လစ်တို့သည် မကောင်းသော ပညာကို ဝန်တို ငြူစူစွာ နှင့် ကျွန်ုပ်တို့အား သင်ပေးကြသည်။ ပညာရေး တွင် သူတို့ချည်း ချုပ်ချယ်၍ သူတို့၏ အကျိုး သာ ပြီးနိုင်စေရန် စီမံခန့်ခွဲရန် ပညာရေး စနစ်များ ကို ဖန်တီးစီမံကြလေသည်။

ယူနီဘာစီတီပညာရေး စနစ်ကို သူတို့အကျိုးကိုသာငဲ့၍ တိုင်းသူပြည်သားအား နင်းပြား ဘဝက မတက်စေအောင် သူတို့ဖန်တီးလိုက်ကြသည်။ ယူနီဘာစီတီကို အုပ်ချုပ်ပြုပြင်လျက်ရှိ သော ယူနီဘာစီတီကောင်စီတွင် ဗြိတိသျှလူမျိုးများ စွာ နှင့် အလိုတော် ရိ အစိုးရအရာရှိဗမာများ စွာ ပါရှိအောင် ဥပဒေ လုပ်ထားလေသည်။ ယူနီဘာစီတီတွင် ပညာသင်ကြားရေး စနစ်ကို ခန့်ခွဲရသော ဆီးနိပ်၌ အင်ပီရီရယ်လစ်ကိုယ်စားလှယ်များ သာ ကြီးစိုးရအောင် ယူနီဘာစီတီအက်က ရေး ထား လေသည်။ သို့ ကြောင့် ကောင်စီနှင့် ဆီးနိပ်တွင် တိုင်းပြည်တိုးတက်စေ၊ လွတ်လပ်စေသော အကြံဉာဏ်နှင့် လုပ်ငန်းအစီအစဉ်များ မတိုးနိုင်ဘဲရှိလေ၏ ။

ကောလိပ်တို့၌ ကြီးစိုးကြသော မျက်နှာဖြူဆရာတို့သည် ညံ့ချာသော ပညာရေး ကို ပေးရုံဖြင့် မတင်းတိမ်သေးဘဲ ညံ့ချာသော ပညာကို သင်ယူနေရှာသူ ကျောင်းသားများ ၏ ကိုယ်တွင် းသို့ ကျွန်စိတ်ဟူသော ရောဂါ ဆိုးတစ်မျိုးကို သွင်းနိုင်သမျှ သွင်းကြလေသည်။ သူတို့ကို ဆလံပေးမှ ကြိုက်သည်။ သူတို့ကို ဆား (Sir) ဟု ထည့်ပြောမှ နာလိုသည်။

သူတို့အမိန့်ကို အာဏာပိုင်အမိန့်လို လိုက်နာမှ နှစ်သက် သည်။ ဆင်ခြေတက်လျှင် မျက်နှာမသာ။ တပည့်များ ကို ဆရာ့ဝတ်နှင့် ညီညွတ် စွာ မစောင့်ရှောက်ဘဲ လက်ပါးစေများ အား သခင်ဆိုး ပြောဆိုပြုမူသလို ပြောဆိုပြုမူကြသည်။

သူတို့သည် အမျိုးသားကို ချစ်သူများ အား အမြဲ ငြူစူသည်။ အမျိုးသားများ အတွက် လုပ်ကိုင်ပြောဆိုသူများ ကို အမြဲ နှိပ်ကွပ်သည်။ သူတို့သွင်းနေသော ကျွန်စိတ် ရောဂါဆိုးကို ကာကွယ်ကန့်ကွက်သော ကျောင်းသားခေါင်းဆောင်များ ကို ကျောင်းတွင် မထား။ လွတ်လွတ် လပ်လပ် ပြောရဲဆိုရဲသော ကျောင်းသားများ ကို ကျောင်းမှ နှင်ထုတ်သည်။

သည်ကား သူတို့၏ ဝါဒပင် ဖြစ်သည်။ သည်ဝါဒသည် သူတို့ လုပ်ငန်းဟူသမျှတွင် ဖြန်းလျက်ရှိသည်။ သည်ဝါဒသည်ပင် သူတို့အား လမ်းပြနေလေသည်။ အထက်ပါ လူတစ်စုသည် အသွင်အမျိုးမျိုးဆောင်တတ်သော ဤဝါဒကို ရှင်းရှင်းကြီး မြင်ကြသည်။ ဤဝါဒမျိုး လွှမ်းနေသမျှ ဆူမှု ပူမှု သပိတ်မှော က်မှု များ ရှိနေမည် သာ။

(၄)

အင်ပီရီရယ်လစ်ဝါဒ လွှမ်းမိုးနေသော ယူနီဘာစီတီတစ်ခို၌ ဆူချင်ပူချင်စိတ် သပိတ်စိတ်သည် အခိုးတလူလူနှင့် အူလျက်ရှိနေလေသည်။ မီးတစ်ချက် လေတစ်မှု တ် အကြောင်းကလေးများ သာ လိုသည်။ မီးတစ်စချမည့် သူ၊ လေတစ်ခါမှု တ်မည့် သူသာ လိုသည် (ဝါ) ကျောင်းသားအများ ထင်ရှားစွာ မြင်နိုင်သော အကြောင်းတစ်ခုနှင့် ခေါင်းဆောင် တစ်ယောက် သာ လိုသည်။

၁၉၃၆ ခုတွင် တရားလွှတ် ကျောင်းထုတ်ခြင်း အနံ့အပြား ပေါ်လာလေသည်။ အဆူအပူ၌ ကျွမ်း၍ ဆူရဲပူရဲသော ကိုနု သမဂ္ဂအသင်းဥက္ကဋ္ဌ ဖြစ်လာလေသည်။ ကိုနုမှာ အပြောအဟော ကောင်းသော ကြောင့် (ဝါ) အဆူအပူကျွမ်းသော ကြောင့် ကျောင်းသားအများ က သဘောကျကြ သည်။ အသက်ကြီး၍ သမာဓိရှိသော ကြောင့် တစ်ဖက်သားများ က ရှိသေကြသည်။ ရိုးသား၍ အမျိုးကို နှစ် နှစ် ကာကာ ချစ်သော ကြောင့် ကျွန်ပ်တို့လက်ဝဲဂိုဏ်းသား ကျွန်ပညာကို ရှု့ရန် မီးတုတ် ကိုင်သမားတစ်စုက

ခေါင်းဆောင်တင်မြှောက်ကြသည်။ ၁၉၃၅-၃၆ မှာ ယူနီဘာစီတီရပ်ကွက်မှာ အဆူဆုံး အပူဆုံး ဖြစ်လေသည်။ ဤဆူမှု ပူမှု များ သည် ၁၉၃၆ ခု ဖေဖော်ဝါရီလ ၂၅ ရက်နေ့ သပိတ်မှောက်ခြင်း၌ ဆုံးတော့သည်။

(၅)

သပိတ်မှောက်သော အခါ ရိုးရိုးအရည်အချင်းရှိသော ကျောင်းများ သာမက များစွာ သော ပညာ ဘက်၌ ထူးချွန်သူကျောင်းသားများ လည်း ပါဝင်ကြလေသည်။ "အဖေ ကျွန်တော် တစ်သက်လုံး ဘယ်တော့ကမှ အဖေ့စကား မပယ်ခဲ့ပါ၊ သို့သော် ယခုအခါဖြင့် ပယ်ရပါလိမ့်မည် " ဟူသော သားမျိုး။ စာမေးပွဲအောင်၍ အလုပ်လုပ်ကာ အဖေ အမေ ကျွေးမည် ဟု ခဲထားသော သားမျိုး။ စာမေးပွဲအောင်လျှင် ချစ်သူနှင့် ညားတော့မည့် လုလင်ပျို များ စွာ ပါဝင်ကြလေသည်။

သပိတ်မှောက်ကျောင်းသားတို့သည် တစ်သက်တွင် ဘယ်တုန်းကမျှနှင့် မတူအောင် အဆင်းရဲခံကြသည်။ ကြမ်းတမ်းသော ဇရပ်ကြမ်းပြင်တွင် ၊ ဘုရားဖူးများ ထိုင်သော ထိုင်ခုံတွင် ၊ ပန်းသည်များ ၏ ခုံတန်းလျားတို့တွင် အခင်းချို့တဲ့စွာ နှင့် အိပ်ကြရသည်။ စိမ်းဆတ်ဆတ်ထမင်း၊ တပင်တိုင်ဟင်းတို့နှင့် ရောင့်ရဲနှစ် ခြို က်ကြရလေသည်။ သပိတ်မှောက်သူများ ကို ဆွဲရာ၌ နေပူ ကျဲကျဲတွင် ကတ္တရာစေးလမ်းပေါ်၌ မှောက်၍ လှဲကြလေသည်။ ဗမာလူမျိုးသည် ဝှံသည်၊ ဝါသည်၊ အဝတ်အစား လော်လီသည်ဟု ဆိုကြ၏ ။ အကဲဆုံးကား ကောလိပ်ကျောင်းသားတွေ ဖြစ်၏ ။ သို့သော် သပိတ်မှောက်စဉ် ဝှံခြင်း၊ ဝါခြင်း လော်လီခြင်းတို့သည် ကွယ်ပျောက်၍ သွားကြလေ သည်။ ဗမာတို့သည် စည်းကမ်းမသေဝပ်ဟု ကဲ့ရဲ့ကြသည်။ ထိုအကဲ့ရဲ့ ထိုအဆိုကို သပိတ်မှောက် စဉ်က ကျောင်းသားများ က ချေပကန့်ကွက်လိုက်လေသည်။

သို့သော် ဗမာတို့သည် ကောက်ရိုးမီးနှင့် တူသည်ဟူသော အဆိုကို သပိတ်မှောက် ကျောင်းသားတို့သည် မှန်ကန်ကြောင်း ထပ်မံသက်သေပေးပြန်လေသည်။ သူတို့သည် "တောင်းသမျှမရ မပြန်ပါဘူး" ဟူသော ကတိကို မေ့လိုက်ကြသည်။ "စုံစမ်းရေး ကော်မတီ၏

အစီရင်ခံစာ ကျေနပ်ဖွယ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို မေ့လိုက်ကြသည်။ သူတို့ ဘယ်မျှ မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် သပိတ်မှောက်လာကြသည်ကို မေ့လိုက်ကြသည်။ ကိုယ်ကျိုးစွန့်ခဲ့သည်၊ လိုလားချက်ရရန် ဆင်းရဲဒုက္ခခံခဲ့သည်များ ကို မေ့လိုက်ကြသည်။

၁၉၃၆ မေလ ၁၀ ရက်နေ့၌ သပိတ်လှန်လိုက်ကြသည်။

*

# (၆)

ဘာ့ကြောင့် ကောက်ရိုးမီးထက် အသက်တိုသော သမ်တလင်းပေါ် အရက်ပြန်လောင်း၍ ရှို့ သော မီးမျိုး ဖြစ်ရသလဲ။ ဘာ့ကြောင့် သပိတ်အရေး ရှုံး ရသလဲ။

ကိုနု၊ ကိုအုန်း၊ မစ္စတာရာရှစ် စသော ခေါင်းဆောင်တစ်စုက နောက်လိုက်ညံ့သည်ဟု ဆိုကြသည်။ မိဘတွေ က အားမပေးဘဲ ဖျက်သည်ဟု ဆိုကြသည်။ လူကြီးများ နှင့် အချို့သူများ က ယူနီဘာစီတီနှင့် ကောလိပ်အရာရှိတို့သည် စိတ်ပြောင်းကြပါပြီဟု ပြောကြရာ၊ စိတ်ပြောင်း၊ မပြောင်း စမ်းသပ်ရန် သပိတ်ကို လှန်ပါသည်ဟုလည်းကောင်း၊ ဤသို့ ဆုံးဖြတ်ရသည်မှာ သပိတ် မှော က်ကျောင်းသားများ သည် တိုင်းပြည်တွင် ဆူပူအောင် ထွက်ခဲ့သော လူရှုပ်လူပွေမျှသာ ဟုတ်ကြောင်း၊ တိုင်းပြည်ကို တင်ပြရန်ဟု မိမိတို့ကိုယ်ကို လူရှုပ် လူပွေဟု မှာ းယွင်းစွာ ဝန်ခံထား သော မေလ ၁၁ ရက်နေ့ထုတ် ဘွိုင်ကောက်တားကောင်စီပြန်တမ်းတွင် ပါရှိလေသည်။

ဗမာပြည်လောက် နောက်လိုက်ကောင်းသော တိုင်းပြည် မရှိသလောက် ဖြစ်သည်ကိုပင် နောက်လိုက်ညံ့၍ ဟု စွပ်စွဲခြင်းမှာ ကိုယ့်လူမျိုးအကြောင်း (မစ္စတာရာရှစ်ကိုကား ကုလား ဖြစ်၍ မသိသော ကြောင့် ထားဦးတော့) မသိရာရောက်သည်။ နောက်ထပ်ခေါ်သော အခါ သပိတ်မှော က် ကျောင်းသား နှစ် ရာမျှပင် လာသေးရာ၊ ထိုလူနှစ် ရာမျှဖြင့် ဆက်မှော က်၍ ဆက်ကြိုး စားလျှင် အောင်နိုင်သေးသည်။ နှစ် ရာအားမှာ များ ပင်များ သေးသည်။ မှော က်စက ငါးဆယ်မျှဖြင့် ပင် စခဲ့ကြ သည်။ မိဘများ က ရှေးကထက် အားမပေးကြ၊ ကန့်ကွက်ဆဲ။ သူတို့အာဏာဖီဆန်၍ ထွက်လာကြ ပြီးမှ "မိဘတွေ အားမပေး" ဟု သပိတ်လှန်ခါနီး မှာ သိသည်မှာ ထူးသော အသိဉာဏ်ပင် ဖြစ်လေ သည်။ အခြားဆင်ခြေများ မှာ အရှုံးပေးလိုစိတ် (ဝါ) ချော်လဲရောထိုင်လိုသော စိတ်ကြောင့် သာ ဖြစ်ရာ၊ ခေါင်းဆောင်နံ့တို့၏ ပြောနေကျစကားပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ကား ခေါင်းဆောင်ညံ့၍ သာ ဖြစ်ရာသည်ဟု သဘောပေါက်ပေသည်။

ဤတွင် 'ခေါင်းဆောင်မှု ' အကြောင်းကို ရှင်းဖို့ပလိုလေသည်။ ခေါင်းဆောင်၊ ခေါင်းဆောင်မှု ကား အဘယ်ကို ဆိုလိုသနည်း။

''ခေါင်းဆောင်မှု '' ဆိုသည်မှာ ပုဂ္ဂလဓိဋ္ဌာန်စွဲမျိုးမဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်မျိုးသာ ဖြစ်ပေသည်။ ဝါဒတစ်ခု ကြီးစိုးမှု ပင်လျှင် ခေါင်းဆောင် ဖြစ်၏ ။ တစ်စုံ တစ်ယောက် သည် အထက်ကပင် နေရ သော် လည်း သူ့သဘောထား သူ့ဝါဒမပြန့်ဘဲ သူ့ဝါဒနှင့် ဆန့်ကျင်စွာ လုပ်နေရလျှင် ထိုသူကား ခေါင်းဆောင်တုသာ ဖြစ်၍ ခေါင်းဆောင်မှု မှာ သူတစ်ပါး၏ အလုပ် ဖြစ်ပေသည်။ ဆင်းရဲသားများ ၏ လိုလားချက်များ ၊ ဆင်းရဲသားတို့ကောင်းဖို့ စီစဉ်မှု များ ကို လှုံ့ဆော်သော ဝါဒကြီးစိုးလျှင် ဆင်းရဲ သားခေါင်းဆောင်သည်ဟု ခေါ်ရသည်။ ဓနရှင်များ ၊ အင်ပီရီရယ်လစ်များ ကောင်းကျိုးကိုသာ ကြွေးကြော် လှုံ့ဆော်သော ဝါဒကြီးစိုးလျှင် ဓနရှင်၊ အင်ပီရီရယ်လစ်တို့၏ ခေါင်းဆောင်မှု ပင် ဖြစ်သည်။

ခေါင်းဆောင်မှု ကို ကြီးမှူး သူ (ဝါ) ဝါဒကိုထွင်သူ၊ ဝါဒတစ်ခုကို ယုံကြည်သက်ဝင်၍ ဝါဒ အတိုင်းလုပ်သော သူ၊ ဝါဒကို သစ္စာမဖောက်ဘဲလိုက်သူကို ခေါင်းဆောင်စစ်ဟု ခေါ်ရလေသည်။ ဝါဒကို ရှိသေစောင့်စည်းသော သစ္စာ၊ ဝါဒကိုတွင် ကျယ်အောင် လုပ်နိုင်သော အရည်အချင်း၊ ဝါဒ ပျံ့နှံ့အောင်မြင်အောင် ပြုနိုင်သော ဇွဲတို့ဖြင့် ခေါင်းဆောင်ကောင်းမကောင်းကို ဆုံးဖြတ်ရလေ သည်။

သပိတ်မှော က်ကိစ္စတွင် လွှမ်းသော ဝါဒမှာ သခင်ပညာဝါဒ ဖြစ်၍ လက်နက်မှာ သပိတ်ပင် ဖြစ်၏ ။ ကိုနု အမှူး ရှိသော လူတစ်စုသည် သခင်ပညာဝါဒဖြင့် ယူနီဘာစီတီကို သပိတ်မှော က်၍ ထွက်ခဲ့ကြ၏ ။ ကိုနုကို ကျောင်းထုတ်ခြင်းမှာ အူနေသော မီးပုံကို လေတစ်ချက် ပင့်ပေးလိုက် ခြင်း ဖြစ်၏ ။ သို့ သော် ကိုနုကိုသာ ကျောင်းမထုတ်လျှင် ထိုနှစ် က သပိတ် ဖြစ်ရန် အကြောင်းမရှိ။ ကိုနုလို ခေါင်းဆောင် တစ်ယောက် မရှိကလည်း သပိတ်မှော က်ကိစ္စရှိမည် မဟုတ်ပေ။ သို့ သော် ကိုနုကား သပိတ်မှော က်ရန်သာ ခေါင်းဆောင်၍ သပိတ်မှော က်နေဆဲတွင် ခေါင်းဆောင်မဟုတ်တော့ပေ။ အရေး ဆိုစရာ၊ ဘွို ်င်ကောက်တားကောင်စီ အတွင် းရေး စီမံစရာ၊ ဘွိုင်ကောက်တားတို့အာဘော်ကို ထုတ်စရာတို့၌ ကိုနု ခေါင်းမဆောင်၊ မစ္စတာရာရှစ်ကိုသာ လွှဲထားလေသည်။

မစ္စတာရာရှစ်မှာ သခင်ပညာဝါဒရှိသူမဟုတ်ဘဲ၊ ခုံဖိနပ် ဆေးသုတ်သကဲ့သို့ ကျွန်ပညာ အစုတ်ကလေးကို ပြုပြင်၍ နေလိုသော သူသာ ဖြစ်လေသည်။ သပိတ်ပြန်လှန်သော အခါ၌ ကား ကိုနုမှာ နောက်လိုက် ဖြစ်သွားခဲ့သည်။ မစ္စတာရာရှစ်၊ ကိုအောင်ဆန်း၊ ကိုအုန်းစသည်တို့ကား သပိတ်လှန်ရာ၌ ခေါင်းဆောင်များ ဖြစ်ကြ၏ ။ သခင်ပညာဝါဒကို ခေါက်သိမ်းထားပြီး မစ္စတာရာရှစ် နှင့် ကိုအုန်းတို့သည် ပညာရေး ဝန်ကြီး အစရှိသော ပညာပိုင်းအရာရှိတို့နှင့် စျေးဆစ်သော ဝါဒ၊ လျှပ်ပေါ်သော လျှာတို့ဖြင့် ပေးသမျှကတိကို ယုံကြည်သော ဝါဒ။ (ဝါ) ခယ ဝယ ဝါဒသို့ ကူးပြောင်း သွားခြင်းဖြင့် သပိတ်ကို လှန်ပစ်လိုက်ကြလေသည်။ ထိုသို့ သပိတ်လှန်ရာ၌ စာမေးပွဲအောင် အစိုးရအလုပ် လုပ်ကာ နေချင်လာသော သူများ ၊ ဇွဲမရှိသော သူများ ၊ ကြာရှည်အနစ်နာမခံလိုသူများ ၊ သာယာညာစီးသမားများ ၊ သခင်ပညာဝါဒကို သဘောမပေါက်ဘဲ အများ မြေပြို၍ ပြိုခဲ့သူများ သည် မစ္စတာရာရှစ်၊ ကိုအောင်ဆန်းနှင့် ကိုအုန်းအား ထောက်ခံကြလေသည်။ အမှန်မှာ နောက်လိုက် မကောင်းဟု အပြစ်တင်ကြသော ခေါင်းဆောင်အများ ပင် ကျောင်းပြန်ချင်၍ ခြေတစ်လှမ်း ကြွထား လေပြီ။

ကိုနုကား သူ့သခင်ပညာဝါဒ ရေတိမ်တွင် နစ်နေသည်ကို တုဏှိဘော လုပ်ကြည့်နေလေ သည်။ သူကား ခေါင်းဆောင်မဟုတ်တော့ပြီ။ ကိုအုန်း၊ မစ္စတာရာရှစ် ကြီးမှု း သော လူတစ်စုကား သခင်ပညာဝါဒကို သစ္စာဖောက်သော ခေါင်းဆောင်တုများ ဖြစ်ကြလေတော့သည်။

ထိုတွင် ကျွန်ုပ်တို့၏ လက်ဝဲဂိုဏ်းသားများ များ စွာ ညှိုးခဲ့သည်။ ကျွန်ုပ်တို့အထဲမှ ခေါင်းဆောင် အစားမထိုးနိုင်သည်မှာ အလွန်ရှက်ဖွယ် ကောင်းသည်။ ကျွန်ုပ်တို့လူစုကား ဝါဒ ကိုသာ သစ္စာရှိကြ၏ ။ စွန့်စားစိတ်၊ ဒုက္ခခံစိတ်ရှိကြ၏ ။ ခေါင်းဆောင်မှု ကို ကြိုး ကိုင်နိုင်သော အရည်အချင်း မရှိကြ။ (ကျွန်ုပ်တို့ လက်ဝဲဂိုဏ်းသားများ တွင် လူတော် တစ်ယောက် ဟုဆိုသော ကျွန်ုပ်သည်ပင် မစ္စတာရာရှစ်ထက် အဆပေါင်းများ စွာ ထိုစဉ်က ညှိုးခဲ့သည်။) ဥပမာ မစ္စတာရာရှစ် က "ခင်ဗျားတို့ ဆက်မှော က်ချင် မှော က်ကြ၊ ကျွန်တော် ကတော့ ဘာမှမလုပ်နိုင်တော့ဘူး၊ ခေါင်းမဆောင်နိုင်ဘူး" ဟု ဆိုလိုက်သော အခါ

ကျွန်ုပ်တို့လူတစ်စုတာဝန်မှာ "ဩော်ရိုက် မင်းဖယ် တို့လုပ်ပြမယ်" ဟု တစ်ပွဲတစ်လမ်း နွဲစရာပင်။ သို့သော် မစ္စတာရာရှစ်က ဤသို့ ပြောသော အခါ အများ မှာ သော ငိပြင်လွှတ်သည့် ခွေးကဲ့သို့ အားကိုးမဲ့သွားကြသည်။ ကျွန်ုပ်တို့ လူနည်းစုမှာ "ကုလား လူပါး၀တယ်" ဟု ဒေါဖောင်းရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ကြ။ ထို့ကြောင့် ကျွန်ုပ်တို့ ကလည်း ညံ့လှသေးသည်။ ကျွန်ုပ်တို့တတွေ ရှေ့သို့ ဆက်လက်ညံ့သွားလျှင် ရှက်စရာတွေ ကိုသာ အတန်တန် မျက်မှောက်ပြုရပြီး အောင်ပန်းနှင့် ကား ဝေးသည်ထက် ဝေးရလေမည်။

(၇)

ကျွန်ုပ်၏ အကြောင်းကို ရှင်းဦးမှ ဇာတ်ကွက်လည်မည်။ ကျွန်ုပ်ကား ၁၉၃၅ ခုနှစ်၊ ဘီအေအောင်ပြီး ဘီအယ်လ် ဆက်သင်လိုသော်လည်း စရိတ်ကြီးလှသဖြင့် မသင်နိုင်တော့ဟု တောတွင် ခဏ နေစဉ်၊ ကိုနုက ရန်ကုန်လာခဲ့ရန် ကြေးနန်းရိုက်ခေါ်လေသည်။ ဘီအယ်လ်နေနိုင်အောင် သူ စီစဉ် ပြီး၍ ဘီအယ်လ်များ ဆက်နေရန်၊ ၎င်းပြင် ကျောင်းသားသမဂ္ဂအသင်းတွင် စက္ကထရီလုပ်ရန် အမြန် ဆင်းခဲ့ဖို့ မှာ လေသည်။ အမှာ အတိုင်း အညာမှဆင်းလာရာ တစ်လနောက်ကျနေပြီ ဖြစ်၍ ဘီအယ်လ်က လက်မခံတော့ပေ။ သမဂ္ဂအသင်း အမှု ဆောင်ရွေးကောက်ပွဲကလည်း နီးလှပြီ။ သို့ကြောင့် အမ်အေကို သွားတောင်းပြန်ရာ သုံးနှစ် နေရမည် ဆိုသဖြင့် စိတ်ပျက်ပြီး ကျောင်းမနေ တော့ပေ။ သမဂ္ဂအသင်း စက္ကထရီလည်း မ ဖြစ်ရတော့ချေ။

သို့သော် အညာကိုကား မပြန်။ တာတေလန်မွဲတတ်သော စာရေး ဆရာအလုပ်ကို ဝင်လုပ်၍ နေခဲ့ရင်း ကျောင်းသားများ နှင့် ကား အဆက်မပြတ်ခဲ့ပေ။ ထိုအတောအတွင်း ː သပိတ် မှော က်လေရာ၊ ကျွန်ုပ်ထက် ဘယ်သူ ဝမ်းပိုသာနိုင်သနည်း။ ကျွန်ုပ်တို့သည် သပိတ်မှော က်ရန် အတန်တန်လှုံ့ဆော်ခဲ့၏။

ထိုနှစ် ကလည်း သခင်ပညာဝါဒဖြန့်ဖြူး ရန် ကျောင်းနေပေါက်ရာခဲ့၏။ မအောင်မြင်။ ယခု ကျွန်ုပ်တို့ ကျောင်းပြင်ဘက်ရောက်မှ မှော က်သော ကြောင့် မကျေမချမ်း ဖြစ်သော်လည်း ဝမ်းသာ လှ၏။ သို့ကြောင့် ကျွန်ုပ်အား ဘွိုင်ကောက်တားကောင်စီက

ခိုင်းပါတော့ဟု အပ်ထား၏ ။ သူတို့ ခိုင်းစေသဖြင့် မန္တလေး-ပြည် သရက် စသော မြို့ များ ၌ ကျောင်းသပိတ်မှော က်ရန် သွားရောက်လုပ် ကိုင်ရင်း မြို့ များ စွာ တို့၌ တရားဟောလိုက်ရ၏ ။ အခွင့်အားလျော်စွာ တတ်နိုင်သမျှကို စွန့်ခဲ့၏ ။

သို့ သော် ကျွန်ုပ်မှာ ကျောင်းသားမဟုတ်သဖြင့် အတွင် းမှနေ၍ ထိရောက်စွာ မဆောင်ရွက် နိုင်။ အနှောင့်အယှက်အမျိုးမျိုး တွေ့ ရသဖြင့် အမျိုးသားတက္ကသိုလ် တည်ထောင်ရေး ၌ အကျိုး ဆောင်ဖို့၊ အိန္ဒိယပြည်သို့ အမျိုးသားပညာရေး နှင့် အမျိုးသားတက္ကသိုလ်တည်ထောင်ရေး များ ကို စုံစမ်းရှာဖွေရန် သွားဖို့ ဆုံးဖြတ်လေသည်။

ဒေလီမြို့ မှ ပြန်၍ ကာလကတ္တားရောက်သော အခါ သပိတ်လှန်ပြီဟု ကြားရလေတော့၏ ။ သပိတ်လှန်လျှင် အမျိုးသားတက္ကသိုလ်လည်း ဖြစ်ဖို့ ခဲယဉ်းပြီဟု တထစ်ချယုံကြည်ပြီး ကာလကတ္တားတွင် သာ တွယ်ကပ်၍ နေရင်း ပညာကို ဆည်းပူးလျက် လွှန်ခဲ့သော သပိတ်ကိစ္စကို အဖန်ဖန် သုံးသပ်တွေ းတောပေသည်။

အဖန်ဖန်သုံးသပ်ပြီးနောက် ၁၉၃၆ ခုတွင် သပိတ်မှော က်ခြင်းကို အခြေပြုကာ ဖြစ်ပြီးသော အကြောင်းစဉ်ကို လေ့လာပညာရှာနိုင်စေသော အကြောင်းမှန်ကို ဓာတ်ပုံရိုက်ပြသော ဝတ္ထုတစ်ပုဒ် ရေး ရန် ဆုံးဖြတ်လေသည်။

ရေး အံ့သော အခါ၌ မှန်ကန်သော အကြောင်းများ သည်သာ ကျွန်ုပ်၏ ကလောင်မှ ထွက်နိုင် စေဂုန်၊ ကျွန်ုပ်၌ တစ်စုံတစ်ရာအတွက် နာကြည်းသော စိတ်၊ တစ်ယောက် ယောက် ကို ငြိုငြင်သော စိတ်၊ တစ်ဦးဦးကို ငြူစူသော စိတ် စသော မကောင်းသော စိတ်များ ကို ကြိုး စားကာပယ်ပြီး၍ ၊ ကိုယ့်စိတ်ကို ဖြူစင်ပြီဟု ယုံကြည်စိတ်ချရမှ ဤဝတ္ထုကို ရေး လိုက်ပေသည်။

ဤဝတ္ထုကိုရေး ရာ၌ ပစ်ကတ်တင်းခေါ် ကျောင်းတက်သူများ ကို တားဆီပုံ၊ သပိတ်လှန်ရန် စိုင်းပြင်းကြပုံ၊ မော်လမြိုင်ဇရပ်ပေါ်၌ ကျောင်းသူများ နေကြပုံကို ကျွန်ုပ်ကိုယ်တိုင် ကျကျနန မျက်မြင်မရှိ၊ နားဆတ်ဆတ်ကြားရသည်လည်း မရှိသော ကြောင့် ယခုကာလကတ္တား၌ ကျွန်ုပ်နှင့် အတူနေသော ရဲဘော်များ ၊ ကိုလှဖေ (သပိတ်မှော

က်ခေါင်းဆောင်တစ်ဦး)၊ ကိုသီဟန် (ဘွိုင်ကောက်တားစက္ကထရီ) နှင့် ကျွန်ုပ်၏ နှမ တစ်ယောက် ဖြစ်သော သပိတ်မှော က်ကျောင်းသူ တစ်ဦးတို့၏ အကူအညီကို တောင်းရပေသည်။ သူတို့ကလည်း ကျွန်ုပ်ရေး မည့် ဝတ္ထုမှာ ဗမာပြည် လွတ်လပ်ရေး ကို ရည်သန်သည်ဟု တတ်အပ်သိကြသဖြင့် "မပြောစတမ်း" ဟု သပိတ်လှန်သူတို့ က တောင်းယူထားသော ကတိကိုဖျက်၍ ပြောကြသဖြင့် ရဲဘော်ပီပေသည်ဟု ချီးမွမ်းရသည်။

ဤဝတ္ထုကို ရေး ရသဖြင့် နောက် လေးငါးရက်အတွင် း ဖြေရတော့မည့် ဘီအယ်လ်စာမေးပွဲ အတွက် စာမဖတ်နိုင်။ ၎င်းပြင် ကျွန်ုပ်မှာ တကယ့်စာရေး ဆရာကြီးများ ကဲ့သို့ မကျွမ်းသေးရကား နာရီပေါင်း တစ်ရာ့ရှစ်ဆယ်မျှ အကုန်ခံကာ ဤ သပိတ်မှော က်ကျောင်းသား ပထမတွဲ ၊ ဒုတိယတွဲ တို့ကို ရေး ရသဖြင့် ဉာဏ်ပန်းလူပန်း ဖြစ်နေသေကြောင့် ထိုကျန်သော ရက်များ တွင် လည်း စာကောင်းစွာ ဖတ်နိုင်ရန် ခဲယဉ်းပြန်သည်။ သို့ ကြောင့် ဝင်လတ္တံ့သော ဘီအယ်လ် အောက်တန်း စာမေးပွဲတွင် ကား ကျမည် သေချာလှ၏ ။

သို့ သော် ဝတ္ထုကိုဖတ်ပြီး အသင်၌ ကျွန်ပညာကို မီးရှို့ပစ်အံ့ဟု စိတ်ပေါက်လာပါလျှင် "စာမေးပွဲကျတာလောက်တော့ အပျော့ပေါ့" ဟု ကျွန်ုပ် နှစ် သိမ့်နိုင်ပါအံ့သတည်း။

ကလန္ဒာဥယျာဉ်အနီး၊ ကာလကတ္တားမြို့

သိန်းဖေမြင့်

၇၊ ၁၂၊ ၁၉၃၇

*

# သပိတ်မတိုင်မီ

## (၁)

ရုံပိုင်သည် သူ့စားပွဲရှေ့ကုလားထိုင်တွင် လက်နှစ် ဖက်ကို ပတ္တာဆက်သလို ဆက်ပြီး သည်းထန်စွာ သန်း၍ အပျင်းတွေ ကို ထုတ်ရင်း အရှေ့ဘက်သို့ ကြည့်လိုက်၏ ။

အရှေ့ဘက်ကောင်းကင်အလုံးသည် တိမ်ကင်းစင်သဖြင့် သဲကန္တာရ လဟာပြင်ကြီး၏ ထည်ဝါသော အသွင်မျိုးကို ဆောင်၍ နေပေ၏ ။ ဆွမ်းခံဝင်ချိန် နေမင်းလည်း အဟန့်အတားမရှိ။ ပူချင်တိုင်း ပူစပြုလာ၏ ။ ရွာဆီမှ ဘူတာသို့ ပြေးလာသော သဲတရုပ်ရုပ်နှင့် လမ်းကလေးမှာ ကောင်းကင်ပြင်ကြီးကဲ့သို့ ဟာလာဟင်း ဖြစ်နေ၏ ။ ရထားဆိုက်ချိန်ကား နီးပြီ၊ ခရီးသွားတို့ကား မလာကြသေး။

ရုံပိုင်သည် သူမမြင်သော ဘူတာရုံဝင်း၊ ချောင်ကြိုချောင်ကြား၌ အကယ်၍ ရထားစီးသူ ရှိအံ့၊ ရှိသူများ လက်မှတ်လာဝယ်ရန် လက်မှတ်နေ့စွဲနှိပ်သော ညှပ်ကြီးကို "ဒိန်း . . . ဒိန်း" နှင့် ရိုက် ၍ သတိပေးလိုက် လေ၏ ။

ငါးမိနစ်ခန့်ကြာမှ လူလေးယောက် လာ၍ လက်မှတ်ဝယ်ကြလေသည်။ ရုံပိုင်လည်း အားနေပြန်သဖြင့် အရှေ့ဘက်သို့ ကြည့်နေပြန်လေ၏ ။

ချုံသံတချွင်ချွင်ဖြင့် ခပ်မြန်မြန်မောင်းလာသော လှည်းတစ်စီးသည် ကပ်လာလျက်ရှိ၏ ။ လူခြောက်ယောက် ခန့် စီးပါလာ၏ ။ သံသေတ္တာ၊ ထင်းရှူးသေတ္တာ၊ အိပ်ရာလိပ်များ လည်း လှည်းပေါ်တွင် ပါလာ၏ ။

အသက်ငါးဆယ်ခန့်ရှိသော ဗိုက်ပူပူ ခပ်ဝဝအဘိုးကြီး တစ်ယောက် သည် ရန်ကုန်လက်မှတ် တစ်စောင်ကို ဝယ်လိုက်လေ၏ ။ အသက်လေးဆယ်ခန့်ရှိသော ခပ်ပိန်ပိန် အဒေါ်ကြီး တစ်ယောက် သည် သေတ္တာများ အထုပ်များ ကို တမာပင်အောက်၌ နေရာချထားပြီး၊ လက်မှတ်ဝယ်လာသော အဘိုးကြီးကို စောင့်ကြည့်နေ၏ ။ တမာပင်မှာ များ

စွာ စည်ကားလျက်ရှိ၍ လေကလေးတိုးဝှေ့လိုက် သော ကြောင့် တရှဲရှဲမြည် လျက်ရှိ၏ ။ တမာသီးကလေးများ လည်း တဖြုတ်ဖြုတ် ကြွေကျလာလေ သည်။

"ရထားလာခါနီး ပတဲ့လား" ဟု ဦးဘိုးမြအား ဒေါ်ကံမယ်က ဆီးမေးလိုက်၏ ။ "အေး ဟုတ်သား၊ မမေးခဲ့ရသေးဘူး၊ မေ့နေတယ်" ဟု ဦးဘိုးမြက ဖြေကာ၊ ရုံပိုင်ထံသို့ သွားမေးပြန်လေ ၏ ။ လှည်းပေါ်တွင် အတူပါလာသော သျှောင်တစောင်းနှင့် လူပျို ကြီးဦးထွေး၊ ဆေးတံ အမြဲမချသော ကျောင်းဆရာ ကိုဘညွန့်၊ ယက်ကန်းရုံတွင် စက်ယက်ကန်းခတ်သော မမယ်သွင်တို့လည်း တမာပင်အောက်တွင် စုထိုင်ကြလေ၏ ။ ဦးဘိုးမြအနီးသို့ ကပ်လာ၏ ။

"ရထားလာမှာ ဆယ်မိနစ်လိုတော့တယ်" ဟု ဒေါ်ကံမယ်တို့တစ်စုအား လှမ်းပြောလိုက်၏ ။

"အို နီးလှပါပကော၊ ညိုထွန်းလဲ မလာသေးပါလား" ဟု ပြောပြီး ဒေါ်ကံမယ်သည် အရှေ့ ဘက်သို့ ငေးမျှော်နေလေ၏ ။ ကိုဘညွန့်လည်း ဆေးတံကြီးကိုက်လျက် ပြင်းထန်စွာ ရှူရှိုက်း မျှော်နေ လေ၏ ။ လူသုံးယောက် ဝင်လာပြီး၊ "ဦးကြီး ကိုညိုထွန်းကော" ဟု ဦးဘိုးမြအား မေးကြလေ၏ ။ သူတို့ကား ဗမာကျောင်း ခုနစ်တန်းသားကလေးများ ဖြစ်ကြကုန်၏ ။ အားလုံးပင် စကားမပြောဘဲ ညိုထွန်းကိုသာ ငေးမျှော်နေကြ၏ ။ မကြာမီ သတင်းစာကိုယ်စားလှယ် အောင်စိန် ရောက်ရှိလာပြီး "အဒေါ် ကိုညိုထွန်းကော" ဟု မေးပြန်သဖြင့်

"သူ စက်ဘီးနှင့် လာခဲ့မယ်၊ ရွာထဲက နှုတ်ဆက်စရာတွေ စက်ဘီးနဲ့လိုက်ပြီး နှုတ်ဆက်ဦး မယ်ဆိုတာပဲ၊ ခုရထားလည်း နီးလှပြီ၊ လာလဲ" ဟု ဒေါ်ကံမယ်ဖြေနေဆဲ၊

"လာပြီ လာပြီ" ဟု ဦးထွေးက ပြောလိုက်မှ အားလုံး စိတ်အေးသွားကြလေ၏ ။

ညိုထွန်းမှာ အသားညို၍ ကိုယ်ကာယမှာ မပိန်ဘူးဟုဆိုရရုံမျှသာ ရှိ၏ ။ အရပ်အမောင်း ကား မြင့်မြင့်မားမား ဖြစ်၏ ။ ကြည်လင်တောက်ပသော မျက်လုံး၊ အရေး ထင်သော မျက်ခုံး၊ ကျယ်သော ပါးစပ် ရှိ၏ ။ ဆီနှင့် ခုနစ်ရက်မှ တစ်ခါတွေ့လေ့ရှိသာ

သူ့ဆံပင်သည် ဖိုးရိုးဖားရား ဖြစ်နေလေ၏။ ဖျင်ရှပ်၊ ဖျင်အပေါ်အင်္ကျီနှင့် မန်ကျည်းစေ့ကွက် ရွှေတောင်လုံချည်များ ကို ဝတ်ဆင် ထားလေသည်။

သူသည် စောင့်နေကြသူအားလုံးအား ပြုံး ၍ ကြည့်ပြီး

"ရောက်နေကြတာ ကြာပြီလား၊ ရထားလာခါ နီးပလား" ဟု မေးလိုက်၏ ။ ဒေါ်ကံမယ်ကား မဖြေနိုင်။ မိမိသားကိုသာ အရိပ်ကြည့်နေမိ၏ ။ ဤဖြူစင်သော ဖျင်အင်္ကျီ ရိုးရိုးနှင့် လှသော ရွှေတောင်လုံချည်ဖြင့် တန်ဆာဆင်ထားသော မိမိသားသည် ခါတိုင်းထက် ကျက်သရေရှိသည်ဟု အောက်မေ့နေလေ၏ ။ ဒေါ်ကံမယ်သည် သူ့သားနဖူးနှင့် နားထင်တွင် ချွေးပေါက်ကြီးများ ထွက်နေ သည်ကို မြင်မိ၏ ။ ဦးဘိုးမြကား လက်မှတ်ကို လှမ်းပေးရင်း

"ရထားနီးလှပြီ၊ မင်းနောက်ကျနေပြီလားလို့ စိုးရိမ်နေကြတယ်" ဟု ဖြေလေ၏ ။

"ကျွန်တော် မြန်နိုင်သမျှ မြန်အောင်တော့ သုတ်လာတာပဲ၊ ဘကြီးကြွယ် အိမ်ရောက်တော့ သူက ဆုံးမစကားတွေ သိပ်ပေးနေတာနဲ့ ကြာသွားတာ၊ ဆရာထွေး၊ ဆရာညွှန့်တို့ ရောက်တာကြာ ပြီလား" ဟု ညိုထွန်းသည် သူတို့ဆီချဉ်းရင်း မေးလေ၏ ။ ဦးထွေးက ကျောက်စရစ်ခဲကလေးများ ဖြင့် သံလမ်းကို ပစ်ရင်း

"တို့လှည်းနဲ့ လိုက်လာတာပဲ၊ ရဲအောင်စိန်တော့ ခုမှ ရောက်လာတာပဲ၊ ဟေ့ ရန်ကုန်ကျ တော့ ကိုဘိုးဘတို့ ပြောလိုက်ပါကွာ၊ မာမာချာချာရှိရဲ့ လို့" ဟု ပြောလေ၏ ။

ဆရာကိုဘညွှန့်က ဆေးတံ ပါးစပ်မှ ထုတ်ပြီး

"ရန်ကုန်ရောက်ရင် စာအုပ်ကောင်းများ ရှိ ပို့လိုက်စမ်းပါ ကိုညိုထွန်းရာ" ဟု မှာ လေ၏ ။

ညိုထွန်းသည် ဗမာကျောင်းသား သူငယ်သုံးယောက် ထံသို့ သွားရပြန်၏ ။ သုံးယောက် ကား ညိုထွန်းကို ဝိုင်းထားပြီး စကားပြောနေကြလေ၏ ။ "မင်းတို့တွေ မှန်မှန် ဒရစ်လုပ်ဖို့ မမေ့ကြနဲ့ နော်၊ ဥပုသ်နွေ့ ဥပုသ်နေ့ကျတော့ ဘုရားကြီးထဲမှာ အမယ်ကြီးတွေ စာဖတ်ပြဖို့လဲ မမေ့ကြနဲ့၊ ကိုယ်ပေးထားတဲ့ စာအုပ်ကလေးတွေ လဲ ဖတ်ကြ ကြားလား၊ ဟော

ရထားလာနေပြီ" ဟု ကိုညိုထွန်းသည် သူတို့သုံးယောက် အား ပြောနေလေ၏ ။

"ဟေ့ အောင်စိန်၊ မင်း သတင်းစာရောင် းတဲ့အလုပ် မလွှတ်နဲ့နော်၊ မင်း တစ်ယောက် ရှိပေလို့ တို့ရွာမှာ သတင်းစာဖတ်တဲ့အလေ့ ပေါ်လာတာ" ဟု ပြောပြီး၊ ဖခင်ကြီး ဦးဘိုးမြကို ဦးချလေ၏ ။ ဦးဘိုးမြလည်း အပေါ်အင်္ကျီတွင် း လက်နှိုက်ကာ

"အေး နေရာတကာ စိတ်ချပါရစေ့ကွာ၊ သခင်သင်းများ မဝင်လေနှင့် မောင်၊ ဒါပဲ။ တစ်လ စာနှစ် စောင်ရေး ၊ အိုင်စီအက်စာမေးပွဲအတွက် ခုတည်းက ကြိုး စားထား" စသည်ဖြင့် သားကို သတိပေးလိုက် ၏ ။ နောက် ညိုထွန်းသည် အမိ ဖြစ်သူအား ဝတ်ချ၏ ။ မိခင်ကြီးကား သားကို ငေး၍ သာကြည့်နေ၏ ။ စကားမပြောနိုင်။ တစ်နှစ် တိုင်တိုင် ခွဲရဦးမည့် ရှေ့ရေး သည် သူ့ပါးစပ်ကို ဆို့ထား လေ၏ ။ မနည်းကြီးကြိုး စား၍ "မင့်ချေးတွေ သုတ်ပစ်အုံး ဒီမှာ " ဟု ပြောကာ နားထင်ဆီ နဖူးဆီကို လက်ညှိုး ထိုးပြလေ၏ ။ ညိုထွန်းလည်း မိခင်ကြီးပြောသည့်အတိုင်း လက်ကိုင်ပဝါနှင့် သုတ်ရင်း

"အမေ ကျန်းမာရေး ဂရုစိုက်နော်၊ သိပ်ပြီး ထိုင်ထိုင်မနေနဲ့၊ လမ်းလေး ဘာလေး လျှောက်ပေး" ဟု သတိပေး၏ ။ ဒေါ်ကံမယ်သည် ရင်ဖိုနေသဖြင့် စကားမပြောနိုင်၊ သားကို ခေါင်းမှ ခြေဖျား၊ ခြေဖျားမှ ခေါင်းသို့ အပြန်အလှန်ကြည့်နေလေ၏ ။ ယခု သူ့သားကို ကြည့်ရသည်မှာ ညနေစောင်းဝင်ခါနီး နေချိုချိုကို ကြည့်ရသကဲ့သို့ ကြည့်၍ မဝနိုင်အောင် ဖြစ်နေလေ၏ ။ ဤသား အတွက် အကြိမ်ကြိမ် မာနတက်ခဲ့ရ၏ ။ ယခု နောက်ဆုံးအကြိမ်လည်း သားမောင် အိုင်အေကို ထူးချွန်စွာ အောင်သဖြင့် မာနတက်ရပြန်၏ ။ အရိပ်တကြည့်ကြည့်၊ တပျော်တည်း ပျော် မာနတတက်ထဲ တက်နေရသော သားမောင်ကို သူမှတစ်ပါး အခြားသူက မချစ်စေလို။ ဒေါ်ကံမယ်သည် သားကန်တော့သည်ကို အရေး မယူ။ ရှိသေသည် မရှိသေသည်ကို ဂရုမပြု၊ သားရှေ့၌ ရှိနေသေးသည်ကိုသာ ကြည့်နေလေ၏ ။ ရထားလည်း ဝုန်းဝုန်းနှင့် ပြေးဝင်လာ၏ ။

ဒေါ်ကံမယ်လည်း ဆို့နေသော မျက်စိဖြင့် သားကို ကြည့်ပြီး

"မင်း မိန်းမ ရှာမလာနှင့် နော်" ဟု မှာ ၏ ။ ညိုထွန်းကား ပြုံး နေ၏ ။

ဆရာညွန့်တို့ မမယ်သွင် တို့ကား ပစ္စည်းများ ကို တွဲ ပေါ်သို့ တင်ကြလေ၏ ။

"ကိုင်း အမေ သွားမယ်၊ အဖေ တောရကျောင်းဘုန်းကြီးကို သွားပြီလို့ လျှောက်လိုက်ပါ"

"ကိုင်း ငါ့သား သွားပေတော့၊ ငါ ခုနင်က မှာ တာတွေ မမေ့နဲ့နော်၊ ဆရာတွေ နှင့်လည်း တည့်အောင်နေ" ဟု ဖခင်ကြီးက မှာ ပြန်၏ ။

ညိုထွန်းသည် ရထားပေါ်၌ အပေါက်ဝတွင် ထိုင်လေ၏ ။ မမယ်သွင်က "ဟိုဘက်တိုးစီးကွဲ့၊ တံခါးညပ်မယ်" ဟု သတိပေးပြန်၍ ညိုထွန်းသည် တစ်ဖက်သော ပြတင်းပေါက်ဘက်သို့ ရွှေ့နေ လိုက်၏ ။ လူပျိုကြီး ဦးထွေးကို ညိုထွန်းက လက်ပြပြီး

"မျို့ ဆရာထွေး သွားခါနီး အရေး ကြီးတဲ့စကား တစ်ခွန်းတော့ မှာ ပါရစေဗျာ၊ ခင်ဗျားမိန်းမ ကို သိပ်ရိုက်ရိုက်မနေနဲ့" ဟု နောက်လိုက်ရာ အားလုံးက ရယ်ကြလေ၏ ။

"ဟာ သူက ညံ့လွန်းတော့လည်း ရိုက်ရတာ ပဲကွ၊ တနေ့ကလည်း ကြည့်ပါကွာ၊ ထမင်းကို ရေမပါဘဲ ချက်တယ်" ဟု ဦးထွေးက သော လိုက်သဖြင့် တဟားဟားနှင့် ရယ်ကြပြန်လေ၏ ။

"ပြီးတော့ ညစ်ပတ်လိုက်တာလဲ လွန်လို့ကွ၊ တစ်နေ့က ငါသောက်ဖို့ ဆေးလိပ် လိပ်တော့ စီးကြိုး လိုနေလို့တဲ့ ငါ့ကို စီးကြိုး သွားရှာတဲ့။ ဒါနဲ့ ငါက မရှာနိုင်ဘူးငြင်းတော့ စီးကြိုး အနက်တွေ နှင့် စီးပေးတယ်မောင့်" ဟု ဣန္ဒြေကြီးနှင့် ပြောပြန်ရာ၊ ဝါးခနဲ ရယ်ကြပြန်၏ ။ "ငါလေ ဟေ့ မယ်သွင် မင်းမကောင်းတာတွေ ပြောရရင် ကုန်မှာ မဟုတ်ပါဘူးကွာ" ဟု အနီးက မမယ်သွင်ကို မျက်စပစ်၍ ပြောင်ပြန်ရာ "အို လူကြီး သေမင်းငင်ကြီး မဟုတ်တာတွေ ပြောနေပြန်ပြီ" ဟုဆိုကာ လိုက်၍ ကျောကို ထုလေ၏ ။ သို့ဖြင့် အများ မှာ တပြုံး ပြုံး တရယ်ရယ်ဖြင့် နေနိုင်ကြသော်လည်း ဒေါ်ကံမယ် ကား ပါးစပ်ကသာပြုံး ၍ ရယ်၍ မျက်လုံးမှာ မျက်ရည်များ စိုလာပြီး၊ နှလုံးကား တဆတ်ဆတ် တုန်နေလေ၏ ။ တမာပင်ကိုမှီပြီး၊ သားမျက်နှာပေါ်နေသော ပြတင်းဝဆီသို့ ငေးကြည့်နေလေ၏ ။ ထိုအတွင်း ခရီးသွား တစ်ယောက် က ညိုထွန်းထိုင်နေသော

ခံပေါ်တွင် ထိုင်ပြန်သဖြင့် အခြားဘက် သို့ ညိုထွန်းတိုးသွားရလေရာ ညိုထွန်းမျက်နှာကို တံခါးပေါင် ကွယ်သွားလေ၏ ။ မိခင်ကြီးမှာ ထိုသို့ အကွယ်ကို မခံနိုင်။ ညှိုး ငယ်သော မျက်နှာဖြင့် ခေါင်းကို ယိမ်းကာကြည့်နေပြန်လေ၏ ။ ထိုသို့ ခေါင်းငဲ့ကြည့်နေသော မိခင်၏ မျက်နှာကို ညိုထွန်း မမေ့နိုင်။ မိခင်ကို သတိရတိုင်း ထိုမျက်နှာ ကလေးကိုသာ မြင်ယောင်ယောင်ရှိလေ၏ ။

ရထားလည်း ထွက်စပြု၏ ။ အားလုံးပင် လက်မြှောက်၍ လည်းကောင်း၊ လက်ကိုင်ပဝါပြ၍ လည်းကောင်း နှုတ်ဆက်ကြ၏ ။ ညိုထွန်းလည်း လက်ကိုင်ပဝါပြ၍ နှုတ်ဆက်၏ ။ မိခင်ကြီးကား တမာပင်အမှီမရှိလျှင် လဲတော့မည် အလား၊ တမာပင်ကို တအားမှီ၍ သားကိုသာ ကြည့်နေလေ၏ ။ ရထားကား မြန်မြန်ကြီး ထွက်သွား၏ ။ သားကို မမြင်ရသော အခါ ရထားကို မျက်စိတစ်ဆုံးကြည့် ရင်း ကျန်ရစ်ခဲ့လေသည်။

*

(၂)

မန္တလေးဘူတာကြီးသို့ ရောက်သော အခါ ညိုထွန်းသည် ရထားပြောင်းရ၏ ။ ရန်ကုန်ရထား ပေါ်သို့ မတက်မီ ဘူတာရုံ ပလက်ဖောင်းတွင် တစ်စုံ တစ်ယောက် ကို လိုက်လံရှာဖွေ၏ ။ မတွေ့သော ကြောင့် ရန်ကုန်ရထားတွင် လိုက်လံရှာဖွေပြန်၏ ။ မတွေ ရတော့မှ "သူတို့ မလာသေးဘဲကိုး" ဟု တတ်အပ်သိကာ နေရာကောင်းရအောင် တစ်တွဲ မှ တစ်တွဲ လိုက်လံရှာဖွေလေ၏ ။ ရထားတွဲ များ တွင် ကုလားများ ဖြင့် ညှပ်နေလေ၏ ။ "တို့ဗမာပြည်မှာ လည်း ကုလားချည်းပဲကိုး" ဟု တွေးတော ရင်း ထောင့်တစ်ထောင့်တွင် နေရာလပ်နှစ် ခု တွေ့၏ ။ ထိုနေရာ နှစ် ခုနှင့် ဆက်လျက် တတိယနေရာ တွင် ကုလား တစ်ယောက် အိပ်ရာခင်းထားသည်ကို တွေ့ရ၍ ၊ ကုလား ဟိုဘက်တွင် ကား နေရာ လွတ်ရှိပြန်၏ ။ ညိုထွန်းသည် ကုလားကို ပိုက်ဆံတစ်မတ်ပေးပြီး ရွှေ့စေ၍ ၊

နေရာသုံးခုဆက်လျက် ယူထားလိုက်လေ၏ ။

နေရာထိုင်ခင်း နေရာတကျရှိလျှင် အောက်ဆင်း၍ စကြံသွားရင်း သော င်းဖေတို့ကို စောင့်နေလေ၏ ။ သော င်းဖေနှင့် ညိုထွန်းကား အိုင်အေတွင် ကျောင်းနေဖက် ဖြစ်၍ အလွန်ရင်းနှီး သော သူငယ်ချင်းများ ဖြစ်ကြသည်။ လွန်ခဲ့သော နှစ် က မန္တလေးကောလိပ်မှ နှစ် ယောက် စလုံး အိုင်အေအောင်သဖြင့် ရန်ကုန်သို့ ဘီအေ ဆက်သင်နေကြလေသည်။

သော င်းဖေနှင့် အတူ ရန်ကုန်ပြန်ဆင်းရန် ချိန်းထားခြင်း ဖြစ်၍ သော င်းဖေအတွက် တစ်နေရာပိုယူထားခြင်း ဖြစ်လေသည်။ ယခုနှစ် သော င်းဖေ၏ နှမကလေး သော င်းရီသည် အေဘီအမ် မိန်းကလေးကျောင်းမှ ဆယ်တန်းအောင်ပြီး ဖြစ်ရာ သူ့အစ်ကို သော င်းဖေနှင့် အတူ ရန်ကုန် ယူနီဘာစီတီကောလိပ်တွင် ပညာဆက်လက် သင်ကြားရန်ပါလာမည် ဟု သော င်းဖေက ညိုထွန်းအား အကြောင်းကြားထားပြီး ဖြစ်လေသည်။ ညိုထွန်းက သော င်းဖေတွင် နှမ တစ်ယောက် ရှိကြောင်း၊ အေဘီအမ် မိန်းကလေးကျောင်းတွင် နေကြောင်းလောက်ကိုသာ သိလျက် တစ်ခါမျှသော င်းရီကို မမြင်ဖူးချေ။ ယခု သူနှင့် အတူ ခရီးသွားမည် ဖြစ်သော အခါ သော င်းရီကို ဆံပင် ကလေး နောက်ဖားယားချကာ ဖဲပွင့်ကလေး တလွင့်လွင့် လေဒီခင်ဖိနပ် ခွာမြင့်မြင့်။ အင်္ကျီတိုတို ကလေးနှင့် သာ စိတ်ကူးကြည့်၍ မြင်မိလေ၏ ။ ကျောင်းသူကလေးများ ထုံးစံအတိုင်း အဝတ်အစား လော်လီ အနေအထိုင် ပျံတံတံ စိတ်ထားမမြင့်မြတ်သော အနံ့စားကလေး တစ်ယောက် ဖြစ်သည်ဟု သာ ယူဆထားလေ၏ ။

သို့ဖြင့် ညိုထွန်းသည် စောင့်ဆိုင်းရင်း မန္တလေးသူရိယနှင့် မြန်မာ့ဦးဇွန်းသတင်းစာများ ကို ဝယ်ကြည့်နေလေ၏ ။ သတင်းစာနှစ် စောင်ကုန်ခါနီး မှ သော င်းဖေတို့လူစု ရောက်လာလေ၏ ။ သော င်းဖေကား ဖြူဖြူဝဝ အရပ်အမောင်း ကောင်းကောင်း ဖြစ်၏ ။ နာတံပေါ်၍ နှုတ်ခမ်းနီ၏ ။ ရွှေကိုင်းမျက်မှန်ကို တပ်ထားသဖြင့် သူ့အသားနှင့် များ စွာ ပဏာစားပေ၏ ။ သော င်းဖေ၏ အမေ ဒေါ်တင်ဦးနှင့် ဖခင် ဦးသာလှတို့လည်း လိုက်ပါလာကြ၏ ။ သော င်းဖေတို့ဦးလေး ဈေးချို၌ ရှပ်ဆိုင် ရောင်

းနေသော ဦးညွန့်မောင်လည်း ပါလာ၏ ။ ဦးညွန့်မောင်ကား သျှောင်တွဲ ထုံးလျက် သျှောင်တုံး ပေါ်တွင် ခေါင်းပေါင်း ပေါင်းထားပြန်သည်။ ပိုးရင်ဖုံးအင်္ကျီ မဟာနွယ်လုံချည် ပုံတော် ကတ္တီပါဖိနပ် တို့ဖြင့် ဆင်ခြယ်ထားရကား မန္တလေးဖက်ရှင်တွင် အတန်းအတော် မြင့်သူ ဖြစ်လေသည်။ ကျောက်နီလက်စွပ်ကြီးကလည်း တဝင်းဝင်းနှင့် နေလေ၏ ။

"ဘယ့်နယ် ကိုသော င်းဖေ နောက်ကျလှချည်လား" ဟု နှုတ်ဆက်ပြီး နေရာယူထားသော ရထားတွဲ ဆီသို့ ခေါ်ခဲ့လေ၏ ။

"မင်းရောက်နေတာ ကြာပြီလား၊ အဒေါ်တို့က ရန်ကုန်ထွက်ခါနီး သူတို့မောင်နမ နှစ် ယောက် ကို ဘုရားပို့နေတာနှင့် နည်းနည်း နောက်ကျသွားတယ်" ဟု ဒေါ်တင်ဦးက ဝင်ပြောလေ ၏ ။ ညို့ထွန်းကား ဒေါ်တင်ဦးနှင့် ဦးသာလှတို့၏ အသိပင် ဖြစ်သည်။ "မောင်နမ" ဆိုသော စကားကိုကြားမှ သော င်းဖေ၏ နမ ပါလာသည်ကို အသေအချာ သိရပြီး အသက် ၁၇ နှစ် ခန့်မျှရှိ သော မိန်းကလေး တစ်ယောက် ဘက်သို့ ကြည့်၏ ။ ထိုမိန်းကလေးကား သူ့ဦးလေးအနီးတွင် ကပ်လျက်ရှိ၏ ။ သော င်းရီသည် ညို့ထွန်းစဉ်းစားထားသော ရုပ်နှင့် သိပ်ကွာနေလေ၏ ။ အသား ကလေးမှာ သူ့မောင်ကြီးအသားကဲ့သို့ ပင် ဝင်းဝါနေ၏ ။ အသားအရေမှာ စိုစိုပြည်ပြည် ခပ်ဝဝ ဖြစ်သော ကြောင့် တင်သားရင်သားကလေးများ မှာ ဖောင်းကြွလှပလျက်ရှိလေ၏ ။ ဗမာဆန်ဆန် ထုံးထားသော သျှောင်ကြီးခွေကို ပတ်လည်ဝိုင်းကာ ကော့ကော့ကလေးနေသော ဆံတောက်မှာ ဝဲပြန်၍ နေ၏ ။ တစ်စက်တစ်စက် ဖြည်းညင်းစွာ ကျသော သစ်စေးစက်ပုံသဏ္ဍာန်လို တုန်လဲ့နေ သော နားသံသီးကလေးများ မှာ ဖောင်းမို့နီပြည်သော ပါးပြင်များ ဝယ် လုပ်လဲ့လုပ်လီ လှုပ်ရှားနေကြ ၏ ။

မျက်လုံးကလေးများ မှာ ဝိုင်းစက်ကြည်လင်၍ မျက်တောင်များ မှာ ဟန်ရေး ပြသည့် ခိုကလေးများ အမြီးလို ကော့နေလေ၏ ။ မျက်ခုံးများ မှာ ဆေးမရေး ရဘဲလျက် ထင်းခနဲ သုံးရက်လ ကလေးလို ပေါ်နေလေ၏ ။ နီသော နှုတ်ခမ်း၊ ဖြူစင်ညီညွတ်သော သွား၊ အချိုးကျသည့် မေးကလေး များ သည် မျက်စိနှင့် အလှပြိုင်နေကြသည်။ သို့ သော် ကျောက်စိမ်းလက်ကောက်၊ ရွှေခြေကျင်း၊ ကတ္တီပါဖိနပ်၊ မန္တလေးလုံချည်ကလေးတို့ကို

ဝတ်ဆင်ထားရကား၊ ဗမာမှု နေရာတကာတွင် ပါနေ လေ၏ ။

ညိုထွန်းသည် အံ့အားသင့်သွား၏ ။ သူမှန်းကြည့်မိသော သော င်းရီနှင့် ကွာချင်တိုင်း ကွာနေ ၏ ။ သော င်းရီကိုမြင်လျှင်ပင် သနားသလိုလို ခင်သလိုလို စိတ်ပေါ်ပေါက်လာခဲ့၏ ။ အခြားမိန်းမပျို များ ကို ကြည့်လျှင် မြင်လျှင် ရင်ဖိုသလိုလို မျက်စိအရသာတစ်မျိုး ပေါ်သလိုလို ဖြစ်ခဲ့သော် လည်း ယခု သော င်းရီကို ကြည့်လိုက်သော အခါ၌ ကား ဝမ်းသာကြည်လင်ခြင်းမှတစ်ပါး ဘာမျှ ထူးခြားခြင်း သူ မတွေ့ရပေ။ သူသည် သော င်းရီကို သန့်သန့်ရှင်းရှင်း ဖော်ရွေစွာ ခင်မင်မိ၏ ။

"ဟောဒီက မောင့်နှမကလေးကိုလည်း ကြည့်ရှုခေါ် သွားပါကွယ်၊ ကျောင်းရောက်တော့ လည်း စောင့်ရှောက်လိုက်ပါ" ဟု ဒေါ်တင်ဦးက ညိုထွန်းကို မှာ သော အခါ "ကောင်းပါပြီ အဒေါ်၊ သူ့အစ်ကို တစ်ယောက် တည်း စောင့်ရှောက်တာထက် ကျွန်တော် ပါ အကိုကြီးနှစ် ယောက် စောင့်ရှောက်တော့ ပိုပြီး စိတ်ချရတာ ပေါ့" ဟု ဖြေပြီး "အင်း ငါတို့ဆုတောင်းပဲထင်ပါရဲ့ ၊ ဒီကောင်မလေးဟာ ငါ့နှမအရင်း ဖြစ်ပါတော့" ဟု ဆုတောင်းမိလေသည်။

"ဟဲ့ အရီ လာစမ်း" ဟု ဒေါ်တင်ဦးက ခေါ်လိုက်ရာ သော င်းရီသည် မိခင်ကြီးနားကပ်လာပြီး မိခင်ဗိုက်ကို ဖက်ထားလေ၏ ။ ခေါင်းနှင့် ရင်ကို ခွေ့ပြီး

"ဘာလဲ မေမေ" ဟု မေး၏ ။

"ကောင်းကောင်းနေစမ်း၊ ကလေးလိုချည်းပဲ"

သော င်းရီသည် ဖက်ထားသည်ကို ဖြေပြီး၊ တည့်တည့်မတ်မတ်ရပ်လျက် လက်တစ်ဖက် အတွင် းက ပိုးရှမ်းလွယ်အိတ်ကလေး၏ ပန်းပွားများ ကို အခြားလက်တစ်ဖက်ဖြင့် ဆွဲနေလေ၏ ။

"ဒီမှာ အရီ မင်းရန်ကုန်ရောက်ရင် ကောင်းကောင်းနေရမယ်၊ ဟော သူ့ကိုလည်း မင်း အစ်ကိုကြီး တစ်ယောက် လို မှတ်ရမယ် ကြားလား၊ သူ့စကားလည်း နားထောင်ရမယ်။ တိုင်စရာ ကြားစရာရှိလည်း မင်းအစ်ကို သော င်းဖေရော ဟောဒီ မောင်ညိုထွန်းကိုရော

တိုင်ရ ကြားရမယ် နားလည်လား"

"လည်ပါတယ် မေမေ"

"ကိုင်း တွဲ ပေါ်တက်ကြ၊ ကံကောင်းလို့ မောင်ညိုထွန်းကြောင့် နေရာကောင်းရတယ်၊ ငါ့သားကြီး သာဓုကွယ်"

တွဲ ပေါ်ရောက်၍ နေရာခင်းကြလျှင်

"ဟဲ မင်းတို့နှမ အလယ်က ထားကြပါကွယ်၊ ဟဲ့ကောင်မလေး ကိုယ်တိုင်လုပ်ပါလား၊ အစ်ကိုကြီးတွေ အိပ်ရာရွှေ့နေရင် မင်း ငရဲကြီးနေမယ်" ဟု ဒေါ်တင်ဦးသည် အမိန့်တွေ ကို ပေးနေ လေ၏ ။

"မောင်ညိုထွန်း မင့်သူငယ်ချင်း စာဖတ်အောင် ကြည့်ပြောဟေ့နော်၊ တေနေရင် အပြင် ဗာဟိရအလုပ်တွေ များ နေရင် ဦးတို့ဆီကို စာရေး လိုက်" ဟု ဦးသာလှက မှာ ပြန်လေသည်။

သို့ ဖြင့် အချိန်တန်လာပြီး ရထား ထွက်ခဲ့လေ၏ ။ ဤရထားကိုကား ဒေါ်တင်ဦးသည် မီးနီ ကလေး အဝေးတွင် ကွယ်ပျောက်သည့်တိုင်အောင် ကြည့်ကျန်ရစ်ခဲ့လေသည်။

*

## (၃)

သော င်းရီသည် ပိုးလွှယ်အိတ်ကလေးမှ ဒဂုန်မဂ္ဂဇင်းကိုယူ၍ ဖတ်စပြု နေလေ၏ ။ သော င်းဖေကား စာအုပ်သေတ္တာကို ဖွင့်နေရင်း

"ကိုညိုထွန်း ဟောလီးဒေးအတွင် းမှာ အတန်းစာတွေ ဖတ် ဖြစ်သေးသလား"

"မဖတ် ဖြစ်ပါဘူးဗျာ အောက်ဆိုက်တွေ ချည်းပဲ ဖတ်ပစ်လိုက်တယ်၊ အဖေ ကတော့ အတန်း စာဖတ်ဖို့ ခဏခဏ ပြောပါရဲ့၊ သူတို့ပြောတော့လည်း ကျွန်တော် ဖတ်နေသားပဲ ကြည့်ပါလားဆိုပြီး အတန်းစာမဟုတ်တဲ့ ဝတ္ထုကြီးတွေ တိုင်းရေး ပြည်ရေး စာအုပ်တွေ ကို ညွှန်ပြလိုက်တာပဲ။ အင်္ဂလိပ် မတတ်တဲ့ လူကြီးတွေ ဆိုတော့ စာအုပ်ဖတ်နေတာမြင်ရင် ကျေနပ်သွားတာပဲ" ဟုပြောပြီး ဒဂုန် မဂ္ဂဇင်းတွင် ပြုံး ဖတ်နေသော သော င်းရီကို ကြည့်နေလေ၏ ။

"ကျွန်တော် တို့ ဖေဖေ ကတော့ အင်္ဂလိပ်စာတတ်မို့ ညာမရဘူး။ အတန်းစာဆို အတန်းစာပဲ ဖတ်ရတယ်၊ ကျွန်တော် သည့်ပြင်စာတွေ ဖတ်တော့ ဖတ်ချင်ပါတယ်"

"ဟေ့ အရီ ဘာတွေ ဖတ်နေသလဲ ယုဝတီစက္ခုခန်းလား၊ နီတိမာလာခန်းလား" ဟု ညိုထွန်း က သော င်းရီကို လှမ်းမေးလိုက်၏ ။

အဟစ်ခနဲ ရယ်ပြီး သော င်းရီသည် စာအုပ်ကို ခုံပေါ် ချပြီး ပြလိုက်လေ၏ ။

"ဘာတွေ ဖတ်နေတာလဲ"

"ဝတ္ထုအစ်ကိုကြီးရဲ့ " ဟု ပြောပြီး လက်တစ်ဖက်ကို ခုံပေါ်တွင် ထောက်လျက် တစ်ဖက်ဖြင့် မဂ္ဂဇင်းကို လှန်နေလေ၏ ။

"အရီ ယုဝတီစက္ခုတို့ နီတိမာလာတို့ ခေါင်းကြီးတို့ ထေရ်ရီဘာသာပြန်တို့ မဖတ်ဘူးလား"

"မဖတ်ဘူး အစ်ကိုကြီးရဲ့၊ ဝတ္ထုတွေ သာ ဖတ်တယ်"

"ဝတ္ထုကြိုက်သလား"

"ဝတ္ထုပဲ သိပ်ကြိုက်တယ်၊ သည့်ပြင် ဘာမှ မဖတ်ချင်ဘူး၊ အစ်ကိုကြီးကော"

"အစ်ကိုကြီးလည်း ဝတ္ထုကြိုက်တာပဲ၊ သို့ ပေမယ့် ဝတ္ထုကောင်းဖတ်ချင်ရင် ဗမာစာမှာ ရှာလို့ မတွေ့ဘူး ညီမလေးရဲ့၊ တို့စာမှာ ရှိတဲ့ ဝတ္ထုတွေ ဟာ အနုံအည့်တွေ ချည်းပဲ၊ ပီမိုးနင်းကြီး တစ်ယောက် ဝတ္ထုရေး ဆရာနှင့် တူတာရှိရဲ့၊ ဝတ္ထုရေး တဲ့ (အာ့တ်) Art

ပညာကို နားလည်တယ်၊ သို့ ပေမယ့် ဒီအဘိုးကြီးကလည်း လူတွေ အပျော်ဖတ်ဖို့ကလွဲပြီး ဘာမှ မွန်မြတ်တဲ့ရည်ရွယ်ချက် မရှိဘူး၊ ပြီးတော့ ဖြစ်ကတတ်ဆန်း အတော် ရေး တယ်ထင်ပါရဲ့ ၊ သူ့ဂျီနီးယတ်စ် (genius) ကို ကောင်းကောင်းမွန်မွန် ရိုရိုသေသေ အသုံးမချဘူး၊ ဒီတော့ အကောင်းဆုံးက ဒီအပေါစား ဗမာဝတ္ထုတွေ ကို ဖတ်နေမယ့်အစား အင်္ဂလိပ်စာပေမှာ ရှိတဲ့ တိုင်းပြည်အမျိုးမျိုးက ဝတ္ထုကောင်းတွေ ကို ဖတ်ပါလား"

"ရီ ဖတ်ချင်သားပဲ၊ ဘယ်ဟာ ဖတ်ရမှန်း မသိပဲ၊ ပြီးတော့ ရီက ဗမာစာလည်း တော် ချင် တာကိုး၊ အင်္ဂလိပ်ဝတ္ထုဖတ်လို့ ဗမာစာတော် ပါ့မလား အစ်ကိုကြီးရယ်" ဟုပြောပြီး ဒဂုန်မဂ္ဂဇင်းကြီး ကို လှန်လှောနေလေ၏ ။

"ဗမာစာ ကောင်းကောင်းရေး တတ်ချင်လို့ ဝတ္ထုတွေ ဖတ်ရင် မင်းအရေး တောင် ပျက်သွား လိမ့်အုံးမယ်၊ သူတို့စာတွေ က ရေး ပုံရေး နည်းလည်း ဂရုစိုက်ကြတာ မဟုတ်ဘူး၊ ထင်သလို ရမ်းပြီး ရေး ကြတာ၊ ဒီတော့ အကောင်းဆုံးက ဗမာစာတော် အောင် သခင်ကိုယ်တော် မှိုင်းရေး တဲ့ ဒေါင်းဋီကာတို့ မျောက်ဋီကာတို့၊ ဆောင်းပါးပေါင်းချုပ်တို့၊ ဆရာဦးမောင်ကြီးရေး တဲ့ တပင်ရွှေထီး၊ နတ်ရှင်နောင်၊ ထေရ်ရီဘာသာပြန်၊ စာဏကျနီတိတို့ဖတ်၊ ဒဂုန်မဂ္ဂဇင်းက ယုဝတီစက္ခုလည်း မှန်မှန်ဖတ်၊ တစ်ဖက်က အင်္ဂလိပ် စာကောင်းပေကောင်းတွေ ဖတ်၊ ဒါမှ ဗမာစာ ကောင်းလာမယ်၊ ခု ဆယ်တန်းအောင်တုံးက ဒစ်စတင်းရှင်း ရသေးသလား"

"ရတယ်၊ မက်စ်ရယ်၊ ပထဝီရယ်၊ ရီမက်စ်မှာ ပုစ္ဆာတိုင်းရတယ်" ဟု ပြောပြီး ဒဂုန်မဂ္ဂဇင်းကို ပိတ်၍ ချထားလိုက်၏ ။ ညိုထွန်းလည်း သော င်းရီထိုင်နေသော ထိုင်ခုံပေါ်တွင် ခြေတင်ပြီး "အင်း တော် တော် ခက်တဲ့ ကောင်မလေးပဲ၊ အတွက်မှာ အထူးအောင်တယ်ဆိုရင် ဉာဏ်မခေလှဘူး" ဟု တွေ းမိလေ၏ ။

သော င်းဖေကား ပက်လက်လှန်၍ စာအုပ်ကြီး မျက်နှာပေါ်တင်ကာ အိပ်ပျော်နေလေ၏ ။

"အစ်ကိုကြီး အိုင်အေမှာ ဘာယူရရင် ကောင်းမလဲ"

"စာမေးပွဲ လွယ်လွယ်နဲ့အောင်မယ်ထင်တဲ့ ဘာသာတွေ သာ ယူပေတော့"

"ရီလေ ဗမာစာလည်း တော်ချင်တယ်၊ တိုင်းရေး ပြည်ရေး လည်း နားလည်ချင်တယ်၊ ဘာယူရကောင်းမလဲ"

"ဟေ တိုင်းရေး ပြည်ရေး ဟုတ်လား" ညို့ထွန်း၏ မျက်လုံးများ သည် ပြူး သွားပြီး နဖူးရေများ သည် ရှုံ့သွားလေ၏ ။ "ညီမလေး မင်း တိုင်းရေး ပြည်ရေး သိချင်ရင် ယူနီဘာစီတီကို မလာနဲ့ အိမ်ပြန်ပြီး စာဖတ်၊ တို့အိုင်အေမှာ အစက တိုင်းရေး ပြည်ရေး အခြေခံ ဖြစ်တဲ့ မြို့ ရေး ရွာရေး ဆစ်ဗစ်ဆိုတာ သင်ခွင့်ပြုတယ်၊ ခုတော့ ကျောင်းဆရာများ မှာ ဘယ်လို အမြင်တော် ထူးလာတယ် မသိဘူး၊ အဲဒီ ဘာသာကို မသင်ရတော့ဘူး"

"သိပ်ဆိုးတာပဲ အစ်ကိုကြီး"

"အေးပေါ့၊ သိပ်ဆိုးတာပေါ့၊ ယူနီဘာစီတီမှာ ဘာကို ယူသင်သင် မထူးတော့ဘူး၊ အင်္ဂလိပ် စာဆိုလည်း တို့လောကကြီးနှင့် ဆန့်ကျင်တဲ့၊ တို့လောကမှာ ဘာမှသုံးမရစေတဲ့၊ တို့တတွေ ကို အတွေးနဲ့လွှမ်းပြီး နေစေတဲ့၊ တို့တတွေ ကို ထထကြွကြွ မရှိ ဖြစ်စေပဲ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်စေတဲ့ ဟာတွေ သင်နေရတာ ကွ၊ ရာဇဝင်ဆိုတော့လည်း ဗြိတိသျှ အင်ပီရီရယ်လစ်ဇင်းကို တို့တတွေ ထဲ မှာ မျိုးစေ့ကြဲတဲ့စာတွေ ကွ၊ ကြည့်လေ အင်္ဂလိပ်ရာဇဝင်မှာ ဆိုရင် တောင်သူတွေ မှာ မြေယာမဲ့ ဖြစ်ပြီး ဆင်းရဲဒုက္ခရောက်ရပုံ၊ အင်္ဂလိပ်အစိုးရဟာ အဲဒီ ဆင်းရဲသားတွေ ကို ဓနရှင်ကြီးများ မြေပိုင်ရှင်ကြီးမများ က ကြီးစိုးနေတာ လက်ဝါးကြီးအုပ်တာကို အားပေးပုံ၊ အင်္ဂလန်ပြည်မှာ ဓနရှင် များ ချမ်းသာလာတာနဲ့တစ်ပြိုင်နက် ကိုလိုနီနယ်တွေ ရှာပုံ၊ နိုင်ငံခြားများ ကို တရားမဲ့ သိမ်းယူပုံ၊ စစ်ကြီးတွေ ဖြစ်အောင် ဓနရှင်ဝါဒက လှုံ့ဆော်ပေးပုံတွေ ကို ရေး တဲ့ရာဇဝင်မျိုး အစ်ကိုကြီးတို့ ကျောင်းတွေ မှာ သင်မပေးဘူး၊ ဓနရှင်တွေ အင်ပီရီရယ်လစ်တွေ ကို ထောက်ခံတဲ့ရာဇဝင်ကိုသာ သင်ပေးတယ်၊ ပြင်သစ်သူပုန်ကျတော့လည်း ဆင်းရဲသားတွေ က မြေပိုင်ရှင်နှင့် မင်းမျိုးမင်းဆွေ တွေ ကို ပုန်ကန်ပြီးတဲ့နောက် ဆင်းရဲသားတွေ ကို ဘူးဂျွာဇီဆိုတဲ့ အလယ်တန်းစားလူတွေ ၊ နောင် ဓနရှင် ဖြစ်မယ့်လူတွေ က လိမ်လည်လှည့်ဖြားပြီး သူတို့အကျိုးကိုသာ ရှာသွားပုံတွေ မပါတာကိုမှပဲ သင်ရတယ်။

ပြီးတော့ အိန္ဒိယပြည်မှာ တို့မင်းတုန်းလက်ထက်က မြူတနီဆိုတဲ့ သူပုန်ထတာဟာ၊ တို့သင်ရတဲ့ အတန်းစာ ရာဇဝင်တွေ မှာ ကုလားစစ်သားတွေ က သေနတ်ကို ဝက်ဆီသုတ်ဖို့ဆိုတဲ့ အမိန့်ကို မကျေနပ်ကြလို့တဲ့။ တကယ်ဆိုတော့ သူတို့ရေး တာလိုမဟုတ်ဘူး၊ ဗြိတိသျှအစိုးရ တိုင်းသူပြည်သားများ မြေတွေ ကိုသိမ်းလို့ သူပုန်ထကုန်တာပဲ။ အဲဒီ လို အင်ပီရီရယ်လစ် အကျိုးဆောင်ရာဇဝင်တွေ ၊ တို့ဗမာစာပေမှာ လည်း ကိုယ်ပိုင်ဉာဏ်သုံးတဲ့ အကွက်မရှိ။ တစ်ဝက် ကျော်ကျော်က ရည်းစားစာတွေ ချစ်ခန်းကြိုက်ခန်းကဗျာတွေ ၊ ဘုရားကို ရည်းစားစကား အပြော ခိုင်းတဲ့ဟာတွေ သာ ပေါ်နေတာပဲ၊ တို့ဗမာစာပေမှာ ဖီလော်ဆော်ဖီဆိုတဲ့" ထိုသို့ ပြောနေစဉ် အနီးရှိ ကုလားတစ်စုက သီချင်းအော်ဆိုကြသဖြင့် "တောက် ဒီကောင်တွေ ဆူကြပြန်ပြီနော်၊ ဖီလော်ဆော်ဖီလည်း မရှိသလောက်ပဲ၊ လောက၊ အမြင်၊ ပညာလို့ ခေါ်ရမှာ ပေ့ါ ညီမလေးရယ်၊ လောက အမြင်ပညာနည်းရင် လောကမှာ နေလို့ ဘယ်ကောင်းတော့မလဲ၊ ဒီတော့ စာမေးပွဲမြန်မြန်နဲ့ လွယ်လွယ်အောင်မှာ ကိုသာ ရွေး၊ ခု အရီတော် တဲ့ မက်စ်နှင့် ပထဝီကိုယူ၊ သည့်ပြင် လွယ်မယ်ထင် တာ တစ်ခုခုယူ၊ ဗမာစာက လွယ်ပါတယ်" ဟုပြောပြီး ရထားပြင်ဘက်သို့ ကြည့်လိုက်၏ ။ ဝိုင်းစက် သော လမင်းသည် ရထားနှင့် အတူတူ ပြေးလိုက်လာ၏ ။ အရွက်အကိုင်းများ ကို ခွဲခွဲခြားခြား မမြင် ရသော သစ်ပင်ကြီးငယ်တို့ကား ရထားနှင့် ဖီလာ ပြေးလွှားနေကြလေ၏ ။ ညိုထွန်းသည် ကွင်းပြင် ကြီးမှ တိုက်ခတ်လာသော သန့်ရှင်းသည့်လေပြည်ကို ရှူရှိုက်ရင်း ကောင်းကင်ပြင်တွင် ကြည်နူးနေ လေ၏ ။

သော င်းရီသည် ဒဂုန်မဂ္ဂဇင်းကို ပေါင်ပေါ်တင်ပြီး ညိုထွန်းကြည့်နေသော ဘက်သို့ လှမ်းကြည့်လိုက်လေ၏ ။ ငွေခြည်လွှာကို ခြုံလွှမ်းအပ်သော ပတ်ဝန်းကျင်တစ်ခုလုံးသည် ခပ်မှု န်မှု န် ဆေးခြယ်ထားသော ရှုမျှော်ခင်း အရုပ်ကားနှင့် တူနေလေ၏ ။

"ကိုင်း ဖတ် ဖတ်၊ ဝတ္ထုဖတ်ချင်လည်း အဲဒါပဲဖတ်ဦး၊ ရန်ကုန်ရောက်တော့၊ အစ်ကိုကြီး ကောင်းတဲ့ဝတ္ထုတွေ ပေးမပေ့ါ"

"ညီမလေး ယုဝတီစက္ခုကို ဖတ်ကြည့်ဦးမယ်" ဟု ပြောပြီး စာအုပ်ကို

ဖွင့်ဖတ်နေလေ၏ ။ ညိုထွန်းကား ကျယ်ပြောသော ကောင်းကင်နှင့် သဘာဝ ကြီးတွင် ဖောက်ပြန်ကွဲလွဲမှု နည်းပုံနှင့် လူလောကကြီးတွင် ဖောက်ပြန်ကွဲလွဲမှု များ ပုံကို အံ့သြတွေ းတောနေလေ၏ ။

*

(၄)

မောင်သန်းမြင့်မှာ လွန်ခဲ့သော နှစ် က မြန်မာစာတွင် ဒုတိယတန်းဂုဏ်ထူးနှင့် အောင်ခဲ့၍ ယခုအခါ ကြက်ကလေးနှင့် ကြက်ဥကွဲပြားသလို မနှစ် ကနှင့် လုံးဝမတူ ကွဲပြားလာခဲ့လေ၏ ။ မနှစ် က ကျောင်းသား၊ ယခုနှစ် လေးပုံတစ်ပုံ ဆရာကလေး (ဝါ) ကျူ တာကလေး၊ မနှစ် က ဘိုကေ အရောင် ပြောင်၊ ယခု ခေါင်းပေါင်းအရောင် ပြောင်၊ မနှစ် က ပန့်ပရှူး တခွပ်ခွပ်၊ ယခု ဘားရက်ရှူး ဖိနပ် တကောက်ကောက်၊ မနှစ် က ပိုးလုံချည်တစ်ပတ်ရစ် တလျှောလျှော၊ ယခု ပိုးလုံချည်အသစ် စက်စက် တရွှမ်းရွှမ်း၊ မနှစ် က ကျောင်းဆောင်စားပွဲထိုးကသာ ဆရာအခေါ်ခံရသော်လည်း ယခုနှစ် ကား ပဌမကျောင်းသား ကျောင်းသူများ ကပါ ဆရာ ဆရာနှင့် အခေါ်ခံရလေပြီ။

သူသည် မြန်မာစာဘက် (ကျူတာ) သာ ဖြစ်သည်မဟုတ်၊ ကျောင်းဆောင် ဟိုစ်တယ်မှာ လည်း ဝါဒင် ဖြစ်ပြန်သဖြင့် နှစ် ဆယ်တန်အခန်းနှင့် ဆယ့်ငါးကျပ်တန် ထမင်းကို အလကားနေရ စားရလေ၏ ။ လေးပုံတစ်ပုံ မြန်မာစာပြဆရာနှင့် လေးပုံရှစ်ပုံ ဟိုစ်တယ် ဆရာပေါင်း၍ ထက်ဝက် ဆရာ ဖြစ်၍ ကျန်ထက်ဝက်အတွက်မှု အမ်အေတန်းကျောင်းသား ဖြစ်ပြန်လေ၏ ။

မောင်သန်းမြင့်ကား မြန်မာစာပေ၏ ကဗျာ အနုအယဉ်များ ကို အရသာကောင်းစွာ ခံစား လေ့ရှိ၏ ။ ကဗျာကောင်းများ ကို တစ်လုံးစီဖတ်၍ စကားလုပ်ပုံကို

မြတ်နိုး၏။ အားလုံးအမိပ္ပာယ် ခြုံကောက်ပြီး၍ အချစ်အကြောင်းကို သိမ်မွေ့စွာ ဆောင်သော ထိုအမိပ္ပာယ်ကို မြတ်နိုး၏။ အမိပ္ပာယ်ကောက်ပြီး ဆိုစမ်း၍ သူ့အသံနှင့် ကဗျာ၏ နရီကို တိုက်ကြည့်ရာ နှစ် သိမ့်၏။ သီဆိုကာ မှုဖြင့် မရောင့်ရဲသေး၍ လက်မှ စောင်းကောက်ကြီးတီး၍ လိုက်သေး၏။

မကြာခဏလည်း အဖော်သုံးလေးယောက် အား စောင်းကောက်ကြီး အသံညှိပြရသေး၏။ တောင်တောင်နှင့် တီးပြပြီး "ဟောဒါက ပြည်တော် ပြန်ခေါ်သဗျ" ဟု ရှင်းပြ၏။ တောင်တောင်နှင့် တီးပြီး "ဟောဒါက ပုလဲ" တောင်တောင်နှင့် ထပ်တီးပြီး "ဟောဒါက ခြောက်ပေါက်ကိုးဗျ" ဟု စောင်းဆရာဘဝဖြင့် မိမိ၏ အခန်းသို့ လာသမျှသော မိတ်ဆွေတို့အား ကောင်းစွာ ပြရသေးပေ၏။

များ စွာ သော မိတ်ဆွေတို့ကား "ကဲ ကိုသန်းမြင့်ရာ အသံတွေ ညှိပြတာ နားမလည်ပါဘူး၊ သီချင်းကြီးတစ်ပုဒ်လောက်ဆိုပြီး တီးဗျာ၊ နားထောင်ရအောင်" ဟု တောင်းပန်ကြသဖြင့်

"ကဲ ကြိုး ဆိုရမလား ဘွဲ့လား၊ သီချင်းခံလား၊ ပတ်ပျိုးလား၊ ယိုးဒယားလား၊ တလိုင်းသံလား၊ ဘောလယ်လား ကြိုက်တာပြောကြ၊ ကျွန်တော် က ဒီလိုဗမာတွေ ရဲ့ ယဉ်ကျေးမှု ပညာတွေ ကို လက်စွမ်းလိုက်ရရင် ကောင်မလေးတွေ က လူလယ်ခေါင် ဆရာအခေါ်ခံရတာ ထက် ကျေနပ်သေး တယ်၊ ကဲ ပြောကြလေ" ဟု ကျေကျေနပ်နပ်ကြီး တီးပြလေ့ရှိ၏။

ယနေ့ကား သူ့အခန်းသို့ မည် သူမျှမလာ၊ လာနေကြ အောင်ချစ်၊ မောင်ကျော်ထွန်း၊ သိန်းမောင်တို့ကား ဘယ်သွားနေဘိသည်မသိ၊ မောင်သန်းမြင့်မှာ မသာလည်းတ၊ သာလည်းတရ သည့် ဖိုးလမင်းကြီးကို မငြီးသာ ကြည့်ခြင်းဖြင့် ကြည့်နေလေ၏။ ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွတ် သည့်အဘိုးအို ဆိုသော သီချင်းဟောင်းတစ်ခုကို အမြဲစွဲထားပြီး လလယ်တွင် အရိပ်တစ်ခုကို ယုန်ရုပ်ဖြင့် အသွင်စပ်၍ ကြည့်နေလေ၏။ နောက် အရှေ့ဘက်ဆီသို့ ကြည့်လိုက်ပြန်၏။ မနှစ် က ဘီအေစာမေးပွဲအပြီး ခွဲချွန်ထားခဲ့သော သစ်တိုပင်များ ကို တွေ့ရ၏။ မနှစ် က

သစ်တိုပင်ကြီးများ ကို ရွက်ဟောင်းတွေ ကြွေနေစဉ် ခွဲခဲ့ရ၏ ။ ယခု ရွက်သစ်တွေ ဝေကာမှ ပြန်တွေ့ရသဖြင့် "ဒါမှ တို့ သစ်တိုပင်ကွ" ဟု အောက်မေ့မိလေ၏ ။ မနှစ် က ညှိုး ခြောက်မွဲပေသော မျက်နှာဖြင့် နှုတ်ဆက် လိုက်သော မြက်ခင်းသည် ယခုအခါ စိမ်းလန်းစိုပြည်စွာ ကြိုနေလေ၏ ။ သူသည် လကို မော်ကြည့် ပြန်လေ၏ ။ ထိုအခိုက် မီးလောက်မှ ထုမနက်သော တိမ်တိုက်တစ်ခုသည် လမင်းဆီသို့ ပြေးလာ၏ ။ "အို ခက်တော့တာပဲ၊ လမင်းရဲ့ လှခြင်းကို ဖျက်တော့မယ့်ဟာလား" ဟု ငြိုငြင်မိ၏ ။ ကံအားလျော်စွာ တိမ်တိုက်ကလေးက ခပ်ဝေးဝေးက ရှောင်ကွင်း၍ ရွက်တိုက်သွားလေ၏ ။ ထိုတွင် မှ များစွာ ကြည်လင်သွားပြီး မောင်သန်းမြင့်သည်

"စက်လည်းမရှင်၊ ကျမျက်ရည်ထွေထွေဆင်း၊ ငွေနှင်းရည်သို့ သွင်၊ တုံ့ကာဝင်ရှုတင်၊ မယ်မြင် လဲ့တော့လေး၊ ဆိုယောင်မှိုင်မိသေး၊ ရိပ်ပေးကာမျှော်လို့၊ တော် ရုံပင် မာန်ပျိုးပ၊ ဖိုးရွှေလယုန်မင်း၊ ပြာလဲ့မှာ ဇာချဲ့တယ်၊ မုန်းမာန်နှင့် တင်းတင်း၊ နှင်းထုံတဲ့ဘုံမှာ ကိုလည်း ခင်ကြုံရနဲ၊ မကြုံနိုင်၊ ယိမ်းယိုင်ခွေကာ နွမ်းပါလို့လေး၊ မကြုံ မကြုံပါနိုင်၊ ယိမ်းယိုင်ခွေကာ နွမ်းပါလို့လေး" စသော အလွမ်းပတ်ပျိုးကလေးကို ယောကျ်ားအ ဖြစ်နှင့် ပင် မဆီလျော်အောင် နွဲ့ကာင်ကာဆို၍ တံခါး ပြတင်းပေါင်ကိုမှီ၊ ရင်ခွင်တွင် စောင်းကောက်ကြီးကို ရုပ်သေးစင် မင်းသားကလေးပုဆိုးစဆွဲသလို ဟန်အရာနှင့် တို့၍ တို့၍ တီးလေ၏ ။ စောင်းသံကလေးမှာ လည်း အေးအေးကလေး ပြန့်လွင့်လျက် ရှိပေ၏ ။ သူ၏ စိတ်တွင် းသို့ လမင်း၊ မြက်ခင်း၊ သီချင်း၊ စောင်းသံတို့သည်သာ ဝင်လျက်ရှိ၍ အခြား အရာတွေ ကို မေ့လျက်ရှိ၏ ။ ထိုသို့ မေ့နေဆဲပင် သူသည် ညှိနိမ့်ကျသော ကမ္ဘာကြီးမှ အမြင့်သို့ တက်နေသည်ဟု အောက်မေ့ခံစားမိလေ၏ ။

"ကမ္ဘာလောကကြီးတွင် ဖြစ်ချင်တာ ဖြစ်ပါစေ၊ ကမ္ဘာကိစ္စ အသေးအမွှားတို့ကား ငါ့အား မထိခိုက်၊ ငါကား သာယာသော ဂီတတွင် သာ ချိုမြိန်စွာ နေအံ့" ဟူသော အဓိဋ္ဌာန်ကိုပင် ဆောင်သလောဟု တွေ းရတော့၏ ။

*

(၅)

သထုံဆောင် အောက်ဆုံးထပ် အခန်းတစ်ခန်းတွင် ၁၁ နာရီထိုးပြီး၍ မှာတ်မီးတွေ ပိတ်ထားပြီး ဖြစ်သော်လည်း ဖယောင်းတိုင်မီးကား လင်းလျက်ရှိလေသေးသည်။ ဝါလဲ့လဲ့ ဖယောင်း တိုင်မီးမှာ တံခါးအထက်က မှန်ပေါ်တွင် အရိပ်ပေါ်နေလေ၏ ။

ထွန်းအေးသည် သူ့အခန်းတွင် းမှ ထွက်လာပြီး၊ အခန်းကို အသံမကြားရအောင် သော့ ခတ် ပိတ်ပြီး အထက်ပါ အခန်းကလေးသို့ ဖိနပ်သံမမြည် စေဘဲ လာခဲ့လေ၏ ။ အခန်းတံခါးကို အသာ ကလေး ခေါက်၏ ။ "ရက်စ် ဟူးအစ်စ်သဲယား" ဟု မေးသံပေါ်လာပြီး အတွင် းလူက တံခါးဖွင့်ပေး လေ၏ ။ "ဟာ ကိုထွန်းအေးကိုး ကမ်းမွန်"

အပေါ်ဆုံးအထပ်မှ ဖေခင်သည်လည်း သူ့အခန်းမှ ကျူတာမကြားအောင် ထွက်လာခဲ့ပြီး အောက်ဆုံးအထပ်သို့ ဆင်း၍ အထက်ပါအခန်းသို့ သွားပြန်လေ၏ ။ သူကား အခန်းတွင် းသို့ အပြင်မှနေကြည့်၏ ။ ချွင်ခနဲ အသံကြားသဖြင့် နဖူးရေ တွန့်အောင် ပြုံး ပြီး၊ ပြန်တော့မည့် ငှက် အတောင်ကို မသလို လက်ကို ကြွထားလေ၏ ။ နောက် တံခါးကို ဒေါက်ခနဲ ခတ်ဆတ်ဆတ် ခေါက် လိုက်လေ၏ ။ အတွင် းက လူများ ကား သူတို့ဝိုင်းဖွဲ့ကာ ထိုင်နေကြသော ဖျာပေါ်သို့ ကောဇောတစ်ခု ကိုအုပ်ပြီး ထားလိုက်လေ၏ ။ "ဟော့ကောင် ဖွက်ထား၊ ဖွက်ထား" ဟု အမိန့်ပေးသော လေသံကို ကြားရလေ၏ ။ ဖေခင်သည် ထပ်ခေါက်ပြန်၏ ။ အတွင် းက အခန်းရှင်အေးကိုက တံခါးကို ဖွင့်ပေး လိုက်မှ "ဝါး" ခနဲ ဖေခင်က ဖြဲခြောက်လိုက်လေ၏ ။

"ဟော့ ခွေးသား၊ တို့က ဆရာလာပြီမှတ်လို့ ထိတ်လိုက်တာ၊ ဝင် တံခါးပိတ်မယ်၊ မင်းနောက် တာက ကိစ္စမရှိဘူး၊ လူတွေ နိုးကုန်မယ်" ဟု ဖိတ်ခေါ်ပြီး ဖေခင်ကို အခန်းလှောင်လိုက်ပြန်လေ၏ ။ ဖုံးထားသော ကောဇောကြီးကို ဖေခင်က မလိုက်ရာ၊ ငါးချပ်စီဝေထားသော ဖဲလေးပုံ၊ ငွေသား နှစ် ဆယ်၊ ငွေစက္ကူဆယ်တန်သုံးချပ်ကို တွေ

ရလေ၏ ။ ထိုအချိန်မှာ အိမ်က ရောက်ခါစ ဖြစ်၍ လူတိုင်း ငွေရွှင်ကြသည်။ ဝိုင်းတော် တော်ကလေး ကောင်းလေ၏ ။ အောက်တွင် ငွေအမြင်မှာ တစ်ပွဲတည်းထိုးထားသော ငွေ ဖြစ်၏ ။

"ဟေ့ မင်း ဘိုင်ကောင်လား၊ ငွေနည်းရင် မလာခဲ့နဲ့ မောင်၊ ပွတ်မယ်ကြံရင်တော့ ကန်ထုတ် မယ်" ဟု သိန်းဖေက ဖဲချပ်ကို ပွတ်ကြည့်ရင်း ပြောလေ၏ ။

"မင်္ဂလာပါပံ၊ လုနာတိဆိန္နာတီတိဆိန္နောတဲ့၊ အမင်္ဂလာစကားတွေ မပြောပါနဲ့ကွာ၊ ငါ့ဆီမှာ လက်ပတ်ကြိုး ရယ်၊ စိန်လက်စွပ်ရယ် ရှိပါသေးတယ်ကွ၊ ထောင်ကဲဆီမရောက်ခင် သွေးနီးသူဆီ ရောက်ဖို့ပေါ့ကွ"

"ကဲ ကဲ၊ လေတွေ သိပ်ပစ်မနေနှင့် ၊ ငါးအိမ်စီပဲဝင်၊ တို့ ဘူကြီးဆွဲနေတာ ငါးအိမ်မှ အကောင်းဆုံးပဲ၊ အိုက်ဒီးလ်ဘဲဟေ့" ဟု ခင်စောက လက်ဆွဲ အထိုင်ခိုင်းလေ၏ ။

အိမ်အနည်းငယ်ချဲ့၍ ငါးယောက် ကစားကြလေ၏ ။ ဖေခင်က ရွှင်ရွှင်ကလေး ကစား၏ ။ စစခြင်း "ဟောဒါက ၇-၉-၄ တွေ့လား ဘူကြီး၊ ဒီနှစ် ချပ် ဘာပါလဲ၊ ဟောဒါက ကုလားတစ်ကောင်၊ ကြည့် ဒါကတစ်ကောင်" ပြောရင်းပါသော ကုလားတစ်ကောင်ကို နှစ်ခါထပ်ပြနေလေ၏ ။

"တိုးရဲတိုးလေ ဟေ့ ထွန်းအေး" ထွန်းအေးမှာ ကိုးနှစ် စုံ နှစ် နှင့် သုံးဘေးတန်း အောက်က ပြ၍ အထက်က ချွန်းကြီးရှိသော ကြောင့် လောင်းအား များ စွာ ရရှိပြီး၊ "ကဲ တိုးတယ်ကွာ" ဟု နှစ် ကျပ် တိုးလိုက်လေ၏ ။ ဖေခင်က ကုလားလက်ခံကြောင့် အတင့်ရဲကာ "ကဲကွာ တိုးတယ်" ဟု ဆိုပြီး နှစ် ကျပ်ထည့်လိုက်၏ ။

"တိုးပါဦးလား" "တိုးတယ်ကွာ" စသည်ဖြင့် ငါးကျပ်စီတိုးပြီး ဖြစ်ကြလေ၏ ။ ဖေခင်က

"ကဲ မင်းပြော ဖဲပြ"

"အောင်မာ ရှာဦးမယ်"

"ရှာချင်ရှာ၊ အလယ်ပုံ ငါစားပြီဟေ့၊ ဟောကြည့် ဘူကြီး" ဟု အေးကိုသည် ဖဲပြ၍

အလယ်ပုံ သိမ်းလေ၏ ။ ထွန်းအေးသည် ဖဲပုံတွင် "ဘုရား ဘုရား ရှစ်ထွက်ပါဗျာ၊ ရှစ်ထွက်ပါဗျာ၊ သူကလေး အချစ်မပျက်တာဖြင့် ရှစ်ထွက်ပါဗျာ" ဟု ရှာလေရာ ပထမခြောက်ထွက်သွား၏ ။ "ဘုရား ဘုရား" နှင့် ထပ်ရှာသော ခုနစ်ထွက်သွားသော ကြောင့် ဟင်းခနဲ သက်ပြင်းချပြီး လင်းတမှိုင် မှိုင်သွားလေ၏ ။ ဖေခင်သည် "တတူနဲ့တယ်တဲ့တောင် ငါ စားမယ်၊ ငါ စားမယ်" ဟု အော်နေ၏ ။

"ဟော့ကောင် ဖဲပြဦး"

"ကဲ ကုလားတစ်ကောင်ကွ၊ ကုလားတောင်းပါ အရာကြီး လာရော့လဟယ်" ဖဲကို လက်ဝါးတွင် လှန်လိုက်ရာ တစ်ပုကလေး ဖြစ်နေသော ကြောင့် "အမယ်လေးကွာ၊ အမယ်လေးကွာ" နှင့် ဖင်နှင့် သမံတလင်း ဆောင့်နေလေ၏ ။ အားလုံး ဝိုင်းရယ်ကြလေ၏ ။

*

(၆)

ပင်းယကျောင်းဆောင် အခန်းတစ်ခန်းတွင် ကား တစ်ခန်းဟု ဆိုရသော်လည်း နှစ် ခန်းဆက် ဖြစ်သဖြင့် လူနှစ် ယောက် နေရ၏ ။ ထိုအခန်းတံခါးကို ယခုထက်တိုင် မပိတ်သေးချေ။ ဘမော်ကား လျှပ်စစ်မီးတုတ်ဖြင့် လျှပ်စစ်ကြိုး ခိုးသွယ်ကာ လက်ဖက်ရည်အိုး တည်နေလေ၏ ။ ဘဖေကမူ ပက်လက်ကုလားထိုင်တွင် ထိုင်၍ ဆေးပေ့ါလိပ် မှိန်းနေလေ၏ ။ အောက်ခန်းမှ ချစ်လှိုင်နှင့် ဘစိန် တို့သည်လည်း ဘဖေ၏ အိပ်ရာပေါ်တွင် ထိုင်နေကြလေ၏ ။ ဘစိန်က

"ဟော့ကောင်တွေ ၊ ဒီနှစ် ဖရက်ရှာမလေးတွေ တယ်ချောပါလား၊ မင်း ဒီနှစ် တော့ တစ်ယောက် တော့ စွန်ချင်တာပဲဗျာ၊ ဒီနှစ် က သူတို့တတွေ ကောလိပ်မှာ ရည်းစားမှုမပေါက်ခင်က ကိုယ်က ရွေးထား၊ ရှေ့နှစ် ကျ ဘီအေအောင်ပြီးယူ" ဟု

မိန်းမဂဏာန်း တွက်ပြလေ၏ ။

"ကိုယ့်လူက ဘီအေအောင်ပြီး ဘာလုပ်မလဲ၊ မိန်းကလေးတွေ က မင်းအလုပ်အကိုင်နဲ့ ဆိုရင်တော့ ယူမှာ ၊ နို့မဟုတ်ရင်တော့ မင်းနဲ့ခုက ရည်းစား ဖြစ်ထားဦးတော့ ကန်ထုတ်လိုက်မှာ ၊ မတွေ့ဘူးလား၊ အမာစိန်ဟာ ဖေမောင်ကို ကန်ထုတ်တာ" ဟု ဘဖေကြီးက ဆေးပေါ့လိပ်ပြာချရင်း ပြောမှ

"ငါတော့ ဘာလုပ်ရမယ် မပြောတတ်သေးဘူးကွာ၊ မိန်းမလိုချင်တာပဲ ရှိတယ်၊ မင်းကော ဘာလုပ်မလဲ" ဟု ဘစိန်က မေးလေ၏ ။

"ငါက အိုင်နင့် စတဲ့ စာမေးပွဲတစ်ခု ဝင်မလို့ကွ"

"တယ်ဆိုတဲ့စာပါလား၊ ရပ့်မလား မင်းလို အော်ဒင်နာရီဘီအေနင့် အွန်နာတွေ ပြိုင်ရမှာ " ဘမော်က မေးလေ၏ ။

"အို ရပါတယ်၊ မင်း ဒီ အိုင်စီအက် အိုင်အက်ဖ်အက် အိုင်ပီအက်အပြင်ကလွဲလို့ ငါ့ဂုဏ်နင့် လိုက်တာမရှိဘူး၊ သည့်ပြင်ဟာတွေ ကတော့ နံပါတယ်"

"ဟကောင်တွေ တယ်အထင်ကြီးကြတာကိုးကွ၊ တို့တော့ မောင် မြူနီစီပါယ်မှာ စာရေး ဝင်လုပ်မယ်၊ တစ်လ တစ်ရာတဲ့ မေးပြီးပြီ" ဟု ချစ်လှိုင်က စွက်လေ၏ ။

"ဟေ့ ဘဖေ ရေနွေးဆူပြီ၊ ငါ လက်ဖက်ရည် ဖျော်တော့မယ်၊ မင်း ဘီစကစ်ဖွင့်ကွာ"

"မစားပါနင့် ဦးကွာ၊ နက်ဖြန်မှ စားတာပေါ့"

"ခွေးသားကြီး မင်း နမြောနေတာချည်းပဲ၊ ဖွင့်ကွာ၊ ငါ နို့မို့ရင် လက်ဖက်ရည်မဖျော်ဘူး မောင်"

သို့ ငွတ်ပြောမှ ဘဖေသည် မုန့်သေတ္တာပုံးကိုဖွင့်၍ မုန့်ကျွေးတော့၏ ။ လက်ဖက်ရည် သောက်ရင်း ဘဖေကြီးက သူ အစားကြီးကြောင်း ပြောပြလေ၏ ။

"အစားကြီးတာတော့ ဘာပြောကောင်းမလဲကွာ၊ တစ်ခါတလေ မော်လမြို

င်သူတွေ အံ့ဩ သွားရတယ်ကွာ၊ တွေ့ကြတာက ကျိုက်ထီးရိုးမှာ ကိုး၊ တွေ့ကြလို့ ဘယ်ကတုံး ဘာညာနဲ့ မေးပြီးကာ ရှိသေး ဖော်ဖော်ရွေရွေ ခင်မင်သွားကြတာပေါ့ကွာ၊ သူတို့က ချိုင့်ထဲမှာ ထမင်း သူတို့ သုံးယောက် စာ ထည့်လာတာကိုး၊ အဲဒါကို ငါ့ကို စားပါတဲ့၊ ငနဲမတွေ က ငါ့ကိုကျတယ်ထင်ပါရဲ့ ၊ ငါက မစားပါ ဘူးလို့ ဟန်လုပ်လည်း မရဘူး၊ အတင်းကျွေးလို့ ငါစားတာကိုး၊ အားလုံး ကုန်သွားရော၊ သူတို့လည်း အံ့ဩပြီး ကြည့်နေကြတာပေါ့၊ နောက်ပြီး ပေါင်မုန့်တွေ လှီးပြီး ထောပတ်သုတ်ကြတာ ကို သူတို့က ကျွေးပြန်တော့ စားပြန်တာပေါ့၊ ကောင်မတွေ ကလည်းဟော့ သဒ္ဓါလိုက်တာ မပြောနဲ့ တော့"

"ဟော့ ဒါထက် မော်လမြိုင်သူတွေ ဆိုတာ လုံးကြီးပေါက်လှ ဖွံ့ကောင်းကောင်းတွေ ချည်း ပဲဆို၊ ငါမရောက်ဘူးလို့ မသိဘူး" ဟု ဘမော်က မေးပြန်လေ၏ ။

"ဟာ ဒါ များ သော အားဖြင့် ပြောတာပါကွာ၊ ဒါဖြင့် ဘီအေဂျူနီယာက ခင်မြင့် ဘယ့်နှယ် လုပ်မလဲ၊ သူ မော်လမြိုင်သူကွ၊ ပိန်လိုက်တာ ချုံး လို့ပဲ၊ ကမ္ဗဋ္ဌာန်းရုပ်ကလေးကျနေတာပဲ"

"ဟ ဒါက တခြားပဲ၊ ခင်မြင့်ပိန်တာက မင်း သူ့ဇာတ်ထုပ် မသိဘူးထင်တယ်" ဟု ဘမော်က မေးပြီး လက်ဖက်ရည်ကို ကျိုက်ချနေပြန်လေ၏ ။ လမ်းဘက်မှ မော်တော်ကားသံကို ကြားသဖြင့် နားစွင့်ထောင်နေကြသေး၏ ။

"လုပ်စမ်းပါဦးကွ၊ ဘယ်လိုဇာတ်ထုပ်လဲ" ဟု အသီးသီး မေးကြ၊ အသီးသီး ပန်းကန်တွေ အောက်ချထားကြ၊ မုန့်က အမှု န့်တွေ ကျသည်ကို ခါပစ်ကြပြီး၊ ပမာဝတရား ကြီးလေးစွာ ထားကြပြီး နားအကြောတစ်ထောင်တွင် သွေးကုန် လွှတ်ကြလေ၏ ။

"ကွာ သနားစရာပါ၊ ခု ပညာဝန်ထောက် ဖြစ်သွားတဲ့ ဆရာကိုဘထွေး လက်ချက်ပေါ့ကွ၊ ကိုဘထွေးကို မှတ်မိတယ်ဟုတ်လား၊ ဟစ်စထရီကျူတာလေကွာ၊ ကောင်မလေး ဖရက်ရှာကွ၊ သူက ကြူတာ၊ သူ့ဆက်ရှင်မှာ ကောင်မကလေး သွားကျတာကိုး၊ ကိုဘထွေးက ကောင်မကလေး သင်ရင်းပြရင်းနဲ့ ပိုးရောကွ၊ ပိုးတော့ စွံတာပေါ့ကွာ၊ အဲဒီ

တုန်းက ကိုဘထွေးက အိုင်စီအက်လဲ ဝင်နေတော့၊ အိုင်စီအက်လောင်းလိုလိုကိုးကွ၊ နှစ်စကပိုးတာ သီတင်းကျွတ်ကုန်တော့ ကောင်မကလေး ရုပ်ရှင်ကြည့်ဆိုပြီး ခေါ်ထုတ်တာကိုးကွ၊ ဘထွေးဆိုတဲ့ကောင် တော်တော် မိုက်တဲ့ ကောင်၊ ခွေးကျင့်ကျင့်တယ်၊ ကောင်မလေးကို တို့ခေါ်နေကျပလေးဟော်တယ်ကို ခေါ်ထုတ်သွား တယ်၊ အင်း ပြောချင်ပါဘူးကွာ" ဟုဆိုပြီး ရပ်နေသော ကြောင့် "ဟေ့ကောင် ပြောပါကွာ ရှိခိုးပါရဲ့ " ဟု ဓမ္မကထိကကို အလှတပည့်မတို့က တရားအရှိပြပါဟု တောင်းပန်ဘိသည့်အတူ ဘဖေတို့ ချစ်လှိုင်တို့သည် တောင်းပန်ကြလေ၏ ။ ဘမော်ကား ရေထသောက်နေသေး၏ ။ နှပ်ထွက်ညှစ် လိုက်သေး၏ ။ တရားနာပရိသတ်တို့ကား သည်းညည်းခံ၍ စောင့်ကြရလေ၏ ။

"ကဲ ဆက်စမ်းပါဦး"

"ငါလည်း အဲဒီ ဟိုတယ်က မန်နေဂျာကပြောလို့ သိတာ၊ သူတို့ အပေါက်ကလေးတစ်ခုက ချောင်းကြည့်ဆိုပဲ"

"အီး အီး လုပ်ပါဟ၊ ဘာမြင်သလဲ"

"ပထမနေ့ခေါ်လာတော့ ငတိက အပေါ်အင်္ကျီ ချွတ်တယ်ဆိုရင်ပဲ အပေါ်အင်္ကျီကို မချွတ် အောင် ကောင်မလေးက အတင်းဆွဲထားလိုက်တယ်ကွ၊ အပေါ်အင်္ကျီကို မချွတ်ရဘူးတဲ့၊ ဒါနဲ့ ကောင်မလေးကို အိပ်ရာပေါ်မှာ လှဲပြန်တော့လည်း ငတိကိုဖက်ထားပြီး လည်ပင်းဖက်ပြီး မျက်နှာ ကိုသာ ကောင်မလေးက တရှူပ်ရှူပ် နမ်းသတဲ့၊ ဒါနဲ့ တစ်နေ့လုံး ငြင်းနေတာပဲတဲ့ဟေ့၊ ကောင်မလေး က ကြောက်နေတာနဲ့ တူပါ့ကွာ၊ ဘသားချောက ဒါနှင့် မပြီးဘူး၊ နောက်တစ်ခါ ခေါ်လာပြန်ရောတဲ့၊ အင်း ဒီတစ်ခါတော့ ကိစ္စတုံးတာပါပဲကွာ"

"ဒီတေးလ်လေးတွေ အသေးစိပ်စမ်းပါဦးကွ"

"စိပ်ချင်ပါရဲ့ ကွာ၊ မန်နေဂျာအလုပ်များ နေလို့ တစ်နေ့ကလိုပဲ ကောင်မလေးကို ကိုးရိုး ကားရားလုပ်နေမှာ ပဲဆိုပြီး နောက်မှ သွားကြည့်နေသတဲ့၊ သွားကြည့်တော့ ငတိက စီးကရက် တောင် သောက်နေပြီတဲ့။ နောက်ကျသွားတာကိုး၊ အေး ကဲ ဒီနှစ် နွေခါကျတော့ သူလည်း ပညာအုပ် အလုပ်ရရော၊ အိမ်က ပေးစားတဲ့ မိန်းမလည်း ယူသွားရော။

ကောင်မကလေး ကျန်ရစ် တဲ့အပြင် ဒတ်ဖရင်သွားပြီးတော့တောင် သားဖျက်ရသတဲ့၊ မပိန်ဘဲနေပါ့မလား" ဟု အဆုံးသတ် သည်တွင် ။

"ဟေ့ ငါတော့ အကြံကောင်းရပြီ၊ မိန်းမလည်း လိုချင်တယ်၊ အလုပ်လည်းရှိရမယ်ဆိုတော့ ရေ့နှစ် ကျူတာလုပ်မယ်။ ဘာပြောပြော ကျူတာပဲဟေ့၊ နို့ပေမယ့် ကိုဘထွေးလိုတော့ မယူဘဲ မရမ်းပါဘူးကွာ" ဟု ဘစိန်က ဥပဒေထုတ်လိုက်ပြီး၊ ထွေထွေရာရာ စကားတွေ ကို ပြောဆိုနေကြ လေ၏ ။

*

(၇)

တင် တင် တင် ဟူ၍ ပြင်းထန်စွာ တီးလိုက်သော ခေါင်းလောင်းကလေးသည် အတန်းချိန် တစ်ချိန်ကုန်၍ အတန်းသစ်တစ်ခုသို့ သွားရတော့မည် ကို နှိုးဆော်လိုက်လေသည်။ တစ်နာရီ လုံးလုံး ဆိတ်ငြိမ်၍ ဆရာတို့၏ စာစာ စာစာနှင့် အသံတို့မှတစ်ပါး မကြားရသော ကျောင်းတိုက် တစ်ခုလုံးသည် အုံးအုံးနှင့် ဆူစပြုလာလေ၏ ။

ပထမဦးစွာ စာအုပ်တွေ ကို ပိတ်၍ ပြင်သံဆင်သံတို့သည် သဲ့သဲ့ ပေါ်လာ၏ ။ ကြမ်းပြင်ပေါ် ဖိနပ်နင်းသံ၊ ခုံမြင့်ပေါ်မှ တဒုန်းဒုန်းဆင်းသံ၊အခန်းဝမှ ထွက်လာသော ကျောင်းသူများ ၏ ရှပ်တိုက် သော ဖိနပ်သံ၊ ၎င်းတို့နောက်မှ ပြုံး ၍ လိုက်ကြသော ကျောင်းသားများ ၏ ခြေသံတို့သည် တစ်သံပေါ် တစ်သံထပ်၍ ပေါ်လာလေ၏ ။ တစ်နာရီလုံး အောင့်ထားလိုက်ရသဖြင့် ရှုံးတိုးရှုတဖြင့် ငြိမ်နေကြရ သော လျှာများ သည်လည်း လွတ်လွတ်လပ်လပ်ကြီး လှုပ်ရှားလာသဖြင့် တအုံးအုံးနှင့် ဆူသွားလေ ၏ ။

ရေကန်ကြီး ကမ်းကျိုးသဖြင့် လမ်းကြီး လမ်းငယ်တို့သို့ ရေတွေ

တိုးထွက်ကြသလို အတန်းမ အတန်းငယ် အခန်းကြီး အခန်းလေးတို့မှ ကျောင်းသားအားလုံးတို့သည် အနိုင်အထက် ကော်ရီဒါခေါ် ဝရန်တာ လူသွားလမ်းဘက်သို့ အတင်းတိုးထွက်ကြလေ၏ ။ ကော်ရီဒါတွင် သွားလူ လာလူ နှစ် တန်းယှဉ်လျက် သွားလာနေကြသဖြင့် မီးရထားနှစ် စင်းဆုံသလို ရှိလေ၏ ။ သွားလူအုပ်မှ လူတစ်စုက လာလူအုပ်မှ အသိတစ်စုကို လက်ပြ၍ လည်းကောင်း၊ ပြုံး သော နှုတ်ခမ်း ပြ၍ လည်းကောင်း အသံပြု၍ လည်းကောင်း နှုတ်ဆက်ကြလေ၏ ။

အချို့သော ကျောင်းသူများ မှာ ကပြားမကလေးတွေ နှင့် လက်တွဲ ပြီး ဘယ်သူကိုမျှ အမှု မထားဘဲ ရင်ကော့ကာ လမ်းလျှောက်ကြလေ၏ ။ သူတို့ကား သူတို့ကိုစိုက်၍ ကြည့်သူ ကျောင်းသား များ ကို လက်စားချေပရန် ပြန်၍ ရဲရဲကြီး ကြည့်လိုက်ကြ၏ ။ အချို့ကျောင်းသူများ ကား သူတို့ အချင်းချင်း စကားတပြောပြော တခစ်ခစ်ရယ်၍ မျက်နှာအောက်ချကာ လျှောက်သွားကြ၏ ။ အရဲစွန့်သော နောက်ပိုးကျောင်းသားအချို့က ချောင်းသံ ရယ်သံ စသဖြင့် ပေးမှ သူတို့က မျက်နှာ မော့ကြည့်လိုက်ကြတော့၏ ။ အချို့ကျောင်းသူများ မှာ စာအုပ်ကို ရင်တွင် ကပ်လျက် လက်ပိုက်ကာ တည်တည်ပင် လျှောက်သွားကြ၏ ။

အခန်းနံပါတ်လေးမှ ထွက်လာကြသော ကျောင်းသားတစ်စုမှာ ဘီအေအထက်တန်းမှ ရာဇဝင်ယူသူများ ဖြစ်လေသည်။ သူတို့အတွက်ကား အခန်းတစ်ခန်းနှင့် တစ်ခန်းကူးရသည်မှာ အလှမ်းဝေးလေ၏ ။ ဤအခန်းနံပါတ်လေးမှ ဖီးဆစ်သီရေတာ ခေါ် ဖီးဆစ်လက်တွေ့ပညာပြရာ အခန်းသို့ အင်္ဂလိပ်စာအတွက် သွားကြရလေသည်။ ရာဇဝင်ယူသူများ တွင် မငြိမ်းသာလည်း ပါလေ သည်။ မငြိမ်းသာသည် အိုင်စီအက်လုံချည် ချောကလက်ရောင် ကို ဝတ်ဆင်လျက် ချောကလက် ရောင် ကတ္တီပါဖိနပ်ကို စီးထားလေသည်။ ပါးလှစ်သော ဝိုင်သားပိတ်အင်္ကျီအောက်မှ ပန်းရောင် ဇာ ဘော်လီသည် အတိုင်းသား ပေါ်နေလေ၏ ။ ထိုဇာဘော်လီတွင် ဂုတ်သိုင်းကြိုး မှာ တစ်လက်မ၏ သုံးပုံနှစ် ပုံမျှ အနံရှိလေမည် ။ နောက်မှကြည့်လျှင် အင်္ကျီမှ တိုတောင်းလှသဖြင့် ထဘီအထက်ဆင် နှင့် ဇာဘော်လီအင်္ကျီတစ်ပိုင်းကိုလည်းကောင်း၊ ဇာဘော်လီလည်ဟိုက်၏ အထက်မှ ရေး ရေး

ကလေးပေါ်သော လက်ပြင် နှစ် ပြင်ကြားမှ ကျောပြင်ချိုင့်ကို မြင်ရလေသည်။ လာလူများ ဘက်မှ ကြည့်လိုက်သော် မငြိမ်းသာ၏ ဆေးဆိုးထားသော နီစိုစိုပါးမို့များ ၊ ဖြောင့်တန်းသော မျက်ခုံးများ ၊ သွန္တာလိုရဲနေသော နှုတ်ခမ်းများ ကို ကောင်းစွာ စိုက်ကြည့်မိလေမည် ။ ထို့အပြင် ရက်ရောစွာ လှတ်ထားသော ရင်သားများ ကိုလည်း ထင်ရှားစွာ မြင်ရလေသည်။

ရာဇဝင်ယူသည့် ခင်ခင်သန်းမှာ ကား အင်္ကျီပါးကိုလည်း ဝတ်ချင်၊ မြန်မာမများ စဉ်လာ ရင်သားကိုလည်း ထင်ပေါ်မှာ ကြောက်သဖြင့် ရင်သားများ ကို အသက်ရှုကြပ်၍ ပန်းနာရနိုင်သည့် တိုင်အောင် ကျပ်တည်းစွာ ချည်နှောင်ထားပြီးမှ အပေါ်က ဖက်ရင်အကျဆုံးသော ဇာဘော်လီကို ယတ် ထိုအပေါ်မှ ပါးနိုင်သမျှပါးသော ပိတ်အင်္ကျီကို ဆင်ထားလေသည်။

မခင်အုံးကား ဆံပင်ကို အလေးမဆံထုံး၊ (ဝါ) ဇော်ဝိတ်ဆံထုံးထုံးလျက် သူများ လို ပါးကို ဆေးရောင် ထင်ရှားစွာ မဆိုးဘဲ နှာတံကလေးပေါ်တွင် သာ ပေါင်ဒါထူထူကလေး လိမ်းထားလိုက် လေ၏ ။ အင်္ကျီမှာ ရင်ဖုံးကို ဝတ်လေ့မရှိဘဲ၊ ရင်စေ့အင်္ကျီကို ဝတ်လေသည်။ မေသက်ဘရားသားမှ ပုလဲကြိုး ကလေးများ ကလည်း သူ့လည်တိုင်နှင့် ရင်ပေါ်တွင် ရွှေကြိုး ကလေးနှင့် ထွေးလား လုံးလား အသားယူနေလေသည်။ မခင်အုံးသည် ခုံမြင့်မြင့် လေဒီခင်ဖိနပ်ကို စီးထားသဖြင့် တောင့်တောင့် တင်းတင်း လမ်းလျှောက်သည်မှာ ကြည့်၍ များ စွာ တင့်တယ်လေ၏ ။

ထိုဗမာမိန်းကလေးများ အပြင် ရာဇဝင်သင် ကပြားမကလေးများ လည်း ပါသေးသည်။ ထိုကျောင်းသူတို့နောက်မှ စီတန်းကာ လိုက်ပါသူများ ကား ဘမော်၊ ဘဖေ၊ ချစ်လှိုင်၊ ဘစိန်တို့ ဖြစ် လေသည်။ ဘမော်ကား အုတ်တိုင်ကရီးမ် ပေါင်ဒါများ ကို ကောင်းကောင်း အသုံးပြုထားသဖြင့် ကြာဆန်ဆန် မျက်နှာကလေး ရှိလေ၏ ။ မငြိမ်းသာအမှု း ရှိသော ဖက်ရင်ခေါင်းဆောင်များ ကို တုပြိုင်မည့် အလား ဘမော်သည် ဖဲလုံချည် ဝင်းပြောင်နေသော အစိမ်းရောင် ကို ဆင်မြန်းလျက်ရှိ လေ၏ ။

ဘစိန်က သူ့လုံချည်ကို ပြင်ဝတ်ရင်း ချစ်လှိုင်အား

"အိုင်ဆေး ငြိမ်းရဲ့ တင်ကြီးက တယ်ကောင်းပါလားဟင်၊ အခုလို ဆင်မကြီးလို သွားနေ တော့ ဒီတင်ကြီးက ညာဘက်အိသွားလိုက်၊ ဘယ်ဘက်အိသွားလိုက် တငြိမ့်ငြိမ့် လှုပ်ပြီး တို့တွေ ကို မျက်စ တယ်ပစ်တဲ့ကာတစ်ကြီးပါကလားကွ၊ အင်း ဒါ့ကြောင့် လည်း မက်ရတာ စွဲရတာ ပဲ" ဟု မငြိမ်းသာ သဲ့သဲ့ကြားအောင် ချီးကျူး ရင်း ပြောလေ၏ ။

"မင်း သူ့ကို သွားသရေကျမနေနဲ့၊ ဒု-သ-န-သော ဖြစ်မယ်" ဟု ချစ်လှိုင်က သတိပေးလေ ၏ ။

"ဘာ့ကြောင့် လဲ၊ သူက ဘယ်သူနဲ့မို့လဲ"

"ငါနဲ့ပေါ့ကွ"

"ခွေးသား အမဲရိုးနဲ့ ဟင်းအိုး အားမနာဘူးလား"

"အိုင်ဆေး မင်းတို့က သည့်ဟာကြီးအတွက် ကိုက်နေကြတာကိုးကွ၊ ငါ ကတော့ မအုံးကိုမှ ကိုယ်က ကနေ့ စာပေးပြီးပြီ၊ မင်းတို့ကောင်တွေ က ဘာမှမလုပ်သေးခင်က ဟောင်ဖွာဟောင်ဖွာနဲ့ ငါတော့ ပေးလိုက် ပြီ" ဟု ဘဖေကြီးက ဝင်ပြောလေလျှင် ချစ်လှိုင်တို့သည် ခွေးသေကောင်ပုပ် ရှာမရသော ရန်ကုန်မြို့ အနီးက လင်းတကြီးများ ကဲ့သို့ ငိုင်သွားကြလေ၏ ။

"မင်း ငါတို့တောင် အသိမပေးဘူး ဘယ်တုံးက ပေးလိုက် သလဲ"

"ခုနင်ကပဲ အတန်းဝက ထွက်ကာစမှာ လေ၊ မင်းတို့တွေ စာအုပ်ကူးမပြီးခင်ကလေးပေါ့"

"အောင်မာ မင်းတို့က ကြွားမနေနှင့် ၊ ငါက ပြန်စာတောင် ရပြီးပြီ၊ ခင့်ဆီကလေ" စသဖြင့် ဘမော်က ဝင်စွက်ရင်း အင်္ဂလိပ်စာပြခန်းသို့ ရောက်ကြလေ၏ ။

ထိုအချိန်တွင် ပြဇာတ်ရေး ဆရာကြီး ရှိတ်စပီးယား၏ ရှိုမီယိုနှင့် ဂျူး လီးယက်ပြဇာတ်ကို ပြမည် ဖြစ်လေသည်။ ဘီအေအထက်တန်း အောက်တန်း နှစ် တန်းပေါင်းထားလေသည်။ ကျောင်းသားပေါင်းမှာ နှစ် ရာကျော်မျှ ရှိလေမည် ။

အင်္ဂလိပ်စာဂုဏ်ထူးယူနေသော ကျော်သိန်းလည်း ထိုအတန်းသို့ တက်ရ၏ ။ ညို ထွန်းနှင့် သောင်းဖေကား ပဉ္စမခုံတွင် ပူးတွဲ ကာထိုင်နေကြလေ၏ ။ ဘဖေတို့လူစုကား ထုံးစံအတိုင်း မိန်းကလေးများ ခုံနောက်က ကပ်ထိုင်ကြရလေ၏ ။ သထုံကျောင်းဆောင်မှ ဖဲဒိုင်ခံသော အေးကိုသည် နောက်ဆုံးခုံတွင် သွားထိုင်နေလေ၏ ။ လှမောင်မှာ အိုင်အေ အောက်တန်းကပင် ဖြစ်သော်လည်း ယခု ဘီအေများ ကြားတွင် ဝင်မိလျက် ဖြစ်နေလေ၏ ။ သူသည် အားလုံးသော ကျောင်းသားများ ကို ငေးကြည့်နေလေ၏ ။ မျက်နှာသိ တစ်ယောက် မှ မပါသဖြင့် သာ အံ့ဩမိလေ၏ ။ ကျောင်းသားများ ဖွင့်ဖတ်သည့်စာအုပ်ကိုမြင်မှ သူအတန်းခန်း မှာ းဝင်လေသည်ကို ရိပ်မိလေ၏ ။ အနီးမှ ကျောင်းသားများ ကမူ သူ့ကို မလှောင်ကြ။ သူ့ကို ဘီအေအောက်တန်းကပင် မှတ်ထင်နေ ကြလေ၏ ။ လှမောင်သည် ပြန်ထွက်မည့် အကြံကို ပယ်လိုက်၏ ။ ပြန်ထွက်သွားချေက အရှက်ကွဲ၍ ယခုလို ချော်လဲရောထိုင်သည်က မသိမသာ တော် သေး၏ ဟု အောက်မေ့မိလေ၏ ။

ဆရာကြီးကား ထိပ်ပြောင်ကြီးနှင့် ဖြစ်၍ ဆံပင်ပေါက်နေသော နေရာများ လည်း ပြောင်းဖူး မွှေးလောက်မျှ အမြင် မသန့်ရှင်းချေ။ သူ့မှာ ချိုင့်ရှိုင်းသော မျက်တွင်း မှ စူးရှသော မျက်လုံးများ ရှိလေသည်။ သူ့နှာခေါင်းက ကျိုက်ထီးရိုးတောင်အောက်က ကျောက်ဆောင်ကြီးကဲ့သို့ ငေါ်ထွက် နေလေသည်။ ပူနေသော မိုက်ကြီးကို ဖုံးမိရန် အပေါ်ယံကုတ်အင်္ကျီသည် မနိုင့်တနိုင် ဖုံးနေရလေ သည်။

ဆရာကြီးကား ရှိတ်စပီးယား၏ ဂုဏ်ပုဒ်တွေ ကို ချီးကျူး ပြီးနောက် "ဒီလူ့လောကကြီးမှာ ရှိတ်စပီးယားလိုလူ တစ်ခါမှ မနေဘူးချေ" ဟု ပြောလိုက်လေသည်။ စန်းရှိန်၊ လှမင်းတို့ကား "ဟုတ် တယ် ဘယ်နိုင်ငံကမှ ဒီလိုစာရေး ဆရာကြီး မထွက်သေးဖူးသေးဘူး" ဟု တီးတိုးပြောကြလေ၏ ။ သထုံကျောင်းဆောင်က အေးကိုက အနားမှ ဘီအေသုံးနှစ် ကျပြီးသော မောင်မောင်ခင်ကို လက်တို့ပြီး "အိုင်ဆေး ပျင်းတယ်ဗျာ၊ အလကား ဒီငနဲကြီးက ဘာတွေ လျှောက်ဖြီးနေသလဲ မသိဘူး ပိုက်ဆံပါသလား" ဟု မေး၏ ။

"ပါတယ် ဘာလုပ်မလို့လဲ"

"စာအုပ်လှန်ရအောင်လေ"

"ကောင်းသားပဲ" ဟု ဆုံးဖြတ်ကြပြီး အင်္ဂလိပ် ကဗျာညွှန့်ပေါင်းစာအုပ်ကြီးကို ချထားပြီး လှန်ကြလေ၏ ။ စာအုပ်လှန်ရာ၌ ဂဏန်းသုံးလုံးပါသော စာမျက်နှာကိုသာ လှန်ကြ၏ ။ ပထမတွင် အေးကိုမှာ ၁၆၃ ဂဏန်းကိုလှန်မိ၍ ဘူကျသွားပြီး၊ မောင်မောင်က ၁၆၄ ဂဏန်း ၁ ပေါက်သဖြင့် စားသွားလေ၏ ။

ညို့ထွန်းက သက်တင်အား

"ကိုသက်တင်၊ ရှိတ်စပီးယားဟာ ဒီလူ့လောကမှာ ရေးကရော ယခုရော အတော် ဆုံးပဲတဲ့၊ ဘယ့်နှယ်သဘောရသလဲ" ဟု မေးလေ၏ ။

"ဟုတ်တာပေါ့ဗျ၊ ကြည့်ပါလား အရေး ကောင်းတာဆိုတော့ ဘယ်သူမှ မီနိုင်စရာ မရှိဘူး၊ စာလုံးတွေ က လှသေး၊ စကားတွေ က ယဉ်သေး၊ ဥပမာပေးက ရှင်းသေး၊ အဓိပ္ပာယ်ဆိုတာလည်း ပြောစရာ မရှိဘူး"

"ကျွန်တော် ကတော့ စာကောင်းတာ မကောင်းတာကို လူလောကကြီး ဘယ်၍ ဘယ်မျှတိုးတက်ကောင်းမွန်စေလဲဆိုတာကနေပြီး အကဲခတ်တယ်၊ ဒီတော့ မေးပါရစေ၊ ခု လောကကြီးမှာ ရှိတဲ့ ပြဿနာတွေ ကို ဖြေနိုင်အောင် ရှိတ်စပီးယားစာတွေ ဟာ ဘယ်လို အကူအညီပေးနိုင်သလဲ"

"ပေးသပေါ့ဗျာ၊ သူ့စာတွေ ဖတ်ရော သူ့လို စိတ်ကူးဉာဏ် ရွှင်ရော၊ ဉာဏ်ပွင့်ရော၊ ဉာဏ်ပွင့် တော့ အဲဒီ ဉာဏ်နှင့် ခု လူလောကမှာ ရှုပ်ထွေးတဲ့ပြဿနာတွေ ကို ရှင်းပေးနိုင်ရောဗျား"

"ဆိုပါတော့ ခင်ဗျားပြောသလို ကျွန်တော် တို့ ဗမာပြည်မှာ ရှိသမျှပစ္စည်းတွေ ရေနံတွေ ၊ သစ်တွေ ၊ စပါးတွေ ကို လက်ဝါးကြီးအုပ်ပြီး ဓနရှင်တစ်စုက အညွန့်ခူးနေကြရော၊ နေကြတော့ ဗမာ တောင်သူ၊ အလုပ်သမားကူလီတွေ တစ်နေ့ထက်တစ်နေ့ မွဲလာရော၊ နောက် စာမသင်နိုင်၊ ထမင်း မဝနိုင်၊ ကျန်းမာအောင် မနေနိုင် ဖြစ်ရော၊ ဒီလို ဖြစ်လာတဲ့ပြဿနာတွေ ကို ဘယ်လိုများ ဖြေရှင်း ပေးနိုင်ပါလိမ့်မလဲ"

"ဟာ ခင်ဗျား မဆိုင်တာတွေ လျှောက်မေးနေတာကိုးဗျ၊ တော် သူကူလီတွေ က

တခြား၊ ကျွန်တော် တို့က တခြားပဲဟာ"

"အဲဒီ လို တခြားထင်ကတည်းက လွဲကြပြီ၊ ကျွန်တော် တို့နှင့် တောင်သူတွေ ၊ အလုပ်သမား တွေ ဟာ တစ်ဆက်တည်း တစ်ပေါင်းတည်း၊ သူတို့ချမ်းသာမှ ကျွန်တော် တို့ ချမ်းသာမယ်"

"ဟာ ခင်ဗျား မဟုတ်တာတွေ လျှောက်ပြောနေတယ်၊ အနေသာကြီးပါဗျာ" ဟု သက်တင်က ပြောနေစဉ်

ကျောင်းသား တစ်ယောက် သည် ဝင်လာလေ၏ ။ မျက်လုံးပေါင်း လေးရာကျော်သည် အတန်းမျက်နှာမူရာ ရှေ့ဆုံးသော အပေါက်ဝမှ ဝင်လာသော ဖေခင်ကို ဝိုင်းကြည့်လေ၏ ။ ဖေခင်ကား ဣန္ဒြေမပျက်၊ မျက်နှာကို တင်းတင်းထားလျက် ဆရာကြီးအား

"အိက်စ်ကျူမီဆာ" ဟု တောင်းပန်လေ၏ ။ ဆရာကြီးကား မျက်စောင်းထိုးကြည့်နေပြီး

"မင်း ဘာလို့ ဒီလောက်နောက်ကျရသလဲ" ဟု ငေါက်ဆတ်ဆတ် မေးလေ၏ ။

"ကျွန်တော် ဝမ်းကျနေလို့" ဟု ပြောလိုက်ရာ တစ်တန်းလုံး ဝါးခနဲ ရယ်ကြလေ၏ ။ အချို့သော မိန်းကလေးများ လည်း တခစ်ခစ် ရယ်ကြလေသည်။ အချို့ကား သူတို့ သီးသန့်အခန်း တွင် းကျမှ ရယ်ကြရန် ရယ်စရာတွေ ကို သိမ်းဆည်းထားကြလေ၏ ။ ဖဲဒိုင်အေးကိုကား ပိုမို၍ ရယ်၏ ။ စာအုပ်လှန်ဘက် မောင်မောင်ခင်ကို "မနေ့ညက ဖဲရိုက်နေကြလို့ ဒီကောင် အိပ်ရာထ နေမြင့်နေတာ" ဟု ရှင်းပြလိုက်၏ ။

"မင်း စည်းမရှိ ကမ်းမရှိ ဒီလောက်နောက်ကျနေရင် မလာဘဲနေပါတော့လား၊ ဘာလို့ စာသင်ခန်းကို အခုမှလာပြီး နှောင့်ယှက်ရသလဲ"

"ခင်ဗျားအကြံအတွက် ကျေးဇူးတင်ပါတယ်၊ သို့ ပေမယ့် မုန့်တစ်ဝက်ဟာ လုံးလုံးမရှိတာ ထက် တော် တယ်ဆိုပြီး လာတာပဲ" ဟု ဆင်ခြေထိုးရာ ဆင်ခြေတက်သည် အကြောင်းပြသည်ကို မကြိုက် မနှစ်သက် သော ဆရာကြီးသည် ပို၍ ဒေါသထွက်သွားလေ၏

။ ညိုထွန်းကား ဖေခင်၏ မကြောက်မရွံ့ပုံ၊ လူတွေ အများ ရှေ့တွင် တည်တည်ကြည်ကြည်နှင့် အကြောင်းပြ၍ ပြောတတ်ပုံကို များ စွာ ကျေနပ်သွားလေ၏ ။

"မုန့်သာ တစ်ဝက်ကောင်းချင် ကောင်းမယ်၊ ငါ့အတန်း တစ်ဝက်မကောင်းဘူး၊ မင်း ငါ့ကို မရှိသေလို့ လုပ်တာ ထွက်သွား၊ ငါ ပြောတယ်၊ ထွက်သွား"

ဖေခင်သည် တွေ နေလေ၏ ။ လက်ကို နောက်ပစ်ထားပြီး ဆရာကြီးကို စိုက်ကြည့်နေလေ ၏ ။ ဆရာကြီးသည် စာအုပ်ကို စားပွဲကျပ် ဆောင့်ချပစ်လိုက်ပြီး

"မကြားဘူးလား၊ ထွက်သွားလို့ ပြောနေတယ်" ဟု လက်နှင့် အခန်းပေါက်ကို ညွှန်ရင်း နှင်ပြန်လေ၏ ။ ဖေခင်သည် "ကျေးဇူးတင်ပါသည်" ဟုပြောပြီး ရင်ကော့၍ ထွက်သွားလေ၏ ။

"မြင်လား ဆရာကြီးက မေတ္တာနှင့် တို့ကို ဆက်ဆံတာမဟုတ်ဘူး၊ ဒေါသအရင်းခံနှင့် ဆက်ဆံတယ်၊ ကြည့်ပါလား၊ ပြောတာဆိုတာက၊ ဖေခင်ကို ကျွန်သဘောက်လိုထားပြီး ထွက်သွား လို့ပြောတာ၊ တပည့်လို သဘောထားရင် ဖျောင်းဖျောင်းဖျဖျပြောပြီး နှင်ထုတ်မှာ မဟုတ်ဘူး" ဟု ညိုထွန်းက ဘေးလူများ အား ပြောနေလေ၏ ။

ဆရာကြီးသည် ရှေ့ဆက်၍ ရိုမီယိုနှင့် ဂျူး လီးယက်၏ ဇာတ်ထုတ်အကျဉ်းချု ပ်ကို ပြောပြ လေ၏ ။ နောက် "ဒီဇာတ်မှာ ကမ္ဘာမှာ အကောင်းဆုံးသော စာရေး ဆရာကြီး၏ ကလောင်မှ ထွက်လာသော ဇာတ်ကွက် ဖြစ်တယ်၊ ဇာတ်ကွက်ဇာတ်အိမ်ကောင်းသလောက် အရေး အချွတ် ကလည်း ကောင်းတယ်" ဟု ပြောလေ၏ ။

မိန်းကလေးများ ကား ရှေ့ဆုံးမှနေရသဖြင့် တစ်ယောက် နှင့် တစ်ယောက် စကားမပြောနိုင် မပြောဝံ့။ ထို့ကြောင့် အမာစိန်သည် မိမိလေးရှေ့သို့ သူ့ဗလာစာအုပ်ကလေးကို ထိုးပို့လိုက်၏ ။ အတွင် း၌ စာပါသည်ကား "ယူ (you) ကော ဂျူး လီးယက် အသေခံဝံ့သလို ကိုမြင့်အတွက် အသေခံဝံ့ပါ့မလား" ဟူသော အမေး ဖြစ်လေ၏ ။ မိမိလေးသည် အောက်မှ "ဆယ်ဆပေါ့ကွယ်" ဟု ရေး ၍ ဖြေလိုက်၏ ။ မသန်းရှင်သည်လည်း

စာအုပ်ဖုံးကလေးကို ဆုတ်၍ "ကျွန်မလည်း သူ့ဆီက သည်လို ချစ်ပါစေလို့ မျှော်လင့်တယ်၊ ကျွန်မ မျှော်သလို ဟန်မယ်ထင်ရဲ့ လား" ဟူသော အမေးကို ရေး ၍ မသိန်းနုထံသို့ ပို့လိုက်လေ၏ ။ မသိန်းနုက ထိုစာရွက်ဆုတ်၏ ကျောဘက်မှာ "ဒါတော့ ယူက လည်သလိုကြည့်လုပ်ရင် သူက ချစ်လာရမှာ ပေါ့" ဟူသော အနှစ် သာရနှင့် ပြည့်စုံသည့် အဖြေကို ပေးလိုက် လေ၏ ။

ဘညွှန့်သည် ပြဇာတ်မှ ဇာတ်လိုက်နှစ် ယောက် ကို သနား၏ ။ လောကတွင် အချစ်အတွက် အသက်ပေးစွန့်ခြင်းသည် အကြီးဆုံးသော စွန့်ခြင်း ဖြစ်သည်ဟု ယုံကြည်လာ၏ ။ ထိုသို့ စွန့်ခြင်းမျိုး သည် သိဒ္ဓတ္ထမင်းသား လောကီစည်းစိမ်ဟူသမျှကို စွန့်သည်ထက် မွန်မြတ်သည်ဟု ထင်မိလေ၏ ။ ၎င်းနောက် သူသည် ဤလို မိမိချစ်သော ရည်းစားကလေး ဘယ်သူ ဖြစ်ပါလိမ့်ဟု တွေ း၏ ။ မြောက်ဘက် အင်းလျားကန်ကြီးပေါ်မှ ပျံသန်းကာ ထိုကဲ့သို့ သော အချစ်အိုးကလေး လာလေ အံ့လောဟု ထင်မိ၏ ။ မျှော်မိ၏ ။ သူလည်း ထိုအချစ်မျိုးနှင့် တွေ့က အသက်ကို မနမြောဟု ဆုံးဖြတ် လိုက်လေ၏ ။ ခပ်ဝေးဝေးတွင် အင်းလျားကန်ရေပြင်ကြီးသည် သစ်ပင်ကြားများ ပေါ်လျက်ရှိရာ ကောင်းကင်ပြင်ဟုပင် ထင်ရ၏ ။ နေမင်းသည် ဝင်းထိန်စွာ ပူလိုက်လေရာ သစ်ပင်ရိပ်များ သည် ပိုမို ထင်ရှားစွာ စိမ်းစိုသော မြက်ခင်းများ ပေါ်တွင် ဝပ်စင်းလျက် တည်ကုန်၏ ။

အတန်းတစ်တန်းလုံးသည် ငြိမ်သက်သွားလျက် အချစ်၏ မွန်မြတ်ပုံကို ကြွေးကြော်နေ သော အသံသည် တလွင်လွင် လွှမ်းနေပြီး များ စွာ သော ကျောင်းသားကျောင်းသူတို့၏ အသည်းနှလုံးများ တွင် းသို့ တိုးဝင်တွယ်ကပ်နေလေ၏ ။

*

ညနေလေးနာရီ ထိုးပြီးသော အခါ၌ ကား အားလုံးသော အတန်းတို့သည် ပြီးလေ၏ ။ ကျောင်းသားကျောင်းသူတို့သည် မိမိတို့အဆောင်အသီးသီးသို့ ပြန်ကြလေ၏ ။ အချို့ကား လမ်းလျှောက်၊ အချို့ကား ရေကူး၊ လှေလှော်၊ တင်းနစ်ရိုက်၊ ဘောလုံးကန် ထွက်ကြကုန်၏ ။ အချို့မှာ မိမိတို့ကျောင်းဆောင်အနီး၌ ခြင်းခတ်ကြလေ၏ ။ အချို့ကား မြို့တွင် းသို့ အလည်သွားကြ ၍ အချို့မှာ အင်းလျားဟောသို့ သွားကြလေသည်။

အင်္ဂလိပ်စာဂုဏ်ထူးတန်းသား ကျော်သိန်းကား အထက်ဖော်ပြပါ အချို့အချ ့တွင် မပါဝင် သူ ဖြစ်လေသည်။ သူသည် လေးနာရီထိုးပြီး ဗဟိုရ်ထမင်းစားရုံတွင် လက်ဖက်ရည်သောက်ပြီး နောက် သူ့အင်းဝကျောင်းဆောင်သို့ ပြန်လေ၏ ။ သူ့အခန်းတွင် း၌ အခန်းတံခါးကို ပိတ်၍ ငါးနာရီ ထိုးအောင် စာကြည့်၏ ။ ငါးနာရီထိုးလျှင် ပိတ်အင်္ကျီလက်ရှည်အစုတ်ကို ဝတ်လေ၏ ။ ပိတ်အင်္ကျီလက်ကို လိမ်ပင့်လျက် လုံချည်ကို ခါးတောင်းကျိုက်လေ၏ ။ ကျော်သိန်းမှာ လွန်စွာ ပိန်ချုံး ၍ အသားလည်း ခပ်ညိုညိုဖြစ်၏ ။ ခါးတောင်းကျိုက်လိုက်သော အခါ အရိုးပြိုင်းပြိုင်းထ၍ အရည်တွန့်နေသော ပေါင်ကလေး ခြေသလုံးကလေးများ ကို မြင်ရလေ၏ ။ လုံချည်ကိုလုံး၍ ကျစ်နေအောင် စီးထားသော ကြောင့် နောက်ကနေကြည့်လိုက်လျှင် နွားပိန်မကလေးအမြီးကို ဖင်ကြားသွား၍ ကုတ်ထားသကဲ့သို့ ရှိလေ၏ ။

ထိုသို့ ခါးတောင်းကျိုက်ပြီးနောက် သူများ တကာ ခတ်ထားပြီးသော ခြင်းလုံးစုတ်တစ်ခုကို ယူလာပြီး ဗဟိုထမင်းစားရုံအနီး မြက်ကွင်းပြင်ပေါ်သို့ ပြေးလေ၏ ။ ခြင်းလုံးကိုမြှောက်၍ ခြေဖျားနှင့် အတင်းကန်လိုက်ပြီး ခြင်းကျရာသို့ ပြေးလေ၏ ။ နောက် ခြင်းလုံးကို ဒူးဖြင့် တော့ပြန်၏ ။ ခြင်းလုံးကို သုံးခါမျှမကျဘဲ ဆက်တော့နိုင်လျှင် ဟေဟေဟု အော်လျက် သူ့ကိုယ်သူ ချီးကျူး နေလေ၏ ။

သထုံဟောဆီမှ ညိုမြသည် ဆေးပေါ့လိပ်ကြီးကိုခဲ၍ ကားရားကားရားနှင့် လျှောက်၍ လာလေ၏ ။ သူကား သူ့အစ်ကိုဆီမှ တောင်းခံထားသော ဖိနပ်ဟောင်းကြီးကို သက္ကလတ်ခြေအိတ် ၏ အကူအညီဖြင့် မချောင်အောင်စီးပြီး အခန်းနီးခြင်း ဘဟိန်း၏ သက္ကလတ်အင်္ကျီကို ငှားဝတ်လာ လေ၏ ။ သူသည် ကျော်သိန်းကစားနေသည်ကို မြင်သော

အခါ ဆေးလိပ်ကို ပါးစပ်မှာ ဖက်ပေါက် သည့်တိုင်အောင်ကိုက်ပြီး၊ လက်ခုပ်တီး အားပေးလိုက် လေ၏ ။ ကျော်သိန်းလည်း အလွန်အကျူး အားတက်သွားပြီး ဒူးဖြင့် ခြင်းကို တော့ပြန်လေ၏ ။ ညိုမြ၏ ဆေးပေါ့လိပ်မှ မီးဖွားသည် ကြွေကျ သဖြင့် အချို့လုံချည်ကို လောင်လေ၏ ။ ညိုမြသည် ဆေးလိပ်ကို လက်ဖြင့် ယူပြီး "ဝမ်းစမိုး ဝမ်းစမိုး" ဟု အော်ပြန်လေ၏ ။

"ဟေ့ ငါ မတော် လားဟေ့" ဟု ကျော်သိန်းက မေးလိုက်လေရာ

"တော် သဟေ့ ယောက် ဖရေ့" ဟု အာလုတ်သံကြီးဖြင့် ညိုမြက ချေပလိုက်လေသည်။

"ရှိသူကပေးတမ်းကွ၊ မင်းအစ်မတွေ နမတွေ ကို ပြောလိုက်စမ်း၊ ငါ အိုင်စီအက်ရအောင် ကြိုး စားနေတယ်လို့"

"ဘာပြုလို့ ပြောရမှာ လဲ"

"ပြောခဲ့ပါကွာ၊ မင့်ကို လက်ဆောင်ပေးပါ့မယ်" ဟု ပြောပြီး အရည်ရှုံ့၍ ခရမ်းသီး မီးကင် သလို ဖြစ်နေသော ဖင်ကို ကုန်းပြလေ၏ ။ ညိုမြလည်း "ဝမ်းစမိုး ဝမ်းစမိုး" ဟု အော်ရင်း အင်းလျား ဆောင်သို့ လာခဲ့လေ၏ ။ ကျော်သိန်းကား တစ်ကိုယ်တည်း လော်ပေါ်နှင့် ပြိုင်ရမည် ရှိသကဲ့သို့ ကြိုး စား၍ ခြင်းခတ်နေလေ၏ ။

ညိုထွန်းသည် ရှုံလုံချည် ပင်နီအင်္ကျီကို ဝတ်ဆင်လျက် ကျော်သိန်းအနီးမှ ဖြတ်သွားပြန် လေ၏ ။ သူ့တွင် ဗမာစာအုပ်အချို့ ပါလာလေ၏ ။

"ဟေ့ကောင် ခွေးမသား" ကျော်သိန်းက ဆီး၍ နှုတ်ခွန်းဆက်လေ၏ ။ ညို ထွန်းကား ကြားလျက် မထူးဘဲနေလိုက်၏ ။

"ဟေ့ ညိုထွန်း သခင်ညိုထွန်း"

"ဘာလဲကွ၊ မင်း ခြင်းခတ်နေပုံ အမြင်ကတ်လွန်းလို့ မကြည့်ဘူးဆိုမှ မင်းက ခေါ်ပြနေပြန် ပြီလား"

"ခွေးသား မင်း ငါ့ မနှိမ်နဲ့ကွ၊ ငါက မင့် အကောင်းမေးမလို့ခေါ်တာ၊ မင်း ဘယ်သွားမလို့ တုံး" ဟု မေးပြီး ခြင်းလုံးနှင့် ညိုထွန်းကို ရွယ်ထားလေ၏ ။

"မင်း ဘာလုပ်မလို့လဲ၊ ငါ့ဘာသာငါ သွားချင်ရာသွားမှာ ပေါ့ကွ"

"ငါသိပါတယ်ကွာ၊ မင်းလည်း အင်းလျားသွားမလို့"

"ငါက ဘာလို့ သွားရမှာ လဲ၊ ငါ မသွားဘူး"

"ဒါဖြင့် မင်း ဘင်တန်ဟော သွားမလို့၊ ဟော့ကောင် ဒါထက် ငါ့ကို ပိုက်ဆံတစ်ပဲလောက် ချေးခဲ့စမ်းကွာ" ဟု ပြောပြီး ညိုထွန်းနောက်သို့ လိုက်လာလေ၏ ။

"မင့်မယုံဘူး၊ မပေးဘူး" ဟု ပြောပြီး ညိုထွန်းသည် ဆက်သွားလေ၏ ။ ကျော်သိန်းသည် နောက်က အတင်းပြေးလိုက်လာပြီး "ခွေးကောင် ချေးခဲ့စမ်းကွာ၊ ရှိခိုးပါရဲ့ " ဟု ပြောပြီး လက်ကို အတင်းဆွဲထားမှ ညိုထွန်းသည် ပိုက်ဆံတစ်ပဲပေးထားခဲ့လေ၏ ။ "အေးကွာ ငါ့လူ စွံခဲ့ပါစေ" ဟု ကျော်သိန်း ဆုတောင်း၏ ။

"မင်း ဘယ်သွားမှာ လဲ၊ အင်းလျားလား၊ ဘင်တန်လား"

"ငါ ကမာရွတ် သွားမလို့ လိုက်မလား"

"ဒီကနေ့တော့ မလိုက်နိုင်သေးဘူးကွာ၊ နောက်မှ မင်း ညကျောင်းဖွင့်တော့မှ လိုက်မယ် ကွာ" ဟု ပြောသဖြင့် ညိုထွန်းသည် ကမာရွတ်ဘက်သို့ ထွက်ခဲ့လေ၏ ။

ကမာရွတ်ရွာသို့ သွားသော ဖြတ်လမ်းကလေးသည် ဥယျာဉ်တို့အကြားမှာ ဖြစ်၏ ။ လမ်းဘေး ၌ ပုဏ္ဏားရိပ်ပင်များ စိုက်ထားရာ နွားတိုး၍ ပင် မပေါက်နိုင်အောင် ထူနေလေ၏ ။ အခြားနေရာများ မှာ ကဲ့သို့ ကတ်ကြေးဖြင့် ကိုက်မထားသဖြင့် ချုံပုတ်တွေ ဖြစ်နေ၍ နီရဲသော ပန်းပွင့်များ လည်း ဝေနေလေသည်။ ဝါးရုံကြီးများ သည်လည်း စည်ကားလှပေသည်။ မရန်းပင် ဒိန်ရင်းပင်များ သည် တစ်လမ်းလုံးအုပ်၍ နေကြလေသည်။ ညိုထွန်းသည် ပတ်ဝန်းကျင် အေးမြသကဲ့သို့ အတွင်း ႏ စိတ်ဓာတ် အေးမြ၍ ကြည်လင်ရွှင်ပျသွားလေ၏ ။

ညိုထွန်းကား ကမာရွတ်ရွာထဲသို့ မကြာမီ ရောက်ခဲ့လေ၏ ။ သူသည် အကာမရှိ၊ ကြမ်းပြင် မရှိသော တဲကလေးတစ်ခုထဲသို့ ဝင်သွားလေ၏ ။ တဲကလေးပတ်ပတ်လည်တွင် သစ်ပင်များ စွာ ရှိ သော ကြောင့် အကာမလိုချေ။ အလယ်တွင် ဝါးအခင်းကလေးတစ်ချပ်ရှိ၏ ။ တံစက်မြိတ်မှာ နိမ့်လှ သော ကြောင့် ညိုထွန်းသည် ငုံ့၍ ဝင်ရလေသည်။

"ဘယ့်နှယ် ဘာလုပ်နေကြသလဲ" ဟု မေးသံကြားရမှ ထမင်းစားနေကြသူတစ်စုသည် မော့ကြည့်လိုက်ကြသဖြင့် ညိုထွန်းကို တွေ့ကြလေ၏ ။

"လာ စားပါဦးလား" ဟု ဖိတ်ကြလေသည်။

"ဘာဟင်းနှင့် စားနေကြသလဲ"

"အမဲသားဟင်းတို့၊ ချဉ်ရေတို့ ပါပဲကွယ်၊ စားပါဦးလား၊ ပြီးခဲ့ပြီလား"

"မစားတော့ပါဘူး၊ ဒီကပြန်မှ စားရမယ်၊ ကဲ ကဲ စားကြဦး၊ ဟိုဘက်အိမ် သွားဦးမယ်၊ အပြန်မှ ဝင်ခဲ့မယ်လေ" ဟု ပြောရာ ဦးလူခန့်က

"နေပါဦးတော့ကွယ်၊ ကုတင်ပေါ်ထိုင်ပြီး လက်ဖက်ရည်များ သောက်ပါဦးတော့" ဟု အကြမ်းအိုးကို ညွှန်လေ၏ ။

"အပြန်မှဗျာ" ဟုဆိုကာ ဦးအောင်ဘန်းအိမ်သို့ သွားလေ၏ ။ ဦးအောင်ဘန်းအိမ်ကား ဝါးအိမ် ဖြစ်၍ စောင်းရွဲ့ကာ နေလေ၏ ။ ဝါးကြမ်းပြင်မှာ လည်း ကျဲလှသဖြင့် ခြေပင် ကျွံတော့ မလောက် ဖြစ်လေသည်။ ညိုထွန်းသည် ကြမ်းပြင်ပေါ်၌ တင်ပလွဲထိုင်ပြီး ခြေကို တွဲ လွဲချထားလေ ၏ ။ ဦးအောင်ဘန်းလည်း ထမင်းချက်လျက် ရှိလေ၏ ။

"ဘယ့်နှယ် တစ်ယောက် တည်းပဲလား၊ မောင်ညိုထွန်း"

"ဟုတ်တယ် ထမင်းအိုးကျရင် ထွေးမောင်တို့ ရွှေထွန်းတို့ကို ခေါ်ပေးပါဦး"

"ခေါ်ပေးတာပေ့ါ၊ ထမင်းကိုပွက်ပါပြီ၊ သူတို့တတွေ ကတောင် မင်းမလာလို့ တနေကြတယ်"

ညိုထွန်းသည် ပြုံး နေလေ၏ ။ သူများ မျှော်ကြသည်ထက် ဤလိုလူတွေ မျှော်ကြသည်ကို အလိုရှိ၏ ။ ထွေးမောင်မှာ စွပ်ကျယ်စက်မှ အလုပ်သမား ဖြစ်၍ ရွှေထွန်းကား ထီးစက်မှ အလုပ်သမား ဖြစ်သည်။ ညိုထွန်း၏ မိတ်ဆွေတစ်စုထဲတွင် မြင်းရထားမောင်းသမား၊ သင်္ဘောဆိပ် ကူလီ၊ ကမာရွတ်ရွာသားများ ပါလေသည်။

မကြာမီ ထွေးမောင်၊ ရွှေထွန်း၊ ဘိုးခ၊ မောင်ကြွယ်တို့သည် ရောက်လာကြလေသည်။ သူတို့သည် တကျိုကျိုမြည် နေသော ဦးအောင်ဘန်း၏ ကြမ်းပြင်ပေါ်တွင် ညင်သာစွာ နင်းလျက် ညိုထွန်းကို ဝိုင်း၍ ထိုင်နေကြလေသည်။

"ဘယ့်နယ် စားသောက်ပြီးခဲ့ကြပလား"

"ပြီးပြီ"

"မြိန်ကြရဲ့ လား"

"မြိန်ပါတယ်ဗျာ"

ညိုထွန်းသည် ယူလာသော မဂ္ဂဇင်း၊ ဝတ္ထုစာအုပ် ဆောင်းပါးစာအုပ်များ ကို တစ်အုပ်စီ ဝေငှပြီး

"ဘယ့်နယ် ကိုရွှေထွန်း၊ အရင်အပတ်က ဝတ္ထုကောင်းရဲ့ လား၊ ကြိုက်ကဲ့လား"

"မကြိုက်ဘူးဆရာ၊ သိပ်ခက်တယ်၊ နားမလည်ဘူး၊ စကားတွေ ကလည်း ပါဠိတွေ လား ဘာတွေ လား မသိဘူး" ဟု ပြောပြီး သူပြန်ယူလာသော ဝတ္ထုစာအုပ်ကို ပေးလိုက် လေ၏ ။

"ဟုတ်တယ် ခင်ဗျားပြောတာ မှန်တယ်၊ ဝတ္ထုရေး ဆရာက ခင်ဗျားတတ်နိုင်အောင် ခင်ဗျား အတွက် ရေး တာမဟုတ်ဘူး၊ သူ့ကလောင်စွမ်း လူများ တွေ ပြရအောင် ငါ စကားခက်တွေ အားကြီး သိတယ်လို့ ကြွားရအောင် ပညာကောင်းကောင်းတတ်ပြီး သူတို့ဘာသာ ဖတ်နိုင်အောင် ရေး ထား တာပဲ၊ စာရေး တဲ့အခါမှာ ခင်ဗျားတို့လို ကူလီတွေ ကို သတိတောင်မရကြဘူး" ဟု ညိုထွန်းက ရှင်းပြလေရာ

"ပြီးတော့ ဆရာ သူတို့ဝတ္ထုတွေ က မ ဖြစ်နိုင်တာတွေ ချည်း လျှောက်ရေး နေကြတယ်၊ ကြည့်စမ်းပါဦး ဆရာ၊ ဝတ္ထုထဲက လူ တစ်ယောက် အိမ်ထောင်ပစ္စည်းဝယ်တာ ငွေသုံးထောင် ကုန်သတဲ့ဆရာ၊ ပြီးတော့ တစ်ခါ ကောင်မလေးနဲ့ ကောင်ကလေးတွေ့ ကြ ကတော့ ကောင်မကလေး အမေကြီးက အသိဖွဲ့ပေးလေသတဲ့၊ အသိဖွဲ့ပေးပြီးပြီးချင်း နားနားကပ်ပြီး တိုးတိုးကလေး စကား ပြောတမ်း ကစားကြသတဲ့ ဆရာ၊ ဖြစ်နိုင်ပါဘူး ဆရာ၊ တစ်မျိုးကြီးပဲ" ဟု ပြောလျှင် ညိုထွန်းသည် ခေါင်းကို လေးဆေးစွာ ညိတ်နေလေ၏ ။

"သူတို့ရေး တဲ့ဇာတ်လိုက်မျိုးတွေ မှာ ဒီလိုဟာတွေ ဖြစ်နိုင်တယ် ကိုထွေးမောင်ရေ ဖြစ်နေ တာပဲ"

"အဟုတ်ပဲလား ဆရာ၊ အံ့သြစရာကြီးပဲ"

"အဲ ခင်ဗျားတို့က သူတို့ အထက်တန်းစားတွေ အကြောင်း ဘာနားလည်မလဲ၊ ခင်ဗျားတို့နဲ့ ဒီအထက်တန်းစားတွေ နဲ့ သိပ်ကွဲပြားတယ်၊ ဒီတော့ ဝတ္ထုတွေ ကို မ ဖြစ်နိုင်ဘူးဆိုပြီး ခင်ဗျားတို့ ဘယ်တော့ စိတ်ပါမလဲ၊ ခင်ဗျားတို့ သိပ်စိတ်ပါမယ့်ဝတ္ထုတော့ ရှားသားပဲ၊ ဘာလို့လဲဆိုတော့ ခင်ဗျားတို့အကြောင်းကို ဝတ္ထုရေး ဆရာတွေ က မရေး ဘဲချန်ထားခဲ့တယ်၊ ရေး လည်း မရေး ချင်ကြ ဘူး"

ဦးအောင်ဘန်းသည် လက်ဖက်ရည်အိုးကြီးကို လူပိုင်းအလယ်သို့ ချထားလိုက်လေ၏ ။ ဦးအောင်ဘန်း၏ ကြက်မကြီးနှင့် ကြက်ကလေးများ သည် အနောက်ဘက် ဘူးခင်းဆီမှ ပြန်လာကြ လေ၏ ။

"ညိုထွန်းသည် သူတို့တတွေ စိတ်ဝင်စားနေမည့် ဝတ္ထုများ ကို ပေးချင်၏ ။ သို့ သော် ဗမာလို ကား တစ်အုပ်မျှမရှိ။ အင်္ဂလိပ်လိုသာရှိသဖြင့် ခက်နေလေ၏ ။ မည် ကဲ့သို့ လုပ်ရမည် နည်းဟု တွေ းနေ၏ ။ ငုံ့ထားသော လက်ဖက်ရည်ပန်းကန်မှ ရေငွေ့တို့သည် ဝေ့လည်ဝေ့လည်နှင့် အထက် တက်နေကြလေ၏ ။

"ခင်ဗျားတို့နဲ့ ဟန်ကျမယ့်စာအုပ်တော့ ရှိတယ်၊ သို့ ပေမဲ့ အင်္ဂလိပ်လို

ဖြစ်နေတယ်၊ ခင်ဗျားတို့ မှန်မှန်လာရင် တစ်နေရာမှာ စုပြီးနေ၊ ကျွန်တော် က အဲဒီ ဝတ္ထုကို ဖတ်ပြီး အဓိပ္ပာယ် ပြောပြမယ်၊ ခင်ဗျားတို့က ဝတ္ထုနားထောင်ကြ၊ ဇာတ်လမ်းရော အကုန်ပြောမယ်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး သိတယ်မဟုတ်လား၊ သူဟာ အင်္ဂလိပ်စာ မတတ်ပေမယ့် အဲဒီ လို တစ်ယောက် က ဘာသာပြန်တာကို နားထောင်ထားရုံနဲ့ အင်္ဂလိပ်စာရေး ဆရာကြီးတွေ ရဲ့ စာအုပ်တွေ ကို နားလည်ပြီး ဖြစ်နေတယ်၊ သဘောကျရဲ့ လား"

"ကျပေါ့ ဆရာ၊ ဘယ်မှာ စုကြမလဲ"

"ခင်ဗျားတို့ ကြိုက်ရာရွေးကြ"

ထွေးမောင်တို့သည် ခေါင်းချင်းရိုက်၍ တိုင်ပင်ကြလေ၏ ။ နောက် ဘယ်နေ့ဘယ်ရက်တွင် ဘယ်အချိန်၌ တွေ့ကြမည် ကို ချိန်းဆိုထားကြကုန်၏ ။ လက်ဖက်ရည်ကို သောက်ရင်း၊ စက်ရုံထဲက အကြောင်းများ ကို ပြောကြလေ၏ ။

နေမင်းလည်း ဝင်လေ၏ ။ ဆည်းဆာချိန်သည် ပြာရီရီအလင်းရောင် ကို ပေးလျက်၊ ထိုပြာရီရီ အလင်းရောင် မှာ ပြာစပြုလာလေပြီ။ နောက် မှ န်ပြာပြာသို့ ဝင်သွား၍ မှ န်ပြာပြာ ဆည်းဆာမှ မှော င်ရီရီ ညနေစောင်းသို့ ကူးပြောင်းခဲ့လေပြီ။

လူစုလည်း ကွဲလေတော့သည်။

*

ထိုသို့ ယူနီဘာစီတီကောလိပ်ဖွင့်ပြီး၍ မကြာမီတွင် ကျောင်းဆောင်အသီးသီးရှိ သဟာယ စာဖတ်အသင်းများ အတွက် ဥက္ကဋ္ဌနှင့် အမှု ဆောင်ကော်မတီများ ရွေးကောက်ပွဲ ဖွဲ့စည်းရလေ သည်။ ထိုအသင်းများ က ကျောင်းအရာရှိများ ၏ အကူအညီကို ရသဖြင့် များ စွာ ငွေအားလူအား တောင့်သည်။ အဆောင်တွင် းသားအားလုံးပင် အသင်းဝင်ကြရ၍ ကျောင်းအရာရှိတို့၏ အဆိုအား ဖြင့် ဤအသင်းများ ကို ဖွဲ့စည်းတည်ထောင်ခြင်းပင် ကျောင်းသားများ အတွက် ပညာတစ်ခု ဖြစ်လေ သည်။ ဤအသင်းများ သည် အတန်းစာမှအပ ဖြစ်သော စာအုပ်များ ကို ဖတ်ရန်နှင့် ကျောင်းသား အချင်းချင်း မိတ်ဆက်ရေး ညီညွတ်အောင် ခန့်ခွဲရလေသည်။

ပုဂံကျောင်းဆောင်သည် အဆောက်အဦဟောင်းမြင်းသလောက် နှစ် ချ ့ကျောင်းသားကြီး များ ပေါလေသည်။ အချို့မှာ ယူနီဘာစီတီတွင် ရှစ်နှစ် ကြာအောင်နေဖူး၍ အချို့မှာ ငါးနှစ် ကြာပြီ ဖြစ်သော် လည်း အိုင်အေပင် မအောင်ကြသေးချေ။ ဘသန်းမှာ ၁၉၂၅ ခုနှစ် က ကျောင်းစဝင်ခဲ့ရာ ၁၉၃၅ ခုနှစ် တွင် အိုင်အေအောင်လေသည်။ နောက်နှစ် တွင် ဂုဏ်ထူးမရချင်နေစေ၊ အဖျင်းဆုံး သုံးနှစ် ဖြင့် အအောင်မှုရလျှင်တော် ပြီဟု တွက်ပြီး အင်္ဂလိပ်စာဂုဏ်ထူးတန်းကို တက်နေလေ၏ ။

ပုဂံကျောင်းဆောင်၏ ဂုဏ်ထူးတစ်ရပ်မှာ ဝါဒစုံအမြစ်စွဲနေခြင်းနှင့် လူစုံရောနေခြင်း ဖြစ်လေသည်။ အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက်လျက် အချိန်ရှိသမျှ ပျော်ပါးနေသော လူတစ်စု လည်းရှိ၏ ။ ဥပုသ်စောင့် ပုတီးစိတ်၊ ခေါင်းရင်းတွင် ဘုရားကားချိတ်၍ ကိုးကွယ်၊ တနင်္ဂနွေနေ့နံနက် ဘုရားကြီးသို့ ကုန်းကြောင်းလျှောက်ကြသော သူတော် ကောင်းများ လည်း ပေါများ ၏ ။ နံနက်စာ ထမင်းမစားဘဲ အိပ်လေ့ရှိသော ကျော်မောင်တို့ လူပျင်းတစ်သိုက်လည်း ဆရာကာအား အပျင်းဇာတ် ခင်းပြလေ့ရှိကြ၏ ။ ညလုံးကျွတ် စာဖတ်သူ၊ တစ်နေ့ သုံးနာရီသာ အိပ်၍ စာကျက်သူ ဇနက္က၏ တပည့်များ လည်း

ရှိ၏ ။ ကျောင်းအရာရှိများ ၏ လက်ရုံးများ ဖြစ်သော အလိုတော် ရိများ နှင့် ကျောင်းအရာရှိတို့၏ မျက်စိစပါးမွေးသူပုန်ကလေးတွေ ၊ ဝံသာနုသမားကလေးတွေ လည်း စောင့်လျက်နေကြ၏ ။ ဗမာပြည်တွင် သခင်ဝါဒ စတင် ဖြစ်ပေါ်ရာကား ပုဂံကျောင်းဆောင်ပင် ဖြစ်၏ ။

တစ်နေ့တွင် ကျောင်းသားအများ သည် စာဖတ်ခန်းတွင် း၌ စုဝေးနေကြကုန်၏ ။ နေရာ ထိုင်ခင်းမလောက်သဖြင့် အချို့မှာ စားပွဲများ ပေါ်တွင် ထိုင်နေကြ၏ ။ အချို့ကား ပြင်ဘက်ဝရန်တာ လက်ရန်းပေါ်သို့တက်၍ ထိုင်ကြ၊ အချို့မှာ မတ်တတ်ရပ်လျက် နေကြရလေသည်။ အချို့ကား ဘေးခန်းတစ်ခန်းတွင် ကယ်ရွှန်တောက် သုံးပုံဖဲရိုက်၊ ကျားကစားရင်း အစည်းအဝေးစမည် ကို စောင့်နေကြ၏ ။

မောင်တင်သည် အခန်းတွင် းဝင်လာပြီး ဘစ်စ်ဘင်နာရီတစ်လုံးကို ပရိသတ်ဘက် မျက်နှာ ပေး၍ စားပွဲပေါ်တွင် ချထားလိုက်လေ၏ ။ အစည်းအဝေးစရန် ခြောက်မိနစ်မျှလိုသေးသည်။ စိုးထွန်းနှင့် သက်ဖေတို့သည် လူတစ်စုမှ လူတစ်စုကူး၍ စကားပြောနေကြ၏ ။ သူတို့သည် ရွေးကောက်ပွဲအတွက် သူတို့ပါတီမဲရရန် လိုက်ဆွယ်နေကြခြင်း ဖြစ်ပေ၏ ။ ဘသန်းနှင့် တင်ဦးတို့ သည်လည်း သူတို့အတွက် မဲထည့်ရန် လူတိုင်း လိုက်တရားဟောနေလေ၏ ။ ဖဲရိုက်နေသူများ ထံ သို့ ချဉ်းကပ်ကြသော အခါ စိုးထွန်းတို့လည်း မဲထည့်မည် ဟု ကတိရခဲ့၏ ။ ဘသန်းတို့လည်း စိတ်ချပါဟု ကတိရခဲ့ကြလေ၏ ။

မကြာမီ ရုစ်နာရီခွဲ၌ နှိုးစက်သံသည် ဆူညံစွာ တီးရိုက်လိုက်လေ၏ ။ ပွဲဆူနေခိုက် ပတ်မကြီး တီးလိုက်သော အခါ ငြိမ်သက်စပြုသကဲ့သို့ စာဖတ်ခန်းတွင် တိတ်ဆိတ်စပျိုးလေ၏ ။ ကျောင်းသား တို့သည် ထိုင်စရာရှိသမျှပေါ်၌ ထိုင်ကြ၍ ထိုင်စရာမရသူတို့ကား မတ်တတ်ရပ်လျက်နေကြ၏ ။ ဒုတိယအဆောင်မှူး ဝင်လာလေ၏ ။ နှိုးစက်ရပ်သွားလျှင် အဆောင်မှူး က အသင်းအတွက် အကျိုး ဆောင်ကြဖို့ စည်းကမ်းရှိရှိ၊ အသင်းတာဝန်ထမ်းဖို့များ ကို ပြောဆိုပြီးနောက် "ကဲ ယခု ၁၉၃၅-၃၆ ခုအတွက် အသင်းဥက္ကဋ္ဌ၊ ငွေထိန်း၊ စက္ကထရီကော်မတီများ ရွေးကြပေတော့၊ ကဲ ဥက္ကဋ္ဌကို စရွေးကြပါ"

ဟု ဆိုလေ၏ ။

အပျင်းဝါဒပင် သီဟန်ကြီး၏ သမ်းသံနှင့် သူ့အဖွဲ့သား ပေါ်ထွန်း၏ ခေါင်းကုတ်သံများ ကို ကြားရသည့်တိုင် အခန်းတစ်ခန်းလုံးသည် ဆိတ်ငြိမ်လျက် ရှိလေ၏ ။ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်၍ အတန်ငယ် ငေး၍ ကြည့်နေကြလေ၏ ။ နောက် ပိုးဘောင်းဘီအပြာ၊ စွပ်ကျယ်နှင့် ဘလေဇာတို့အကြားတို့ဖြင့် ယူနီဘာစီတီကျောင်းသားဂိုက် အပေါ်ဆုံးသော တင်ဦးက ထ၍

"ဥက္ကဋ္ဌအ ဖြစ်ဖြင့် အင်္ဂလိပ်စာ ဂုဏ်ထူးတန်းက ကိုဘသန်းကို ကျွန်တော် အဆိုတင်သွင်းပါ တယ်" ဟု အဆိုသွင်းလေ၏ ။ ပထမနှစ် ကျောင်းသား ဖြစ်သော လှမောင်သည် ဘသန်းအနီး၌ ထိုင်နေလေရာ၊ ဘသန်းက လက်နှင့် သူ့အား နာနာတို့ပြီး ခိုင်းနေသဖြင့် လှမောင်သည် ထပြီး "ကျွန်တော် ထောက်ခံတယ်" ဟု အော်လေ၏ ။

အဆောင်မှူး ကလေးသည် ဝမ်းသာသွားလေ၏ ။ ဘသန်းကား သူ့လူ ဖြစ်သော ကြောင့် ပင် တည်း။

"ကဲ ရှိသေးသလား၊ အရွေးဘယ်သူခံမလဲ" ဟု အဆောင်မှူး ကလေးက မေးလေ၏ ။ ထိုအခါ စိုးထွန်းသည် နေရာမှ ထလေ၏ ။ စိုးထွန်းကား မင်ကွက်များ ဖြင့် ပန်းရေး အပ်သော ပိုးလုံချည်သုံးပတ်ရစ်ကို လျော့ရဲရဲ ဝတ်ထားလေသည်။ စွပ်ကျယ်သာ အတွင်း ခံ၍ အပြင်က အပေါ် အင်္ကျီကို ဝတ်ထားသည်။

"ဥက္ကဋ္ဌရွေးတယ်ဆိုတာ ကလေးကလားလုပ်စရာမဟုတ်ဘူး" ဟု စိုးထွန်းက စလိုက်လေ ရာ

"ဘယ်သူက ကလေးကလား လုပ်လို့လဲ" ဟု တင်ဦးက လှမ်းမေးလိုက်၏ ။ အဆောင်မှူး က "ငြိမ်ငြိမ်" ဟု သတိပေးလိုက် ၏ ။

"အပြောအဆိုကောင်းတဲ့လူ၊ ဉာဏ်ပညာရှိတဲ့လူ၊ သမာဓိရှိတဲ့လူ၊ ကျောင်းအရာရှိတွေ နှင့် အရေး ရှိတော့ တိုက်ရဲခိုက်ရဲမယ့်လူကိုသာ ခန့်ရမယ်"

"ကဲ မောင်စိုးထွန်း၊ မောင်သဘောကျမယ့်လူကိုသာ ပြောပါ၊ သိပ်နိဒါန်းတွေ ဆင်မနေပါ နှင့် " ဟု ဆရာက ပြောလေရာ

"ရွေးကောက်မယ့်လူတွေ နားလည်အောင်ပြောရတာ ဆရာမ ပြောရင် ဘာမှသိကြတာ မဟုတ်ဘူး၊ သူတို့သိပြီးမှ ရွေးကြပါစေ၊ မသိဘဲနှင့် ရွေးတော့ ဘာမှတန်ဖိုးမရှိတဲ့ ငွေဒင်္ဂါး (အ) လို ဥက္ကဋ္ဌတွေ ကို ကျွန်တော် တို့ ရနေမယ်၊ အဲဒါကြောင့် ခုနကပြောခဲ့တဲ့"

"ရှည်တယ်ဟေ့၊ တိုတိုပြောပါ" ဟု မတ်တတ်ရပ်နေကြသူများ ထဲမှ အသံတစ်သံ ထွက်လာ လေ၏ ။

"ဘယ်သူလဲ၊ ဒီလိုအရမ်းအော်တာ၊ မျက်နှာပြအော် ထွက်ခဲ့လေ၊ မထွက်လာဘူး၊ ဒီတော့ ခုနင်ကပြောတဲ့ အရည်အချင်းနဲ့ပြည့်တဲ့ ကိုလှဖေကို ကျွန်တော် က အဆိုသွင်းတယ်၊ ကိုလှဖေဟာ ဘီအက်စီအထက်တန်းက ဖြစ်တယ်၊ သူများ လို တစ်ခါမှ စာမေးပွဲ မကျဖူးဘူး၊ ကိုလှဖေဟာ အသောက်အစားလည်း မရှိဘူး၊ တေတေပေပေလည်း ဘာမှမလုပ်ဘူး၊ အပြောအဆိုဘက်ဆို လည်း စကားအခြေအတင် ပြောဆိုတဲ့ပွဲတွေ မှာ နာမည် ကျော် ဖြစ်ခဲ့တယ်၊ ဖလားတောင် ရဖူးတယ်၊ ဟုတ်လား" ဟု ချီးကျူး နေခိုက်၊ လူသစ်ကလေးများ သည် လူဟောင်းများ ကို "ကိုလှဖေဆိုတာ ဘယ်သူလဲ" ဟု မေးကြလေ၏ ။ အသားဖြူဖြူ ပိန်ပိန် မျက်မှန်နှင့် လူ တစ်ယောက် ကို လက်ညှိုး ညွှန်ပြ ကြလေ၏ ။

"အရေး ရှိတော့ ကျောင်းအရာရှိတွေ နှင့် ကျောင်းသားဘက်ကနေ တိုက်ခဲ့တာ၊ ကိုလှဖေပဲ မဟုတ်လား၊ မနှစ် က ခရစ်စမတ်ဒင်နာမှာ ကျောင်းသားတွေ ငွေကိုင်သုံးရအောင် တောင်းယူတာ ကိုလှဖေ၊ ကျောင်းသားနှစ် ယောက် ဟော်စတယ်က ထုတ်ပစ်မယ်ဆိုလို့ မထုတ်ရအောင် အတိုက်အခံလုပ်တာ ကိုလှဖေ၊ ကျောင်းသားတွေ ဒစ်စ်ကွာလီဖိုင်း မလုပ်အောင် ဆူတာ ကိုလှဖေ၊ ဒါကြောင့် ကိုလှဖေကို ရွေးကောက်လိုက်ကြပါ" ဟု ပြောပြီး စိုးထွန်းသည် ထိုင်လေ၏ ။ ဘမောင်က ထောက်ခံလေ၏ ။

တင်ဦးသည် ထပြန်ပြီး

"ဥက္ကဋ္ဌဆိုတာ ပညာတွေ သိပ်တတ်ဖို့မလိုဘူး၊ အပေါင်းအသင်းဆန့်ဖို့ ဗဟုသုတရှိဖို့ လိုတယ်" ဟု စလိုက်ရာ မြမောင်သည် ခုံဖိနပ်နှင့် ကြမ်းပြင်ကို သုံးချက်လောက်ပေါက်၍ နောက်လိုက်လေ၏ ။

"ကိုဘသန်းဟာ အင်မတန်တော် တဲ့လူ၊ ဘောလုံးလည်း ကန်တတ်တယ်၊ တင်းနစ်လည်း ရိုက်တတ်တယ်၊ အပေါင်းအသင်းလည်း ဆန့်တယ်၊ ဆရာတွေ နဲ့ အားကြီးသင့်မြတ်တယ်၊ ရာဇဝင် ပရိုဖက်ဆာ နှုတ်ဆက်ပွဲတုန်းက ပုဂံဟောလ်က အိုးစည်ယိမ်းထည့်ရအောင် ပြောပေးတာ ကိုဘသန်းပဲ၊ မနှစ် က ကျောင်းထမင်းစားပွဲမှာ ကျောင်းအုပ်ကြီးလာပြီးစားအောင်ဖိတ်တာ ကိုဘသန်း မဟုတ်လား၊ ကိုဘသန်းဟာ ဒီပုဂံဟောလ်ရဲ့ ကျက်သရေကို အများ ကြီးဆောင်ခဲ့ပါ တယ်၊ ကိုဘသန်းကို မြှောက်ကြပါ" ဟု အဆုံးသတ်လေ၏ ။ နောက် ဘသန်းကိုယ်တိုင် ထလေ၏ ။ လက်ခုပ်သံ ပေါ်လာလေ၏ ။ ဘသန်းကား အရပ်အမောင်းကောင်း၏ ။ အသားဖြူ၏ ။ ဝက်ခြံပေါ၏ ။

"ကျွန်တော် ဘာမှမပြောဘူးလို့ပါပဲ၊ ကျွန်တော့် ထက် ကျောင်းရည်ဝတာ ဘယ်သူရှိသလဲ၊ ဥက္ကဋ္ဌလုပ်ရင် ကျောင်းရည်ဝမှ ကောင်းတယ်၊ ကျွန်တော် က ကျောင်းဂျောက်တာ ဆယ်နှစ် တောင် ရှိပြီ၊ ဒါ့ကြောင့် ဘာမဆို နားလည်တယ်၊ ကျွန်တော် ဥက္ကဋ္ဌ ဖြစ်မှ လုပ်ပြမယ်၊ ဟီး" ဟုဆိုပြီး ခေါင်းကို ဟိုယမ်းသည်ယမ်းလုပ်၍ ထိုင်သွားလေ၏ ။ ကျောင်းသားများ သည် "ကိုလှဖေ စကားပြော" ဟု အော်ကြလေ၏ ။ လှဖေသည် ထလေ၏ ။

"ကျွန်တော် က ကိုယ်ရည်တော့ မသွေးပါရစေနှင့် ၊ ကျွန်တော့် ကို တင်မြှောက်ပါလို့လည်း ကျွန်တော် မပြောလိုပါဘူး၊ ခင်ဗျားတို့စဉ်းစားပြီး ဒီလှဖေ တစ်ယောက် ဖြင့် တို့ခိုင်းချင်တာကို ကောင်းကောင်းကြီး ခိုင်းနိုင်ရဲ့ လို့ သဘောပေါက်ရင် ရွေးကြဖို့ပဲ၊ သို့ သော် ကျွန်တော် ဥက္ကဋ္ဌ ဖြစ်ရင် စာကြည့်တိုက်မှာ ဗမာစာအုပ်တွေ ထားဖို့ စာအုပ်ကောင်းတွေ ဝယ်ဖို့ ထမင်းဟင်းဖိုး ငွေတွေ ကို အကျွေးအမွေး ကော်မတီကြီးစိုးရဖို့ မီးကို နာရီပြန်တစ်ချက်ထိအောင်ရဖို့ ဒါတွေ ကြိုး စားမယ်၊ ခြင်းလုံးပြိုင်ပွဲ၊ ကျားပြိုင်ပွဲတွေ လုပ်မယ်၊ ကျောင်းသားတွေ ငွေအကုန်နည်းအောင် အိုက်စီအက် နှုတ်ဆက်ပွဲ၊ ဆရာနှုတ်ဆက်ပွဲတွေ မရှိအောင် လုပ်ပစ်မယ်" စသည်ဖြင့် ပြောလေရာ လက်ခုပ် ဆူညံစွာ

တီးကြလေ၏ ။

မဲခွဲရာ လှဖေက ၆၅ မဲရ၍ ၊ ဘသန်းမှာ ၃၁ မဲသာ ရလေ၏ ။ စက္ကူထရီကော်မတီတို့ ရွေးသော အခါ၌ လည်း လှဖေတို့လူစုသာ ရလေ၏ ။ စိုးထွန်းကား အကျိုးဆောင် ဖြစ်လာလေ၏ ။ ရွေးကောက်ပွဲပြီးသော အခါ စိုးထွန်းကား

"ကျွန်တော် တို့တတွေ ကို ရွေးကောက်လိုက်လို့ များ စွာ ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်း သာပါတယ်၊ ကျေးဇူးတင်တဲ့အလျောက် ခင်ဗျားတို့အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်မယ် ဆိုတဲ့ ကတိ၊ ဝမ်းသာတယ်ဆိုတဲ့ အထိမ်းအမှတ်ကိုပြရန် တို့ဗမာသီချင်း ဆိုပါရစေ" ဟု အခွင့် တောင်းလေ၏ ။

"ဟေ့ မောင်စိုးထွန်း ဒီသီချင်း သည်မှာ မဆိုရဘူး" ဟု အဆောင်မှူး က ကန့်ကွက်လေရာ

"ဘာ ဖြစ်လို့လဲ ဆရာ၊ အမျိုးသားသီချင်းကို အမျိုးသားတွေ မှ မဆိုရရင် ဘယ်သူဆိုရမလဲ၊ ဒီလိုနေရာမှမဆို ဘယ်မှာ ဆိုရမလဲ၊ သင်္ချိုင်းမှာ ဆိုရမလား၊ ၁၉၃၀ ခုလောက်တုန်းက သထုံဟောလ်မှာ တို့ဗမာသီချင်းဆိုရတယ်၊ ဆရာ အခုမှ ဘာလို့ ကန့်ကွက်ရသေးသလဲ" ဟု ရှေ့ထွက်လာပြီး မေးလေ၏ ။ ကျောင်းသားများ က "ဆိုသာဆို၊ ဟေ့ ကိုစိုးထွန်း တိုင်ပါ" ဟု အော်ကြလေ၏ ။ ဘသန်း၊ တင်ဦးတို့ ဆယ်ယောက် လောက်ကား အခန်းပြင်သို့ ထွက်သွားကြလေ၏ ။

"နောင် ဥဒါန်း ဘယ်မကြေစရာ ရာဇဝင်မှာ ဖြင့် စာအထင်အရှား အဲဒါဟာ တို့ဗမာ" ဟု စိုးထွန်း၊ လှဖေ၊ မောင်တင်တို့က တိုက်ကြလေ၏ ။ ကျောင်းသားများ က

"ကမ္ဘာမကြေ

ဗမာတတွေ

ဒါ တို့ပြည်

ဒါ တို့မြေ

ဒါ ငါတို့ပြည်။

တို့ဗမာပြည်ကို

တိုင်းရင်းသားကုန်စင်

တို့ပြည်လိုမှတ်ထင်

တို့ဝတ္တရားပင်

တို့ဗမာသခင်" ဟု အော်ဟစ်၍ ဆိုကြလေ၏ ။

*

(၁၀)

မောင်သန်းမြင့်သည် စာစီစာကုံးစာအုပ်များ ကို စစ်ရသဖြင့် တစ်နံနက်လုံး အချိန်ကုန်သွား လေ၏ ။ ရိုးရိုးသာမန်ကာလျှံကာ ချစ်ရက ဤမှုကြာမည် မဟုတ်။ စာစီစာကုံးတွေ ကို တစ်လုံးစီ တစ်လုံးစီ ကြည့်ပြီး သတ်ပုံ မှာ းလျှင် ပြင်၊ စကားကြမ်းလျှင် စကားယဉ်အစားထိုး၊ အသုံးမမှန်လျှင် စကားသုံးကိုပါ ပြင်လိုက်ရလေသည်။ ဆရာအသစ်ကလေး ဖြစ်၍ ဝတ္တရားကျေပွန်ချင်သည့်ထက် သူတတ်ကြောင်း သူတော် ကြောင်းကို တပည့်မကလေးများ စိတ်ပေါ်တွင် တံဆိပ်ခတ်နှိပ်လိုသဖြင့် ဂ ဃ ဏ န စိစစ်ခြင်း ဖြစ်လေသည်။

"စားရက်ကြုံသဖြင့် မှတ်ဆိတ်ပျားစွဲ" ဆိုသကဲ့သို့ ကံကောင်းထောက်မသော ကြောင့် နည်းပြဆရာလေး မောင်သန်းမြင့်၏ အတန်းတွင် တပည့်မကလေးများ စွာ ပါဝင်ခဲ့လေသည်။ ညွန့်ညွန့်၊ မစ္စမာဂရက်တုတ်ကြီး၊ မစ္စဒေါ်ရိုသီသိန်းဖေ၊ အလှ၊ ထွေးထွေး၊ မကျင်ယုံ၊ သော င်းရီ စသော တပည့်မကလေးများ စွာ တို့၏ မှီရာခိုရာ ဆည်းကပ်ရာ

ဆရာတစ်ဆူ ဖြစ်လာလေသည်။ ထိုမှတစ်ပါး တပည့်ထီးကလေးများ ဆယ်ယောက် ခန့် ရှိလေသေး၏ ။

မောင်သန်းမြင့်၏ ကိုယ်တွင် း၌ ကိန်းအောင်းလျက်ရှိသော စေတနာ ပန်းရန်ဆရာကြီးသည် အမှာ းတည်းဟူသော အချက်များ ကို ဖျက်ရုံဖြင့် မရောင့်ရဲဘဲ နည်းမှန်ကို အကြံပေးခြင်းတည်း ဟူသော တိုက်သစ်များ ကို ဆောက်လုပ်လိုက်လေ၏ ။

"စကားအသုံးများ ကို အနယ၌ တုမယှဉ်သာအောင် ဝေဆာဖြာစီစေရန် မြန်မာကဗျာများ ကို ဖတ်ရှုလေ့လာ အာဂုံဆောင်ပါ၊ ဆောင်ညပြီးသော အခါ၌ လှပေ့ယဉ်ပေ့ဆိုသော စကားများ ကို လိုရာရာ၌ ချိုသာစွာ သုံးနိုင်ပါလိမ့်မည် " ဟု လည်းကောင်း

"စာရေး သော အခါ၌ အရေး ကြီးဆုံး ယဉ်ကျေးသိမ်မွေ့မှု ဖြစ်သည်ကို သတိထားပါ၊ စကား အသုံးအနှုန်း အစီအကုံး၊ အဖွဲ့အနွဲ့တို့၌ ထီးသုံးနန်းသုံး တော် သုံးကဲ့သို့ ယဉ်ကျေးပါစေ" ဟု လည်းကောင်း

"နတ်ရှင်နောင်၊ ရှင်သံခို၊ မြဝတီဦးစ အစရှိသော မြန်မာ့ကဗျာဘုရင် မြန်မာ့ကျက်သရေ တော် ဆောင် ဆရာကြီးများ ၏ စာကို လေ့လာဖတ်ရှုပါက သည့်ထက် အဆများ စွာ ရေး နိုင်ပါလိမ့် မည် " ဟု လည်းကောင်း၊ မှတ်ချက်များ ကို ရေး သားလေ့ရှိပေသည်။ များ သော အားဖြင့် ကျောင်းသားများ ၏ စာအုပ်တွင် ကား မှတ်ချက်မပါ၊ စကားချပ်မပါ တုံးတိတိသာ ဖြစ်လေသည်။

ယနေ့ကား တပည့်မများ တို့နှင့် မျက်နှာချင်းဆိုင်၍ တွေ့ရတော့မည် ။ ကုလားထိုင်ချင်း ယှဉ်ထိုင်ကာ၊ မိမိက ယုယုယယနှင့် စာပြရတော့မည် ။ တပည့်မတို့က ကနွဲ့ကရ တီတီတာတာနှင့် မေးရမြန်းရတော့မည် ။ စာစီစာကုံးရေး ကြသော နေ့က အိုင်အေနှစ် တန်းပေါင်းရေး ပြီး တပည့်အစု လိုက် မခွဲရသေးသဖြင့် သူ့တပည့် ဘယ်သူဘယ်ဝါမသိ၊ ယခုကား ခွဲပြီး၍ တပည့်များ နာမည် ကို သိရပြီ။

မောင်သန်းမြင့်သည် မျက်နှာ နှစ် ထပ်သုံးထပ်သစ်ပြီးမှ စင်ကြယ်စွာ

သုတ်ပြီးသော် နံ့ရုံချိတ် ဗီရိုမှန်ကလေး ရှေ့တွင် ရပ်လေ၏ ။ ခေါင်းကို ကော့စ်မတစ် ထူစွာ သုတ်ပြီးလျှင် ပိနေအောင် ဘိုကေကို ခွဲလေ၏ ။ နောက်မှ မျက်နှာကို ဗင်ယူဆာဖြင့် နူးညံ့ဖြူဖွေးစေပြီး လက်ဖက်သုပ်တွင် အကြော်ဖြူး သကဲ့သို့ ပေါင်ဒါ နည်းနည်း ကလေး ရိုက်လိုက်လေ၏ ။

စတစ်နှင့် ရပ်အင်္ကျီကို ဝတ်ပြီး၊ ဖက်ဖူးရောင် ခေါင်းပေါင်းကို ပေါင်းလျက် မှန်တွင် အဖက်ဖက်မှ ကြည့်နေ၏ ။ ခေါင်းပေါင်းစကလေး မလူသဖြင့် ၊ သွားပွတ်တံကလေးဖြင့် သစ်ပင်ကို ဥယျာဉ်မှူး တူရွင်းနှင့် ဆွ၍ မြေတောင်မြှောက်သလို ဟိုထိုး သည်ထိုး ထိုး၍ ခေါင်းပေါင်းပြင်လေ သည်။ ဖက်ဖူးရောင် မဟာနွယ် မြတလေးလုံချည်ကလေးနှင့် ငါးထောင့်ငါးရာ အပေါ်အင်္ကျီကို ဝတ်ပြီး၊ လမ်းလျှောက်ကြည့်၏ ။ နောက်အတန်ကြာ ကတ္တီပါဖိနပ် စီးလော့၊ ရှူး ဖိနပ်ကို စီးအံ့ လောဟု တွေ းပြီးမှ ကတ္တီပါဖိနပ်ကိုစီးရန် ဆုံးဖြတ်လေ၏ ။

ကျောင်းခန်းသို့ ရောက်သော အခါ ကျောင်းသားများ သာ ရှိ၍ ကျောင်းသူများ ကို မတွေ့ရ သော ကြောင့် အံ့အားသင့်နေလေ၏ ။ "သူတို့ ကနေ့ မလာကြတော့ဘူးလေလား" ဟု အောက်မေ့ ပြီး ဝမ်းနည်းနေလေ၏ ။ ကျောင်းသားများ ကို သူတို့၏ စာအုပ်များ ဝေလိုက်၏ ။

"ဆရာ့အတန်းထဲမှာ မိန်းကလေးတွေ ပါတယ်၊ တစ်ယောက် မှလည်း မရှိပါကလား၊ မလာ ကြဘူးလား" ဟုမေးပြီး၊ ကျောင်းသူများ ၏ ဗလာစာအုပ်များ ကို ကြည့်နေလေ၏ ။

"မပြောတတ်ဘူး ဆရာ၊ ဝမ်းနည်းစရာပဲ" ဟု ကျော်ညွှန့်က ဝမ်းနည်းသော မျက်နှာဖြင့် ပြောလိုက်ရာ

"ဝမ်းနည်းရင် ဝမ်းနှုတ်ဆေးစားကွ" ဟု အနီးမှ ရန်ကုန်မြို့ မကျောင်းထွက် သော င်းညွှန့်က တိုးတိုး နောက်လိုက်လေ၏ ။ သူတို့အချင်းချင်း ရယ်နေကြသဖြင့် ဆရာသည် မျက်နှာပျက်သွား လေ၏ ။ "ငါ ဝမ်းနည်းတာ သူတို့ သိများ သွားလေရော့လား" ဟု မလုံမလဲ

ဖြစ်နေလေ၏ ။ "ခုနေဖြင့် ခဲလေသမျှ သဲရေကျရတော့မှာ ပဲလား" ဟု တွေ းပြန်၏ ။ စိုးရိမ်ပြန်လေ၏ ။

"မိန်းကလေးတွေ မလာရင် ကောင်းတယ်၊ ဆရာ့အတန်းရှင်းသွားတာပေ့ါ၊ သူတို့အနားမှာ ရှိရင် နံ့ကနံ့သနဲ့" ဟု သော င်းညွှန့်က ပြက်လုံးထိုးလေရာ တစ်တန်းလုံး ရယ်ကြ၏ ။ ဆရာက မရယ်ဝံ့။ နဖူးကိုသာ လက်ညှိုး ဖြင့် ပွတ်နေလေရာ၊ လိမ်းလာသော အလှဆီကလေးများ အနည်းငယ် ပျက်ပြယ်ကုန်လေ၏ ။

"မိန်းကလေးရှိမှ ကောင်းတယ်၊ နို့မဟုတ်ရင် ကျွန်တော် တို့အတန်းဟာ ဆာဟာရ သဲကန္တာရကြီးလို ဖြစ်နေတာပဲ" ဟု ဘဟိန်းက စွက်ပြန်၏ ။

ထိုအတောအတွင် း ဖိနပ်ရှပ်တိုက်သံများ ကို ကြားရသဖြင့် ဆရာသည် အခန်းပြင်ဘက် ဖိနပ်များ ဆီသို့ လှည့်ကြည့်လေ၏ ။ ကျောင်းသားများ လည်း လည်ပြန်၍ စောင့်ကြ၏ ။ ဖိနပ်သံများ ကားကပ်လျက် လာလေသည်။ ဟောလာကြပြီ၊ တစ် နှစ် သုံး၊ အားလုံး ခုနစ်ယောက် ဖြစ်၏ ။

မောင်သန်းမြင့်ကား မျက်နှာများ ကို မြင်ရပြီ ဖြစ်သော် လည်း သူ့အတန်းသူများ လား၊ အခြား အတန်းသူများ လား သေချာစွာ မသိ။ ရင်တထိတ်ထိတ်ဖြင့် သာ စောင့်နေလေ၏ ။ သူတို့သည် ရှေ့သို့ ဆက်သွား၍ အတန်းခန်းတွင် းသို့ ဝင်မလာလေသော် မောင်သန်းမြင့်သည် သက်ပြင်းကြီး ချ၍ စိတ်ပျက်စ ပြုလာလေ၏ ။

ကျော်ညွှန့်သည် ရုတ်တရက်ခုံမှထပြီး အခန်းပြင်သို့ ထွက်သွားလေ၏ ။ တစ်တန်းလုံးသည် သူ့အား လိုက်ကြည့်နေကြလေသည်။ သူသည် မိန်းကလေးတွေ နောက်မှ လိုက်သွားပြီး

"နေဦး နေဦး" ဟု ခေါ်လိုက်၏ ။ မိန်းကလေးများ က လှည့်ကြည့်သော အခါ

"ယူတို့က ဆက်ရှင်ဖိုးက မဟုတ်လား" ဟု မေးရာ မစ္စမာဂရက်တုတ်ကြီးက

"ရက်စ်" ဟု ဖြေလေ၏ ။

"ဒါဖြင့် ဘယ်များ လှေလွှန်ရှက်တိုက်ကြမလို့လဲ၊ လာကြ၊ ဒီမှာ " ဟု ခေါ်ရာ မိန်းကလေး များ သည် စာအုပ်ဖြင့် ပါးစပ်ကို ကွယ်ကာ ပြုံး ကြလေ၏ ။ မစ္စမာဂရက်တုတ်ကြီး "သင့်ကယူ" ဟု ကျေးဇူးတင်လိုက်ပြီး၊ ခေါင်းဆောင်၍ ရှေ့ဆုံးက ဝင်သွားလေ၏ ။ တစ်တန်းလုံးသည် ကျော်ညွှန့် အား စိတ်တွင် းက ချီးကျူး ကြ၏ ။ ကျော်ညွှန့်သည် သူ့နေရာ၌ မထိုင်သေးဘဲ ဆရာရှေ့၌ ရှိသော စာအုပ်များ ကို ယူပြီး

"မညွှန့်ညွှန့်" ဟုဆို၍ စာအုပ်တစ်အုပ်ကို ကိုင်ပြလေ၏ ။ ကျစ်ဆံမြီးကလေးနှင့် ညာဘက်ခုံ အလယ်တွင် ထိုင်နေသူတစ်ဦးက "ဟီးယားပလီးစ်" ဟု ပြောမှ စာအုပ်ကို သွားပေးလေ၏ ။ သို့ဖြင့် စာအုပ်ဝေရင်း ဘယ်သူဘယ်ဝါဟု ကောင်းစွာ သိလေသည်။

"မစ္စမာဂရက်တုတ်ကြီး" ဟု ခပ်ကျယ်ကျယ် ဖတ်လိုက်ရာ တစ်တန်းလုံး ထူးဆန်းသော နာမည် ကို ကြားရသဖြင့် ရယ်ကြလေ၏ ။

"ဒီကို လှမ်းလိုက်ပါရှင်" ဟု ဆံပင်ကို လေယာဉ်ပျံဆံထုံး ထုံး၍ ပိုးအင်္ကျီကို ဝတ်ထားသော လက်ဝဲဘက်ခုံတွင် ထောင့်ဆုံး၌ ထိုင်နေသူက ပြောလေလျှင် ကျော်ညွှန့်သည် သူ့အနီးသွားလျက်

"ဩော် မာဂရက်ဆိုတာ ဒီကနာမည် ပဲကိုး" ဟု မေးလေ၏ ။

"ဟုတ်တယ် သင့်ကယူ" ဟု ပြောပြီး ကျော်ညွှန့်အား မကြောက်သော မရှက်သော မျက်နှာ ဖြင့် ပြုံး လိုက်လေ၏ ။

ကျော်ညွှန့်သည် သူ့နောက်ကခုံ၌ ထိုင်ပြီး အားလုံးသော မိန်းကလေးများ ကို သုံးသပ် ကြည့်ရှုနေလေ၏ ။ ဆရာသည် နာမည် စာရင်း ခေါ်သော အခါ အသံတုန်နေ၍ တော် တော် ဖြင့် ပီသစွာ မထွက်လာ၊ ချောင်း သုံးလေးခါဟန့်ပြီးမှ ပြင်ခေါ်ပြန်လေ၏ ။ နောက် တစ်ယောက် ပြီး တစ်ယောက် ခေါ်၍ သူ့ဘယ်ဘက်၌ ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်စေလေ၏ ။

မောင်သန်းမြင့်သည် သူ့အခန်းတွင် တွေ းနေစဉ်ကမူ တပည့်ကလေးတွေ ကို သင်လိုက် မည် ၊ ပြလိုက်မည် ၊ ရှင်ဥတ္တမကျော်တောလားမှ ဘယ်ကဲ့သို့ ကောက်နုတ်ချက်ကို

ပြလိုက်မည် ။ စိတ္တကျော်သူကို ဘယ်ကဲ့သို့ ကိုးလိုက်မည် ။ မြဝတီကို ဘယ်သို့ ရွတ်လိုက်မည် စသည်ဖြင့် ကြုံး ဝါး ခဲ့၏ ။ ယခုမူကား ကြောင်အနီးမှ ကြွက်ကလေးတွေ အလျှားလိုက် ထွက်ပြေးကြသကဲ့သို့ ယုဝတီ ကြောင်မကလေးတွေ ရှေ့၌ မောင်သန်းမြင့်၏ မှတ်သားဉာဏ်မှ စိတ္တကျော်သူ ရှင်ဥတ္တမကျော် မြဝတီတို့သည် အစုလိုက် အအုပ်လိုက် ထွက်ပြေးကြကုန်၏ ။ စကားကိုပင် ရှင်းလင်းပြတ်သား အောင် မပြောလိုက်နိုင်။

"မင်းနာမည် က အလှတဲ့လား" ဟု မေးရင်း၊ ဗလာစာအုပ်အဖုံးကို လှန်ကြည့်လေ၏ ။ အလှက "ဟုတ်တယ် ဆရာ" ဟု ဖြေမှ အလှမျက်နှာကို ကောင်းကောင်းကြည့်မိလေသည်။ အလှမျက်နှာတွင် ဘယ်ဘက်ပါး၌ မှဲ့တစ်လုံးရှိသည်ကို ယခုမှ ကောင်းစွာ မြင်ရလေ၏ ။

"အလှတို့ဆယ်တန်းတုန်းက အပိုမြန်မာစာယူခဲ့သေးသလား"

"ယူခဲ့တယ် ဆရာ"

"ဩော် ယူခဲ့တယ်၊ ကောင်းတယ်၊ အဟင်း ကောင်း ကောင်းတယ်၊ ဟို ဟို သံဝါသပျို့ ဖတ်ခဲ့ရသေးသလား"

"သံဝါသပျို့ဆိုတာ မကြားဖူးဘူးဆရာ"

"အို ယောင်လို့ သံဝါရပျို့ပြောတာ" ဟု ဆရာသည် စကားပြင်ရင်း မျက်နှာတွင် ရှက်သွေး များ တက်လာလေ၏ ။

"ဆယ်တန်းမှာ ပျို့မှ မသင်ရဘဲ" ဟု အလှက ဖြေတော့ သူ့အမှား ကို သတိရတော့၏ ။ သို့ဖြင့် စစ်ဆေးလေရာ သော င်းရီအလှည့်သို့ ရောက်သော အခါ သော င်းရီကာ သူပေးထားသော အမှတ်ကိုလည်း မကျေနပ်။ အောက်မှ "စကားမှာ ဝါစာသီလိဌ မ ဖြစ်သဖြင့် ယဉ်ကျေးသိမ်မွေ့ လုပ ကောင်းမွန်အောင်" စသော မှတ်ချက်ကိုလည်း သဘောမကျလှသည်နှင့်

"ဆရာ ကျွန်မ အက်ဆေး ဘာမကောင်းတာလဲ ဆရာ" ဟု မေးလေ၏ ။

ဆရာသည် စကား မပြောနိုင်အောင် အံ့အားသင့်သွားလေ၏ ။ ကြောက်တုန်း ဖြံခြောက်သလို ရှိလေ၏ ။

"ကျွန်မရေး တဲ့အချက်တွေ မှာ ဘာတွေ မှား သလဲဆရာ"

"အဟင်း မမှား ပါဘူး၊ အချက်တွေ မှန်ပါတယ်" ဟု ဆရာသည် ဝန်ခံရလေ၏ ။

"မမှား ရင် ဘာလို့ လူများ တွေ ထက် အမှတ်နည်းသလဲ ဆရာ"

"မမှား ဘူး၊ စိတ်ကူးကောင်းတယ်၊ သုံးနှုန်းတဲ့စကားတွေ က မယဉ်ကျေးဘူး၊ ဒါကြောင့် "

"ဒါဖြင့် မှန်တာထက် ယဉ်ကျေးတာကို ပိုပြီး ဆရာ သဘောကျတယ်ပေါ့၊ ဩဇာသီးထက် ကျီးအာသီးကို ကြိုက်သလိုပေါ့"

"မဟုတ်ပါဘူး မသော င်းရီ၊ ဆရာက စကားယဉ်ကျေးအောင် ဝါစာသီလိဋ္ဌ ဖြစ်အောင် ဖျက်ပေးတာပါ"

သို့ သော င်းရီအားပြောနေစဉ် ကျော်ညွန့်သည် နောက်ခုံကနေပြီး

"အိုင်ဆေး မာဂရက် စာအုပ်ခဏပြပါလား" ဟု အရဲစွန့်၍ ငှားလေရာ မာဂရက်တုတ်ကြီး သည် သူ့စာအုပ်ကို လှမ်းပေးလိုက် လေ၏ ။ ကျော်ညွန့်သည် လှန်လှောကြည့်နေခိုက်၊ သီဟန်သည် အနီးသို့ တိုး၍ ကြည့်လေ၏ ။ နှစ် ယောက် သား ဆရာ၏ မှတ်ချက်ကိုကြည့်ပြီး ပြုံး ကြလေ၏ ။

"ဒီမှာ ခင်ဗျားထဲမှာ မှတ်ချက်ပါသလား" ဟု ကျော်ညွန့်က မေးလေရာ

"မပါဘူး" ဟု သီဟန်က ဖြေလေ၏ ။

"အဲဒါဗျ၊ လုံးလုံးနှင့် ပြားပြား ကွဲကြတာ" ဟု ပြောပြီး ရယ်နေကြမှ မာဂရက်က မျက်စောင်း ထိုး၍ နောက်လှည့်ကြည့်လိုက်ရာ နှစ် ယောက် သား ငြိမ်နေလိုက်ကြရလေ၏ ။

"စာရေး တဲ့အခါမှာ မရေး ခင် သုံးဖို့နှုန်းဖို့ စကားလုံးတွေ ကို တွေ းဦး၊ တွေ းပြီးမှ

စကားလုံး တွေ ယဉ်သလို ယဉ်ကျေးတဲ့ အိုင်ဒီယာတွေ ရှာပြီး ရေး ရတယ်" ဟု ဆရာက အကြံပေးလေရာ။

"ကျွန်မအစ်ကိုကြီး ကတော့ ဆရာနှင့် ပြောင်းပြန်ပဲဆရာ၊ အစ်ကိုကြီးက ပထမဆုံးရေး ရ မယ့် အကြောင်းအရာနှင့် သက်ဆိုင်တဲ့ အကြံဉာဏ်တွေ ကို စိတ်ကူးယူတဲ့၊ အဲဒီ အကြံဉာဏ်တွေ ရပြီဆိုမှ အစီအစဉ်လုပ်ပြီး သင့်လျော်မယ့် စကားလုံးနှင့် တန်ဆာဆင်ပြီး ရေး ရမတဲ့"

"မသော င်းရီအစ်ကိုကြီးက ဘယ်သူလဲ"

"ဘီအေအထက်တန်းက ကိုညို့ထွန်းပဲဆရာ"

"ဩော် သိပါတယ်၊ သူရေး ရင် အင်မတန် ရုဒ္ဒဒေါသသင့်တာမို့ ဆရာတို့က သူ့ကို ဝိုင်းပယ် ထားတယ်၊ သူက ဆရာတို့လို ဂုဏ်ထူးတန်းကလည်း မဟုတ်ဘူး" ဟု ပြောပြီး လက်ကိုင်ပဝါ ကလေးကို ထုတ်လိုက်ရာ ရေမွှေးနံ့ပြန့်သွားလေ၏ ။ သော င်းရီသည် ကြာနေမည် စိုး၍ ရှေ့ဆက် ဆင်ခြေမပေးတော့ဘဲ စာအုပ်ကို ပေးလိုက် လေ၏ ။ "သွားတော့" ဟူသော ခွင့်ပြုသံကို မျှော်နေ လေ၏ ။ ဆရာသည် ထိုတွင် မှ အနည်းငယ်ရဲလာကာ သော င်းရီကို သေသေချာချာ ကြည့်လိုက်၏ ။ တစ်တန်းလုံးရှိ မိန်းကလေးများ တွင် သော င်းရီသည် အချောဆုံး ဖြစ်နေသည်ကို တွေ့ရလေ၏ ။ အရှက်ကို မငဲ့နိုင်ဘဲ စိုက်ကြည့်နေမိလေ၏ ။ သော င်းရီသည် စာအုပ်ဖုံးကို ဖွင့်ချည်ပိတ်ချည် လုပ်၍ ငြိမ်နေလေ၏ ။ ဆရာတွင် သော င်းရီကား ဖျတ်လတ်သူ သွက်သွက်လက်လက် ပြောရဲသူဟူ၍ သဘောပေါက်လာတော့၏ ။

"သွားနိုင်ပြီ" ဟု ခွင့်မပြုချင်ပြုချင် ပြုလိုက်တော့မှ သော င်းရီသည် သူ့နေရာသို့ ပြန်သွား လေ၏ ။ နှစ် နာရီ၏ အကြွင်းကျန်သေးသော ၊ ပျင်းစရာကောင်းသော အချိန်သည် နေပူပြင်းပြင်းတွင် ဖုန်တထောင်းထောင်းနှင့် ကျွဲလှည်းကြီးတွေ လို သွားနေလေ၏ ။

*

# (၁၁)

ဝိုင်းစက်ခြင်း မရှိတော့ဘဲ၊ သပိတ်ပုံရှိသော လမင်းသည် ရောင် ခြည်ပျောက်စပြု လာလေပြီ။ ထိန်ဝါသော လမင်းမျက်နှာသည် ဖြူရော်၍ လာလေပြီ။ တဖွဲဖွဲပြန့်ကျဲ၍ နေသော ကြယ်ကလေးများ သည်လည်း တစစ ပျောက်ကွယ်ကြလေပြီ။ သို့သော် ကမ္ဘာပေါ်သို့ လင်းအာရုံ၏ ပထမရောင် ခြည် ကား မထိုးသေးပေ။

ညိုထွန်းသည် အိပ်ရာမှ လျင်မြန်စွာ ထပြီး၊ မျက်နှာသစ်ပြီးလျှင် ပဲခူးကျောင်းဆောင်ဘက် သို့ ကူးခဲ့လေ၏ ။ ပဲခူးကျောင်းဆောင်ကား ယခုထက်တိုင် အိပ်မောကျလျက် ရှိသေး၏ ။ လမင်း၏ ရောင် ခြည်သည်လည်း ကျောင်းဆောင်တွင် းမှ ထွက်သွားခါစ ဖြစ်လျက် လင်းအာရုံကလည်း ရောင် ခြည်ထုကို ကျောင်းဆောင်များ သို့ မပို့သေးသော ကြောင့် အားလုံးမှော င်ကျနေလေ၏ ။ ညိုထွန်းသည် လှေကားထစ်များ ကို ခြေဖြင့် စမ်း၊ လက်ကိုင်ကို မြဲမြဲကိုင်ကာ အထက်ဆုံး အထပ်သို့ တက်သွားလေ၏ ။

အခန်းတစ်ခုသို့ ရောက်သော အခါ အတွင် းသို့ ချောင်းကြည့်သေး၏ ။ အခန်းရှင်ကား အိပ်လျက်ပင် ရှိသေး၏ ။ သူသည် တံခါးကို ခေါက်၍ "ကိုန ကိုန ကိုန" ဟု ခေါ်လေ၏ ။

"အေး နိုးပြီဟေ့" ဟူသော အသံကို ကြားရမှ တံခါးခေါက်ရပ်ပြီး လက်ပိုက်စောင့်နေလေ၏ ။ တံခါးဖွင့်ပေးလိုက် လျှင် အထဲသို့ ဝင်၍ "ကဲ လုပ်ဗျာ၊ သွားကြစို့" ဟု ညိုထွန်းကပြောလျှင် ကိုနသည် မျက်နှာသစ်သွားလေ၏ ။ ညိုထွန်းသည် ခြင်ထောင်ကို မ မတင်ဘဲ၊ အိပ်ရာထဲ ဝင်အိပ် လေ၏ ။ တစ်ကိုယ်လုံးကို စောင်ခြုံ၍ သူ့ကိုယ်ကို ကွေးထားသော ကြောင့် စောင်ပုံကြီးသာ ထင်ရ လေ၏ ။ သူသည် တူတူပုန်းတမ်း ကစားရသလို ပျော်နေလေ၏ ။ မြူး နေသော နှလုံး၏ တထိတ်ထိတ်ခုန်သံနှင့် ခေါင်းမြီးခြုံ ထားရသဖြင့် ပြင်းစွာ ရှူရသော အသက်ရှူသံတို့ကို သူကိုယ်တိုင် ကြားရင်း ပြုံး နေလေ၏ ။ ကိုန၏ ဖိနပ်သံကို ကြားရလေပြီ။ သူသည် ခိခနဲ ရယ်၏ ။

ကိုနသည် အပေါက်ဝ၌ ခဏမျှတွေ နေပြီးနောက်

"ဟော့ကောင်ကလေး ငါသိတယ်၊ စောင်ပုံကြီးက ကြီးလွန်းတယ်၊ ထွက်ခဲ့ စောင်ပုံကြီးထဲက ထွက်ခဲ့" ဟု ရယ်သံနှင့် ခေါ်လေ၏။

ညိုထွန်းလည်း စိတ်ပျက်သွားလေ၏။ ကိုနကြီးကို ဒုက္ခမပေးရတော့ဘူးဟု မကျေမနပ် ဖြစ်နေလေ၏။ အိပ်ရာမှ ထပြီး ရယ်နေသည့်တွင် ကိုနက

"မီးခြစ်စမ်းပါကွ" ဟု ခိုင်းလေ၏။

"ဘာလုပ်ဖို့လဲ"

"ပြစမ်းပါ၊ ဘယ်မျက်နှာသုတ်ပဝါဟာ အဟောင်းလဲ မသိဘူး၊ အသစ်နှင့် အဟောင်း ရောနေတယ်"

ညိုထွန်းသည် မီးခြစ်၍ ပြရလေ၏။ ကိုနသည် စင်ကြယ်သော မျက်နှာသုတ်ပဝါကို ရွေး၍ သုတ်လေ၏။

သူတို့နှစ် ယောက် သည် ဘွဲ့နှင်းသဘင်ရုံကြီးကို ဖြတ်၍ လမ်းလျှောက်သွားကြလေ၏။ ဘွဲ့နှင်းသဘင်ရုံကြီးသည် မှော င်ရီရီတွင် ဇာတ်သေတ္တာကြီး မှော က်ထားသည်နှင့် တူလေ၏။

"တို့ယူနီဘာစီတီအဆောက်အဦက အရှေ့နိုင်ငံမှာ အကောင်းဆုံးပဲကွ" ဟု ကိုနက စကား စလိုက်လေ၏။

"အဆောက်အဦးက အကောင်းဆုံး၊ သင်တဲ့ပညာကြတော့ အညံ့ဆုံးပဲ မဟုတ်လား" ဟု ညိုထွန်းက မေးလိုက်လေ၏။

"အစစ်ပေါ့ကွာ"

"ဘာလို့ ဒီလို ပညာသင်ကြားရေး ကိုတော့ ဂရုမစိုက်ဘဲ အဆောက်အဦးကိုသာ ဂရုစိုက် တာလဲ၊ ကိုကြီးနရာ"

သူတို့သည် အင်းလျားကန်ရိုးပေါ်သို့ ရောက်ကြလေ၏ ။ အင်းလျားကန်ရေမျက်နှာပြင်ကြီး သည် လှိုင်းဂယက် မရှိသော ကြောင့် ကြီးစွာ သော မှန်ကြီးနှင့် တူနေလေ၏ ။ အနောက်ဘက်သို့ ညွှိုး ငယ်စွာ လယဉ်သာရထားကြီးကို မောင်းနေသော လနတ်သားသည်လည်း ထိုမှန်ပြင်ကြီးတွင် ကြည့်နေသည်။ ပြာညို့ ညို့ ကောင်းကင်ပြင်ကြီးလည်း ထိုမှန်တွင် ကြည့်နေသည်။ ကမ်းနဖူးနှင့် အလယ်ကျွန်းရှိ မှိုင်းညို့ ကာနေသော ကျွန်းသစ်ပင်များ လည်း သူတို့ကိုယ်ကို ထိုမှန်တွင် အလှရှု နေကြလေသည်။ အတိုင်းပုံ၍ ခင်းထားသော ကျောက်စရစ်ခဲပေါ်သို့ ပြင်းပြစွာ နင်းလိုက်သော ကိုန၏ ဖိနပ်သံနှင့် ညိုထွန်း၏ ဖိနပ်သံများ သည် တကျွိကျွိမြည် နေလေ၏ ။

"လူတွေ ရဲ့ စိတ်ဓာတ်ဟာ စဉ်းစားဉာဏ်နှင့် ဝေးနေပလားဆိုမှဖြင့် အပေါ်ယံ ပကာသန အလှအပကိုသာ မက်ကြတယ်၊ မင်းလိုပေ့ါ၊ မစဉ်းစား၊ ရုပ်ချောတာနှင့် ဟိုနားက ကောင်မကလေး ကို ကြိုက်နေတယ် မဟုတ်လား" ဟု ကိုနကရယ်ပြီး ဘင်တန်ဟောလ်ဆီသို့ လက်ညှိုး ထိုးပြလေ ၏ ။ "ဟာ ခင်များကြီးကလည်း မဟုတ်တာတွေ ပြောပြန်ပြီ" ဟု ညို ထွန်းက ကန့်ကွက်ဆဲပင်

"အဲဒီ အလှအပကလေးတွေ ကို မက်နေကြတဲ့ တို့ဗမာတွေ ကို လှပေ့ကောင်းပေ့ဆိုတဲ့ ကျောင်းတစ်ခု ဆောက်ပေးလိုက် ရော၊ ပေးတော့ တို့ဗမာတွေ က ဟေ့ တို့ကျောင်းကြီး ကောင်း တယ်ကွ၊ ကောင်းတယ်ကွနှင့် ကျေနပ်နေကြရော၊ ဒီရွှေကျောင်းကြီးပြောင်မှာ ဘာတွေ သင်တယ် ဆိုတာတော့ သူတို့အရေး မဟုတ်ဘူးပေ့ါကွာ၊ အဲဒီ လို ကျေနပ်နေကြတုံး၊ ဗြိတိသျှ အင်ပရီ ရယ်လစ်တို့က စုတ်ပေ့ ညံ့ပေ့ဆိုတဲ့ ပညာ၊ ကျွန်ပညာကို ဒီကျောင်းကြီးကနေပြီး သင်ပေးလိုက် ကြ တယ်၊ ဗမာတွေ ကလည်း ရွှေခွက်ကိုမက်ပြီး အဆိပ်ရည်သောက်တာလို မဆင်ခြင် မစုံစမ်းဘဲ မကန့်ကွက် မတော် လှန်ဘဲ ကျွန်ပညာတွေ ကို သင်ယူကြတာပဲ" ဟု ရှေ့မဆက်သေးဘဲ၊ မြောက်ဘက်မှ မီးမပါဘဲ အပြေးတက်လာသော ဘတ်စ်ကားတစ်စီးကို ကြည့်နေလေ၏ ။

"အင်မတန်ရမ်းတဲ့လူတွေ ၊ မီးမထွန်းဘူး"

"ပြီးတော့ ကိုကြီးနရေ၊ ကျွန်တော် ထင်တာ တစ်ခုရှိသေး"

"ဘာလဲကွ"

"ကျောင်းသားကလေးတွေ တောက ဒီယူနီဘာစီတီကို ရောက်လာရော၊ လာတော့ကာ တောမှာ နေခဲ့ရတဲ့အနေမျိုးနှင့် တက္ကသိုလ်မှာ နေရတဲ့အနေမျိုးက သိပ်ကွာတယ်၊ တောမှာ တုန်းက မဝတ်ဖူးတဲ့ အဝတ်တွေ ဒီမှာ ဝတ်၊ တောမှာ တုန်းက မနေရဖူးတဲ့ ခမ်းနားတဲ့ အဆောက်အဦတွေ မှာ နေရ၊ တောတုန်းက မစားရဘူးတဲ့ စတိုင်မျူးနဲ့စား၊ ဟင်းကောင်း မကောင်းတာ ကျွန်တော် မဆိုလို ပါဘူး၊ စားရပုံ အဆောင်အယောင်တွေ ပြောတာပါ၊ ဇွန်းခက်ရင်း၊ ခုံစားပွဲထိုးနဲ့ကိုး၊ အိမ်သာတက်ရ တာ ရေချိုးရတာ တောင် တောတုန်းကထက် အများ ကြီးသာလာတာကိုး၊ သည့်ပြင်ဟာမပြောနဲ့ ကျွန်တော် တို့ကျောင်းသားတွေ အနေဟာ ကိုယ့်မိဘတွေ အနေထက် အဆများ စွာ သာနေတယ်၊ တောသူတောင်သား ဆင်းရဲသားတွေ ထက်တော့ အနေအထိုင် အစားအသောက်မှာ ကွာချင်တိုင်း ကွာတော့တာပေါ့၊ ဒီတော့ ကျွန်တော် တို့ ကျောင်းသားတွေ နဲ့ တောသူတောင်သားတွေ နဲ့ လူတစ်မျိုးစီ ဖြစ်သွားပြီ၊ အစ်ကိုကြီးရာ တချို့ကောင်ကလေးတွေ ကျောင်းရောက်လာ၊ သွေးကြီး သွား၊ ရွာပြန်တော့ မပေါင်းတတ်မသင်းတတ် မနေတတ် ဖြစ်နေတာဟာ ဘာအံ့သြစရာရှိသလဲ၊ ဟောဒီကျောင်းကြီးက ကျွန်တော် တို့ ဗမာတွေ ကို တကွဲစီ ဖြစ်အောင် သွေးခွဲပေးတယ်လို့ ဆိုချင် တာပဲ" ဟု ညိုထွန်းသည် ညည်းညူပြီး ခေါင်းငုံ့၍ လျှောက်နေလေ၏ ။

သူတို့သည် ကန်ကြီး၏ မြောက်ဘက်ကမ်းရှိ ရွှေနှင်းဆီတိုက်ကြီးကို ရောက်လာပြီ ဖြစ်၍ ကန်ရိုးမှအောက်သို့ ဆင်းကြလေ၏ ။ လမ်းဘေးမှာ ပေါက်၍ တစ်လမ်းလုံး အုပ်ထားသော ကုက္ကိုပင် များ ၊ ခြံစည်းရိုးများ တွင် တိုးမပေါက်အောင် ပေါက်နေသော ဝါးရုံများ ကြောင့် ပြည်လမ်းကြီးသည် ညှိနေရာ၌ မှော င်နေလေ၏ ။ ကိုနုတို့သည် ဘေးလမ်းတွင် လျှောက်ကြလေ၏ ။ သူတို့က စကား မပြောကြတော့ဘဲ တွေ းချင်ရာ တွေ းလာကြလေ၏ ။ ကိုနုကား လမ်းလျှောက်ရင်း လက်ချောင်း ကလေးများ ကို လက်ဖဝါးတွင် သုံးထောင့်ချိုးကွေးပြီး တစ်ဖက်နှင့် တစ်ဖက်တိုက်၍ နေလေ၏ ။ ညိုထွန်းကား လက်ကိုယမ်းလာလေ၏ ။

သို့ ဖြင့် ကန်ဘောင်ကြီးခြံဘက်သို့ ရောက်လေ၏ ။ အင်းလျားကန်ကြီးသည် ဘွားခနဲ သူတို့ရှေ့က ပေါ်လာပြန်လေ၏ ။ အင်းလျားကန်ကြီးကား စိတ်အမျိုးမျိုးပြောင်း၍ မျက်နှာအမျိုးမျိုး ပြောင်း၏ ။ ယခင်က ပြာနေသော မျက်နှာပြင်သည် ယခုအခါ တစ်ပိုင်းတွင် နီရောင် ပြေးနေ၍ တစ်ပိုင်းတွင် ဖြူပြာပြာ ဖြစ်နေလေပြီ။ မှိုင်းနေသော ကမ်းစမှရေသည် စိမ်းလန်းလာလေပြီ။ ရက်တတ်သော အပျိုကလေး၏ ပြုံး သော နှုတ်ခမ်းကဲ့သို့ လှိုင်းဂယက်ကလေးများ သည် ညင်သာ စွာ လူးလိမ့်နေသည်ကို ရေမျက်နှာပြင်တွင် မြင်ကြရလေပြီ။

ကိုနုသည် မြောက်ဘက်သို့ မျှော်ကြည့်လေ၏ ။ စက်ဘီးလှည်းကလေးနှင့် လာနေသော နွားနို့ကုလားကိုမြင်သဖြင့် ကိုနုသည် ပါးစပ်ရော၊ မျက်စိရော၊ မျက်ခုံးရော ပြုံး လေ၏ ။ နွားနို့ကုလား ကို ခေါ်၍ နွားနို့ဝယ်ပြီး နစ် ယောက် သား သောက်ကြလေ၏ ။ "အင်္ဂလန်မှာ များ ကျောင်းသား ကလေးတွေ ကို နွားနို့ အလကားတိုက်တယ်ကွ၊ နွားနို့ဟာ အကျန်းမာစေဆုံး အစာပဲ" ဟု ကိုနုက မှတ်ချက်ချလေ၏ ။

ညိုထွန်းတို့သည် လှည့်၍ ပြန်လျှောက်ကြလေ၏ ။ ရွှေနှင်းဆီတိုက်ကြီးအနီးသို့ ရောက်သော အခါ ကန်ရိုးပေါ်သို့ တက်ကြပြန်လေ၏ ။ အရှေ့ကောင်းကင်ပြင်သည် အင်္ဂလိပ်မ ကလေး၏ ပါးပြင်ကဲ့သို့ နီရဲနေလေ၏ ။ နီရဲသော လင်းအာရုံ၏ အရောင် ကို လှိုင်းကလေးများ သည် ပုတ်ခတ်ကစားနေကြလေ၏ ။ အချို့တိမ်တိုက်တို့ကား ကျောက်နီကိုဖုံးထားသော ဝွမ်းဝတ်နကဲ့သို့ ရှိနေလေ၏ ။ အချို့တိမ်များ ကား သက်န်းရောင် ရနေလေ၏ ။ အထက်နားမှ ဖြူဆွတ်သော တိမ်တိုက်များ ကား မြောက်ဘက်သို့ ရွက်တိုက်နေကြလေ၏ ။ ကမာရွတ်ရွာဘက်ဆီမှ ကြက်တွန်သံသည် အင်းလျားကန်ရိုးသို့ လွင့်လာလေ၏ ။

"ကိုကြီးနု နေဦးဗျာ၊ နေထွက်လာတာလေး ကြည့်ရအောင် ဘယ်လောက်လှသလဲလို့" ဟု ညိုထွန်းက တောင်းပန်သဖြင့် သူတို့သည် ကမ်းပါးတွင် ထိုင်နေကြလေ၏ ။

"ကဲ ဘယ်လောက်လှသလဲ၊ ဟောဒီ သဘာဝ မွေ့ရဲ့ အလှ ကတော့ အင်မတန်

ဘေးကင်းတဲ့ အလုပဲ၊ ဒီအလုကို ကြည့်လိုက်ရ ရှုလိုက်ရတယ်ဆိုရင်ပဲ လူမှာ လန်းဆတ်လာပြီး စိတ်ကြည်သွား တယ်၊ သဘာဝ ဓမ္မရဲ့ အလုက ကျွန်တော် တို့မနောဟဒယဝတ္တုအိမ်မှာ ဖန်တီးပေးလိုက် တဲ့ အကြည်မျိုးကို ပသာဒလို့ ခေါ်မှာ ပေါ့၊ အဲဒီ တကယ့် ပသာဒ ရပြီလားဆိုမှဖြင့် စိတ်ဟာ မှန်မြတ်တယ်၊ ဒီပသာဒရဲ့ ညွတ်နူးတဲ့စိတ်က ကောင်းရာဘက်ကို ညွတ်ပြီး ကောင်းမှု တွေ ကိုသာ လုပ်ကြမယ်ဆိုရင် ကမ္ဘာတည်မယ့်ကောင်းမှု ၊ လောကတစ်ခုလုံး အေးမြစေမယ့် ကောင်းမှု ကို ပွားစေ ဖြစ်စေမှာ ပဲ၊ ကြည့်ပါဦး ကိုကြီးရာ၊ ဘယ်လောက်ကြည့်ကောင်းသလဲ၊ ဟိုဘက်တိမ်ကြားက ထွက်လာတဲ့ ရောင်ခြည်တန်းကြီးဟာ သင်္ဘောမီးထိုးလိုက်တာနှင့် မတူဘူးလား၊ တိမ်တွေ ကလည်း အစုကွဲလို့မို့ နေထွက်မယ့်နေရာမှာ ရှေးမင်းများ ထွက်ကာနီး လမ်းမှာ လူသူလေးပါး အားလုံး ရှောင်ရှားပေးရတာ နဲ့ မတူဘူးလား၊ ဟောဒီ ရေမျက်နှာပြင်ဟာ ကြည်လင်ငြိမ်သက်လို့မို့၊ နေမင်းရဲ့ အလုတွေ သဘာဝ ရဲ့ အလုတွေ ကို ထင်ထင်ရှားရှား အရိပ်ဖမ်းနိုင်တာလို့ ကျွန်တော် တို့စိတ်တွေ မှာ ပသာဒပေါ်နေတဲ့အခါမှာ ကြည်လင်ငြိမ်သက်နေတဲ့အခါမှာ လူ့လောကမှာ အမွန်အမြတ်ဆုံးဆိုတဲ့ အများ အကျိုးဆောင်ခြင်းတရားရဲ့ အရိပ်ကို ထင်ထင်ရှားရှား ဖမ်းနိုင်မှာ ပဲ။ ဟိုမှာ ကြည့်ပါဦး၊ စိမ်းစိုတဲ့သစ်ပင်တွေ ဟာ ပိုးစိမ်းကောင် တွန့်တာလို ရေပြင်မှာ တွန့်နေကြတယ်၊ အစ်ကိုကြီး မပျော် ဘူးလား"

"ပျော်တာပေါ့ကွ"

"ပျော်ရင် ပသာဒ မ ဖြစ်ဘူးလား၊ ကဲ ပသာဒလွှမ်းတဲ့စိတ်နဲ့ နေတဲ့အခါ အစ်ကိုကြီးဆီက ကတိတစ်ခု တောင်းမယ်နော်"

"နိဒါန်းတွေ သိပ်များ မနေနဲ့ကွာ"

ထိုအတွင် း နေလုံးကြီးသည် ငြိမ့်ငြိမ့်ကြီး ပေါ်ထွက်လာလေ၏ ။

"ကောင်းပြီ၊ ခု ဗမာအများ မှာ ဟောဒီ အပြင်ပန်းလုပြီး အတွင် းအဆိပ်အတောက်ပေါတဲ့ ယူနီဘာစီတီကြီးက သွင်းပေးလိုက် လို့ ကျွန်စိတ်တွေ သိပ်များ နေတယ်၊ အစ်ကိုကြီး ဒါတွေ ကို တတ်နိုင်သလောက် ဖျက်ရလိမ့်မယ်၊

ကျွန်စိတ်ပယ်ဖျောက်ရာမှာ အရေး ပါ အရာရောက်တဲ့ လက်နက်တစ်ခု ဖြစ်တဲ့ သမဂ္ဂအသင်းဥက္ကဋ္ဌ ရာထူးကို လက်ခံရမယ်၊ လက်ခံပြီး ရှုပ်ရှုပ်ချုံချုံ အများ အကျိုးကို ဆောင်ရွက်ရမယ် ကတိပေးပြီလား"

ပြုံး ၍ "ကဲ ကဲ ပေးပါပြီဗျား"

နေမင်းသည်လည်း ကိုယ်လုံးပေါ်ထွက်လာလေ၏ ။ ထိုအတွင် း တောင်ဘက်မှ ကျောင်းသူ သုံးယောက် လမ်းလျှောက်လာကြသည်ကို တွေ့ရလေ၏ ။ သူတို့သည် ခပ်သွက်သွက် လျှောက်လာ ကြလေ၏ ။

"ကောင်းတယ်၊ အစ်ကိုကြီးရဲ့ ကတိဟာ ကျွန်တော့် ပသာဒနဲ့ နူးနေတဲ့စိတ်မှာ မြဲသွားပြီ၊ ကိုကြီးနုရဲ့ ပသာဒနဲ့နူးနေတဲ့ စိတ်မှာ လည်း ကျွန်စိတ်ကို ဖျောက်မယ်ဆိုတဲ့စိတ်ဟာ မြဲနေပါစေ၊ ဥက္ကဋ္ဌ ဖြစ်ဖို့တော့ ကျွန်တော် တို့တာဝန်ထား၊ ကျွန်တော် တို့လက်ထဲမှာ ကျွန်တော် တို့ ပင်းယ ဟောလ်ရှိတယ်၊ ပုဂံရှိတယ်၊ သထုံရှိတယ်၊ အင်းဝရှိတယ်၊ အင်းလျားမှာ တစ်ဝက်လောက်ရှိမယ်၊ ယှဉ်အရွေးခံမယ့်လူ မရှိအောင်တောင် လုပ်ပစ်လိုက်မယ်၊ မနက်ဖြန်ကာ ကျွန်တော် တို့ ဟောလ်က အမှု ဆောင်အစည်းအဝေးက ကိုနုကို ဥက္ကဋ္ဌတင်မြှောက်ရန် တိုက်တွန်းကြောင်းကို ဆုံးဖြတ်ချက် ချမယ်၊ နောက် ပုဂံက ကိုလှဖေတို့က လုပ်ကြလိမ့်မယ်"

မိန်းကလေးများ ကား အနီးရောက်လာလေ၏ ။ သူတို့သည် ထဘီတိုတို ဝတ်ထားကြလေ၏ ။ သားရေကွင်းထိုးဖိနပ်ကို စီးလာကြလေ၏ ။ ကိုနုသည် ကြည့်လိုက်သော အခါ တစ်ယောက် မှာ ခင်ခင်ကြီး ဖြစ်နေသည်ကို တွေ့ရလေ၏ ။ ကိုနုက

"ဟော့ ဆရာစံသမီး ဘယ်က လာကြတာလဲ" ဟု ခင်ခင်ကြီးအား မေးလိုက်လေ၏ ။

"ဟာ ကိုကြီးနုတို့ပါလား၊ ကျွန်မတို့ လမ်းလျှောက်လာကြတယ်၊ ကိုကြီးတို့ကော စောစော စီးစီး ထိုင်ပြီး ဘာတွေ တိုင်ပင်နေကြသလဲ"

ညိုထွန်းသည် ဆရာစံသမီးဆိုသော အသံကို ကြားရသဖြင့် အံ့အားသင့်ရင်း

ခင်ခင်ကြီးကို ကြည့်လိုက်ရာ ခပ်ပုပု မိန်းမ တစ်ယောက် ဖြစ်သည်ကို တွေ့ရလေ၏ ။

"ခင်ခင် ဟောဒါက ငါ့မိတ်ဆွေ ကိုညိုထွန်း၊ မောင်ညိုထွန်း ဟောဒါက ငါ့မိတ်ဆွေ ဆရာစံ သမီး၊ ဟာ ယောင်လို့ လယ်ဝန်သမီး ခင်ခင်ကြီးတဲ့" ဟု ကိုနုက မိတ်ဆက်ပေးလေ၏ ။

"ဩော် ကျွန်တော် မြင်ဖူးပါတယ်၊ လူချင်းသာမသိကြသေးတာ" ဟု ပြောပြီး ညိုထွန်းသည် အခြား မိန်းကလေးနှစ် ယောက် ကို ကြည့်နေလေ၏ ။ ထိုအခါ ခင်ခင်ကြီးက

"ကိုကြီးနု၊ ကိုညိုထွန်း ဟောဒါက ဂျူနီယာဘီအေက မတင်လှ၊ ဟောဒါက ဆိမ်းကလာ့စ် က မထားမြင့်" ဟု မိတ်ဆက်ပေးပြန်လေ၏ ။

မတင်လှကား အသားဖြူဖြူ ခပ်ပိန်ပိန်ဆံပင် သျှောင်တွဲ ထုံးကလေးနှင့် ဖြစ်လေသည်။ မတင်လှ၏ မျက်ခုံးမှာ ဖြောင့်နေသဖြင့် ချောသင့်သလောက် မချောဘဲရှိနေလေသည်။ မထားမြင့် ကား အသားညိုညိုခပ်ပိန်ပိန်၊ အရပ်မှာ မနိမ့်လွန်း မမြင့်လွန်း ဖြစ်၍ မျက်လုံးပြူး ပြူး နှာတံပေါ်ပေါ် ရှိ၏ ။ အလှဆုံးမှာ နှုတ်ခမ်းကလေး ဖြစ်၏ ။ ရုပ်ကား လှသည် ချောသည်ဟု မဆိုနိုင်သော် လည်း ချိုပြုံး သော မျက်နှာကလေးကြောင့် ချစ်စရာကောင်းလေ၏ ။

ကိုနုက "မင်းတို့တတွေ ခင်ခင်ကြီး၊ မတင်လှ၊ မထားမြင့် အားလုံးလို လုံ့လတစ်စိုက် ကျန်းမာရေး လိုက်စားတာ အစ်ကိုကြီး တွေ့ရလို့ အင်မတန် ဝမ်းသာတယ်၊ တို့ဗမာတွေ ဟာ ကျန်းမာရေး ကို လုံးလုံးဂရုမစိုက်ကြဘူး၊ သူတို့အဖို့ မျက်နှာလှဖို့လောက်သာ အရေး အကြီးဆုံး ဖြစ်နေတယ်၊ စင်စစ်တော့ ကျန်းမာမှ တကယ်ရုပ်ချောတာ မသိကြဘူး၊ များသော အားဖြင့် ကွာ၊ မီးယပ်သယ်ကလေးတွေ လို ပိန်ညှော်ညှော်နေကြတယ်၊ ဘယ်တော့ (Charm) ချမ်းမ်ရှိတော့မလဲ" ဟု ပြောလေရာ။

"အို ကိုကြီးနုကလည်း ကျွန်မတို့ လျှောက်နေတာ ချမ်းမ်ရှိအောင် မှတ်လို့လား၊ ကျန်းမာ ချင်လို့လျှောက်တာ" ဟု ခင်ခင်ကြီးက နှုတ်ခမ်းစူကြီးဖြင့် ပြောလေ၏ ။

"သာခုပါဗျာ၊ ငါပြောတာက ဥပမာပြောတာပါ၊ ကျန်းမာချင်လို့

လျှောက်တယ်ဆိုတာက မူလရည်ရွယ်ချက် မြတ်တဲ့ ရည်ရွယ်ချက်၊ သို့ ပေမယ့် လှအောင်လို့ လျှောက်ချင်တဲ့ မိန်းမများ လည်း အကျိုးရှိနိုင်တဲ့အကြောင်း ပြောတာပါ၊ ကဲ ရှေ့ဆက်ကြမလား ပြန်ကြမလား"

ပြန်မယ်လေ သွားကြစို့" ဟု ခင်ခင်ကြီးသည် ကိုနုနှင့် ယှဉ်၍ လျှောက်လာလေ၏ ။ မတင်လှလည်း ကိုနု ညာဘက်မှ လိုက်သွားလေ၏ ။ ထားမြင့်သည် နောက်က ကျန်ရစ်ခဲ့လေရာ ညိုထွန်းသည် ထားမြင့်အနီးသို့ ကပ်သွားလေ၏ ။

"မထားမြင့်က ခု ဘာ ဘာသာတွေ ယူသင်နေသလဲ" ဟု ညိုထွန်းက စကားစလျှင် ထားမြင့်သည် အေးအေးပင်

"အင်္ဂလိပ်စာ ဗမာစာ အရှေ့နိုင်ငံများ ရာဇဝင်ပဲ၊ ရှင်ကော ခု ဘယ်အတန်းမှာ လဲ" ဟု ဖြေ၍ ပြန်မေးလေ၏ ။

သို့ဖြင့် လမ်းလျှောက်လာခဲ့ကြလေ၏ ။

"မထားမြင့်က ဘယ်မြို့ကလဲ"

"ပုသိမ်မြို့ကပဲ"

"ဘယ်ကျောင်းထွက်လဲ"

"နေရှင်နယ်"

"ဒါဖြင့် ဘုန်းကြီးကျောင်းထွက်ပေါ့" ဟု ညိုထွန်းက ရယ်၍ ပြောလိုက်ရာ ထားမြင့်သည် လည်း ပြုံး နေလေ၏ ။

"ခုတော့ ကျောင်းသစ်ဆောက်နေပါပြီ၊ ဘုန်းကြီးကျောင်းက နေရှင်နယ်ကျောင်းကြီး ပြောင်းရတော့မှာ ပဲ" ဟု ထားမြင့်က ချေလိုက်လေ၏ ။ ကိုနုကား ခင်ခင်ကြီးနှင့် မတင်လှကို ကျန်းမာရေး အကြောင်း တရားဟောသွားလေ၏ ။

"အမျိုးသားကျောင်းထွက်ဆိုတော့ အမျိုးသားစိတ်ရှိတယ်လို့ မျှော်လင့်ရမှာ ပေါ့နော်" ဟု ညိုထွန်းက ထားမြင့်အားပြောရာ

"ဒါတော့ ရှမ်းနှင့် ဆင် လယ်ပြင်ကြမှ သိရမှာ ပေါ့လေ" ဟု ထားမြင့်က ပြုံး ပြုံး ကလေးနှင့် ဖြေလိုက်လေ၏ ။ ညိုထွန်းလည်း အတော် သဘောကျသွားလေ၏ ။

နေမင်းသည် ဝင်းထိန်သော ရောင် ခြည်များ ကို လွှတ်လေပြီ။ နေရောင် ခြည်သည် အင်းလျားကန် အနောက်ဘက်ကမ်း မြက်ခင်းများ ပေါ်တွင် သက်ရောက်လျက် အရှေ့ဘက်ကမ်း သစ်ပင်များ ပေါ်တွင် ကား အဖျားများ တွင် နားလျက်ရှိလေ၏ ။

*

(၁၂)

"စုံသာမြိုင်လယ်၊ လွမ်းဖွယ်တစ်ခန်း၊ ယဉ်ပုံဝေ၊ ထွေဆန်းလှလေ၊ ရော်မြန်းရွက်ကျင်၊ ညိုလွင် တည့်မောင်းပြေပြေ၊ သာသာလေညှင်းဆော်လို့၊ မြူး လာ ယှက်သန်း၊ ကျုံကျုံ ရွှေငုံ၊ ပန်းမှု န် နံ့ကြိုင် လန်းလန်း၊ ဖလ်နန်းစကြာလဲ့မှိန်၊ တိမ်ကတင့်ရဲ၊ ဆင်လို့အနဲနဲ၊ ကွဲကြွေဆွေးလုလုဖွယ်၊ တစ်ပင်ပျိုလှယ် မြေယံဝယ်၊ ရွှေရင်ပေါင်လယ်၊ ဖိုမမောင်မယ်၊ ကျူး တယ် ခေါ်သံသာနှဲ့လေ"

စသဖြင့် မောင်သန်းမြင့်သည် သီဆိုပြီး သီချင်းကို မဆက်သေးဘဲ ရပ်နေလေ၏ ။ စောင်းကောက်ကြီးကို စားပွဲပေါ်သို့ တင်လိုက်ပြီး ကုတင်ပေါ်မှ ထလာကာ၊ ပြူတင်းပေါက်မှ မျှော်ကြည့်လိုက်လေ၏ ။ ကျောင်းဆောင်များ ပတ်ဝန်းကျင်တွင် အမှော င် မင်းမူနေလေ၏ ။ အဆောင်ဝများ ဆီသို့ မျှော်ကြည့်လိုက်သော အခါ များ စွာ သော အခန်းတို့သည် မီးပိတ်လျက်ထား သည်ကို တွေ့ရလေ၏ ။ စာဖတ်ခန်းများ လေ့ခါးများ မှ မီးရောင် နှင့် အချ့ ့အခန်းများ မှ မီးရောင် တို့ သည် အဆောင်ပြင်ဘက်သို့ ထိုးထွက်ကာ မှော င်ထုကြီးကို ဖောက်ထွင်းရန် ကြိုး စားနေကြလေ၏ ။ အင်းဝကျောင်းဆောင် အခန်းတစ်ခန်းရှေ့၌ မောင်သန်းမြင့်သည် လှန်းထားသော လုံချည်နှင့် ပက်လက်ကုလားထိုင် တစ်ခုကို မြင်ရလေ၏

။

မောင်သန်းမြင့်သည် မှော ်ငတွင် းသို့ ကြည့်ပြန်လေ၏ ။ အမှော ်ငမှာ ကြည့်ချင်စဖွယ် မကောင်းလှသော ကြောင့် ကောင်းကင်ပြင်ကို မော့ကြည့်ပြန်၏ ။ ကောင်းကင်ပြင်ကား ကြယ် တာရာတို့ ကင်းမဲ့လျက်ရှိလေ၏ ။ မောင်သန်းမြင့်သည် စိတ်ညစ်၍ မိမိဆိုနေသော ဉာဉ်သီချင်းသည် ဉာဉ်အချိန် မိမိ၌ ဖြစ်နေသော စိတ်နှင့် ဆီလျော်ပါ၏ လောဟု တွေ းတောမိလေ၏ ။ ယနေ့ညတွင် သူ ဘယ်သို့ ကြည့်ကြည့် အမှော ်ငကို မြင်ရသကဲ့သလို့ သော ်ငးရီတို့အတန်းကို ပြခဲ့ရသော နေ့မှ ယနေ့တိုင် ဘယ်အရပ်ကိုပင် မျက်နှာမူမူ ထို လှပသော မျက်နှာ၊ ထို ဒေါင်းအမြီးဖြန့်သလို ကျက်သရေရှိသော ဆံတောက်၊ ထို နှင်းဆီရောင် စိုနေသော ပါးအိုဲ့ကလေးများ ကို မြင်ယောင်နေ လေ၏ ။ သော ်ငးရီ၏ "ဒက်ခနဲ ဒက်ခနဲ" ဆင်ခြေကလေးများ ထိုးသံကိုလည်း ကြားယောင်နေ၍ ငှက်ပျောသီးပေးသည့်ဘုန်းကြီး စာတတ်ဆိုသကဲ့သို့ လှပသည့်မျက်နှာကလေးဖြင့် ဆရာအား နှစ် သိမ့်စေလိုက်သော သော ်ငးရီ၏ ဆင်ခြေကလေးများ မှာ မှာ းသည် မှန်သည် အပထား၍ ယုတ္တိ ယုတ္တာရှိသော ဆင်ခြေတွေ ဟု လက်ခံစပြုလာလေ၏ ။

ကြာသပတေးနေ့ မြန်မြန်ရောက်ပါစေဟု မောင်သန်းမြင့် ဆုတောင်းမိလေ၏ ။ အချိန်သည် စက္ကူပေါ်မှ ပြက္ခဒိန် ဖြစ်က ကြားမှရက်တွေ ကို ဆုတ်ပစ်နိုင်မည် ဖြစ်သော ကြောင့် အကောင်းကြီး ကောင်းလေစွဟု သူ တမိလေ၏ ။ ကြာသပတေးနေ့တွင် တစ်ခါ တပည့်မကလေးများ နှင့် တွေ ့ရဦး မည် ။ သော ်ငးရီကလေး၏ "ဒက်ခနဲ ဒက်ခနဲ" တက်သော ဆင်ခြေကလေးကို ကြားရဦးမည် ၊ သူ့မြန်မာစာ ဟင်းလေးအိုးကြီးကို ဖွင့်လှစ်ပြရဦးမည် ။ တနင်္လွေတစ်ပတ်မှ တစ်ခါ၊ နည်းပြဆရာ အတန်း (ကျူတိုရီရယ်ကလာ့စ်) ရှိသည်မှာ နည်းလွန်းသည်ဟု သူ ထင်ပြန်သည်။ ခက်လိုက်သည် မှာ ယနေ့မှ စနေနေ့သာ ရှိသေးသည်။

သူသည် ချစ်စရာမရှိသော ပတ်ဝန်းကျင်ကိုကြည့်၍ တွေ းနေရသည်ကို များ စွာ စိတ်ပျက် လာ၍ ကုတင်ပေါ်တွင် ပြန်ထိုင်ပြီး စောင်းကိုပိုက်ပြန်လေ၏ ။

"စောင်းတော် ကို ပိုက်ပါလို့၊ လွမ်းခိုက်ကိုမျှော်၊ ခွန်းတိုက်ခေါ်ပါတဲ့၊ တစ်တီတူး ဖြစ်ပြီဘူး ဆိုထင့်၊ ဟိုကမြည် ၊ စိုရပြန်ပြီ၊ ရွှေမျက်ရည်လဲ့မှာ လေး၊ သွေးကဲ့သို့ နီ၊

ပြင်သစ်ဆက်ပါတဲ့၊ စက်ကတီ၊ မစက်ပြီဘာ၊ မိုတ်တမေ့၊ စိတ်မအေးနိုင်ဘ အသက်ကယ် ကနက်ဗွေလယ်၊ ကေသွယ် ရော့ရည်းငယ်လေး ထီးနေညွှန့်နွယ်"

ဟု ဆိုလျက် တီးလိုက်သည်နှင့် လွှမ်းကွက်ဖော်ပြီးနောက် သူ့အခန်းနံရံတွင် ချိတ်ထား သော စာရေး ဆရာ သိပ္ပံမောင်ဝတို့ ဇနီးမောင်နှံ၏ ဓာတ်ပုံကို မြင်လေ၏ ။ "ကိုဝရာ ခင်ဗျားမှာ တော့ ဇနီးချောကလေးနှင့် သိပ်ပြီးနိပ်နေတာပဲ၊ နေနှင့် ဦးဗျာ၊ ကျုပ်လည်း ခင်ဗျားလို ဖြစ်ရမပေါ့" ဟု ကြုံး ဝါးမိလေ၏ ။ "ငါက လွှမ်းကြည့်မျှော်၊ ဆုံရကောင်းရဲ့ လေး၊ အောက်မေ့မိနော် ဆိုတဲ့ သီချင်း တွေ များ ဆိုလို့ ဘယ်နည်းနှင့် မှ ဆုံမှာ မဟုတ်ဘူး၊ သူက ငါချစ်နေတာကို မသိဘူး၊ သိမှာ မဟုတ်ပါ ဘူး၊ သည်ဘောလယ်နှင့် ငါ့အ ဖြစ်နဲ့ တခြားစီ" ဟု တွေ းမိပြန်ပြီး အားပျော့ကာ အရုပ်ကြိုး ပြတ်လို ခွေသွားပြန်လေ၏ ။

နောက် စုံသာမြိုင်လယ်ကို ဆက်ဆို၍ တီးပြန်လေ၏ ။

"မဟာလေကား၊ ဆက်သွားမဋ္ဌူ ပြင်းဖြူတီအနန်း ပုံအယဉ်များ လှ နှင်းပန်းလောင်းပန်း၊ နံ့ကြွယ်ပြန်လယ်၊ ရဂုံပျော်ဘွယ်၊ ဖော်မယ်ဝေးလို့ တံ့နိုင်ဖန်ရေး ၊ သဲကြွေလုပြန်အောင်၊ မိုးဟန်ဖွဲ့မှာ ပြုမယ့် ခုဟန်ဆောင်တယ်ကိုလေး၊ လွှမ်းအောင် သွယ်လျားဖြေတော် အား၊ တံ့ရန်ပျော်ပါ မြင်လာ သားစေပင်" ဟု အဆုံးသတ်ပြီး စောင်းကြိုးကိုကား မရပ်သေးဘဲ၊ အကွက်ကို ပြန်ကျော့နေပြန်လေ ၏ ။ ထိုအခိုက် လမ်းဘက်ဆီမှ ကျယ်လောင်သော အသံဖြင့် ဆူညံစွာ အောက်လိုက်သော သီချင်းသံကို ကြားရလေသည်။

"မာန်တင်ကာ အလှဂုဏ်ကိုးသူရဲ့ ၊ အံ့ချင်စရာ ငါ့ပုံက ဆိုးပေမဲ့ ဘုံကြိုး ပြတ်တဲ့ နတ်မိမယ် တောင်၊ ဓာတ်သိလျှင်ဖြင့် မပယ်လေဘူး၊ ကျုပ်လူထူး၊ ဟူး ဟူး"

"အင်း အံ့ချင်စရာ ရုပ်ဆိုးရုံဖြင့် တော် သေးတာပေါ့၊ ကိုယ်တော် ကလေးရယ်၊ နူရွဲ့သွား အောင်သာ မဆိုးပါစေနဲ့တော့"

"ဟုတ်တယ်ဟေ့၊ နူသွားအောင် ဆိုးမှာ တော့ ကြောက်စရာပဲ၊ နူသွားရင် ၁၇ လမ်းထဲ လျှောက်သွားတောင် ခေါ်မယ့်လူ ပေါ်မှာ မဟုတ်ပါဘူး" ဟူသော လေပြည်သံများ

သည့် အပေါက်ဝ ၌ ရပ်သွားလေ၏ ။ နောက် ခုံဖိနပ်သံ ပန့်ပရှူး သံများ သည် ပေါ်လာလေ၏ ။

"ကြက်ညီနောင်၊ ရေဝယ်မြောပါလို့၊ မြကြောမင်းဝံ ရွှေတောင်၊ လဲတော့ မရှောင်၊ အာကာ ပေါင် ကြယ်ပြောင်ကွဲ့၊ မြေလူး၊ ပြည်ဇေယျာ လေလာရင် မြေပါရွှေ့စေတော့၊ မရေ အင်းလျားသူတို့ ရေ၊ သုံးဘဝကူး၊ အင်း ရွှေကြက်ယက်၊ ငွေကြက်ယက်၊ ဘုရားနှစ် ဆူသည့်ပင် ဧရာဝတီမြစ်ရေဝယ်၊ မြောစေတော့တဲ့။ မင်းဝံရွှေတောင်ကြီးပင်လျှင် တုံးခနဲ လဲစေတော့တဲ့"

"ဟုတ်ကဲ့ လဲစေတော့တဲ့။ လဲပြီးတော့ ဘာ ဖြစ်သလဲ"

"မပြောတတ်တော့ဘူးဗျာ၊ ဦးပုညမို့ ဒီလို ဘုရားတွေ တောင်တွေ အကြောင်းပြု ပြီး ရေး နေ တာ ကိုယ်သာရေး ရရင် ဗဟိုရ် ထမင်းစားရုံကြီးသည် ဤနေရာမှ ပျောက်ပြီး အင်းလျားဆောင်ကြီး သည် ကျုပ်တို့ကျောင်းဆောင်တွေ ရဲ့ အလယ်မှာ ရောက်လာစေတော့၊ မန်းကျည်းသီးမှည့်နှင့် သံပရာသီးကိုနယ်သော် ချောကလက်ပင် ဖြစ်သွားစေတော့ ဘာညာနှင့် ရေး မှာ ပေါ့" ဟု သော လာ ကြသော အသံ တဟားဟား ရယ်သံတို့သည် များ သည့်ထက် များ လာလေ၏ ။

ကိုးနာရီ မိနစ်နှစ် ဆယ် ရှိပြီ ဖြစ်ရာ ပထမ ကလိုင်လှုပ်လေ၏ ။ တစ်ကျောင်းတိုက်လုံး ဆူညံ သွားလေ၏ ။ အနီးအနားပတ်ဝန်းကျင်၌ ထိုင်နေကြသော လူစုသည် ကျောင်းဘက်သို့ ပြန်ကြလေ ၏ ။ ကိုးနာရီခွဲတွင် တစ်ကြိမ် ကလိုင်လှုပ်ပြန်လေ၏ ။ တံခါးကြီးသည်လည်း ပိတ်သွားလေတော့၏ ။

အခန်းတိုင်းလိုလိုတွင် မီးထွန်းလိုက်ကြပြီ ဖြစ်၍ အလင်းရောင် တို့သည် တံခါးပေါက်များ မှ အစင်းလိုက် အလျားလိုက် အပြင်သို့ တိုးထွက်နေကြလေသည်။

*